ဘဝအတွေ့အကြုံများ ၏



# မနောမြေနှင့် အနီးတစ်ဝိုက်

ဒဂုန်တာရာ
နတ်နွယ်
ကြည်အောင်
ညို့ထွန်းလူ
ညီပုလေး
မောင်ရင့်မာ(ကျောင်းကုန်း)
ကျော်ရင်မြင့်
နေဝင်းမြင့်
ခင်ခင်ထူး
စံပယ်ဖြူနု
တော်တီဆွေ

ကြ ည် လ င် ရေ အေး စီ စ ဉ် သ ည် ။



မနောမြေနှင့် အနီးတစ်ဝိုက်၊ ဒဂုန်တာရာနှင့်အခြား
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - တော်တီဆွေ
စာမျက်နှာ ၁၃၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၂၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# မာတိကာ

## မနောမြေနှင့်အနီးတစ်ဝိုက်


| | | | |
|---|---|---|---|
| ၁။ | နှင်းခဲပျော်ကျ မလိခ | ဒဂုန်တာရာ | ၃ |
| ၂။ | ဇာတိမြေကို ရှာဖွေခြင်း | နတ်နွယ် | ၂၂ |
| ၃။ | မြစ်ဆုံ | နေဝင်းမြင့် | ၃၆ |
| ၄။ | မြန်မာ့ရတနာအမွေအနှစ် မြစ်ဆုံ | ကျော်ရင်မြင့် | ၄၄ |
| ၅။ | ပျားရည်လိမ်းသော သစ်ရွက်တစ်ရွက် | မောင်ရင့်မာ (ကျောင်းကုန်း) | ၄၉ |
| ၆။ | ဆိုင်းတောင်ည | ညိုထွန်းလူ | ၅၇ |
| ၇။ | ဟူးကောင်းည သက်ငြိမ်ရေဆေး | ညီပုလေး | ၇၇ |
| ၈။ | သန္တာပုတီး | ခင်ခင်ထူး | ၁၀၁ |
| ၉။ | မြောက်ဖျားက ဆောင်းရာသီ | စံပယ်ဖြူနု | ၁၂၀ |
| ၁၀။ | ပန်းချီခံစားမှု | တော်တီဆွေ | ၁၃၂ |
| ၁၁။ | တံငါရွာက ပန်းလှေ | ကြည်အောင် | ၁၃၄ |
| ၁၂။ | လွမ်းမိုးဆင် | ကြည်အောင် | ၁၃၆ |


■

# မနောမြေနှင့် အနီးတစ်ဝိုက်

မြန်မာပြည်ကို ဇီဝမျိုးစုံ မျိုးကွဲ ကြွယ်ဝသော ရေမြေအဖြစ် တင်စား သုံးနှုန်းလာကြသည်မှာ ဒေသတွင်းရော၊ ကမ္ဘာ အနှံ့ပါ ဖြစ်ပါသည်။

ရေချိုမြစ်များ၊ ရေငန်ကမ်းစပ်-ကမ်းခြေများသာမက ရေခဲတောင်များပါ ပိုင်ဆိုင်ခြင်းက မြန်မာ့ရေမြေသဘာဝ ဂုဏ်ကို အားကောင်းစေခြင်းဖြစ်ပါသည်။ ရေခဲတောင်များ သည် မြစ်များ၊ ချောင်းများ၏အစ ဖြစ်ရုံမက အရာရာ၏အစ လည်း ဖြစ်ပါသည်။

မနောမြေမှာ သာယာလှပခမ်းနားသော ရေခဲတောင် များ တည်ရှိပါသည်။ ထို့အပြင် မနောမြေတွင် သဘာဝ ရတနာ သက်ရှိသက်မဲ့များစွာလည်း ကြွယ်ဝပါသည်။ မြန်မာ့ မြေ၏ တန်ဖိုးများစွာလည်း မနောမြေတွင် အစပြုလျက် ရှိပါသည်။

မနောမြေအကြောင်းစာ-ကဗျာများစုစည်းခြင်းတွင်

ယခုတင်ဆက်မှုမှာ မနောမြေ၏ ဂုဏ်-သွင်ပြင် လက္ခဏာကို အစပျိုးမိတ်ဆက်မှု ပြုရုံလောက်သာ ဖြစ်ကောင်းလည်း ဖြစ်နေပါလိမ့်မည်။ မနောမြေ၏ အထင်ကရ၊ အဓိကရ တန်ဖိုးများကို မိတ်ဆက်နိုင်သည်ဟုတော့ ယုံကြည်စွာဖြင့် ဤစာစုကို တင်ဆက်ပါသည်။ ။

# နှင်းခဲပျော်ကျ မလိခ

▶ ဒဂုန်တာရာ

## (၁)

မြစ်ကြီးနားမြစ်ရေအလျဉ်ကား တသွင်သွင်စီးဆင်းလျက် ရှိနေပေသည်။ ဇန်နဝါရီလဖြစ်၍ နှင်းရိပ်သန်းလျက်ရှိသည်။ မြစ်ရေပြင်မှာ ငြိမ်သက်လျက် ရေခဲပြင်ကြီးနှင့် တူနေသည်။

ကျွန်တော်မှာ ဤမျှအေးနေသော ရာသီ၌ မြစ်ကြီးနားရေကို ချိုးကြည့်မည်ဟု ဆိုကာ ရေထဲဆင်းလိုက်သည်။ ရေခဲရေကဲ့သို့ အေးမြနေသော ရေပေတကား။ ဆင်းပြီး ကမန်းကတန်း ပြန်တက်ရတော့သည်။

ကျွန်တော်သည် ကမ်းနဖူးပေါ်၌ရပ်ကာ မြစ်ပြင်ကို ငေးကြည့်နေမိသည်။ ကမ်းတစ်ဖက် သစ်ပင်တောရိပ်အထက်၌ ညို့မှိုင်းပြာဝေနေသော တောင်တန်းကြီးများကို မြင်ရသည်။ အဝေး၌ တည်ရှိနေသော တောင်တန်းကြီးများမှာ အဖြူ၊ အပြာအဖြစ်သာ ပေါ်နေတော့သည်။ မြူနှင်းတို့ဖြင့် ရစ်ဝေနေသော အပြာထက်၌ ရေခဲများသည် ဖြူဆွတ်လွှနေကြပေသည်။ နံနက်ခင်း နေရောင်၌ကား ရေခဲတောင်များသည် တဖိတ်ဖိတ် လက်နေကြသည်။ မြစ်ပြင်ကြီးကား ငြိမ်သက်နေသဖြင့် မှန်သား

ထနေပေသည်။ မြစ်ကြီးနားမြစ်ဟု မြို့အမည်ကိုစွဲ၍ တင်စား ခေါ်ရသော်လည်း အမှန်ကား ဧရာဝတီမြစ်ကြီးပင်ဖြစ်သည်။ ဧရာဝတီမြစ်သည်ပင်လျှင် အဝေး၌မြင်နေရသော ရေခဲတောင်တန်းကြီးနောက်ရှိ မေခ၊ မလိခ မြစ်နှစ်သွယ် ပေါင်းဆုံတွေ့ရာမှ စီးဆင်းလာခြင်းဖြစ်ပေသည်။ မွန်ဂိုလီးယား၊ တိဘက်ကုန်းမြေမြင့်ပေါ်မှ တောင်ဘက်သို့ အပြိုင်းပြိုင်းဖြာကျလာကုန်သော တောင်တန်းကြီးများ မြောင်တန်းနေသည်နှင့် အပြိုင်ပင်။ မြစ်များလည်း ပင်လယ်အတွင်းသို့ စီးသန်းကြကုန်သည်။ မြစ်ဝှမ်းများတစ်လျှောက် အမျိုးသားယဉ်ကျေးမှုများ ပေါ်ထွန်းကြသည်။ အရှေ့ဘက်၌ မဲခေါင်မြစ်တစ်လျှောက် ခမာယဉ်ကျေးမှုကြီး ထွန်းကားခဲ့သည်။ သံလွင်မြစ်တစ်လျှောက်မှ ထိုင်းယဉ်ကျေးမှု စီးဆင်းလာသည်။ အနောက်ဘက်၌ကား ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက် ဟိန္ဒူယဉ်ကျေးမှု ထွန်းကားခဲ့သည်။ ဧရာဝတီမြစ်တစ်လျှောက် ချင်း၊ ကချင်၊ ရှမ်း စသော လူမျိုးစု ယဉ်ကျေးမှုများ ယှက်ဖြာကျလာကြသည်။ ဧရာဝတီမြစ်သည်ကား မြန်မာဟူ၍ နောင်အခါ စုပေါင်းအင်အား ဖြစ်လာသော ယဉ်ကျေးမှုဆက်နွှယ်ရာ မြစ်ဝှမ်းကြီး ဖြစ်လာတော့သည်။

ကျွန်တော် ယခု ရေးရေးမျှ အဝေးတွင် မြင်ရသော ရေခဲတောင်တန်းကြီးမှ စီးဆင်းလာသော ဧရာဝတီမြစ်ရေအလျဉ်သည် တစိုက်စိုက်စီးဆင်းပေရာ အောက်အကြေ ရာမညတိုင်း မွန်တို့ဒေသ မြစ်ဝကျွန်းပေါ်ဘက်သို့ မြစ်မြွာများဖြင့် ခွေဝိုက်ယှက်သန်းကာ ဖြာလွှန့်၍ သွားပေသည်။ ကျွန်တော်တို့ မွေးဖွားရာ ဧရာဝတီမြစ်ဝကျွန်းပေါ်ကား မွန်တို့၏ ရပ်မြေဖြစ်ပေသည်။ ကျွန်တော်တို့ဆီမှ မြို့ရွာအမည်များမှာ မွန်စကားလုံးများသာ ဖြစ်ကြပေသည်။ 'ကျိုက်လတ်' ဟူသော ကျွန်တော်တို့၏ မြို့၏ အမည်မှာ 'ဘုရားပြို' ဟု အဓိပ္ပာယ်ရသည်။

အဝေးမှ အိုးစည်သံ၊ မောင်းသံ၊ လင်းကွင်းသံများ သဲ့သဲ့ထွက်ပေါ်

လာသည်။ မနောကွင်းမှ ပျံ့လွင့်လာသော အသံဗလံများပေ။ မနော ဂီတသံများမှာ ကျွန်တော်၏ နားထဲ၌ ဆန်းသစ်နေပေသည်။

ကျွန်တော်သည် ပထမဆုံးအကြိမ် ကချင်ပြည်သို့ ရောက်ဖူးခြင်း ဖြစ်သည်။ ဝန်ကြီးချုပ် သခင်နုက ရန်ကုန်နှင့် မန္တလေးမှ စာရေးဆရာ၊ သတင်းစာဆရာများအား မနောပွဲတော်တက်ရန် ဖိတ်ရာတွင် ကျွန်တော် ပါလာသည်။ ကျွန်တော်မှာ စာရေးဆရာအသင်း ကိုယ်စားလှယ်အဖြစ် လိုက်ပါရခြင်းဖြစ်သည်။

မနောရင်ပြင်မှ ဗုံသံနှင့် မောင်းသံကြားလာရပြန်သည်။ ကျွန်တော် ကား ရင်ခုန်လျက်။

လွန်ခဲ့သော လေးရက်ခန့်က တတိယမြောက် လွတ်လပ်ရေးပွဲနေ့ ကပင်လျှင် သမ္မတအိမ်တော် ဧည့်ခံပွဲ၌ ကရင်ဒုံးယိမ်းအက ဖားစည် ဂီတသံကို ကြားခဲ့ရသေးသည်။ ဖားစည်သံကို ကြားနေရင်း လွန်ခဲ့သော ၁၀ နှစ်ခန့်က ရောက်ခဲ့ဖူးသော ရှမ်းပြည်မှ ရှမ်းအိုးစည်သံကို ကြား ယောင်လာမိခဲ့သည်။ ကျွန်တော့်စိတ်ထဲ၌ တိုင်းရင်းသားလူမျိုးများ စုပေါင်းထားအပ်သော ပြည်ထောင်စုဝေဒနာသည် တိုးဝင်လှုပ်ရှားလာခဲ့ ရသည်။ လူမျိုးစုဂီတသံတို့သည် ရင်ကိုလည်း ရိုက်ခတ်ကာ ခုန်စေတော့ သည်။ လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သဘောတရားအရ ပြည်နယ် များ တည်ထောင်ထားခြင်းကို နားလည်ခံစားလာမိသည်။

ထိုလွတ်လပ်ရေးညက ကောင်းကင်၌ စိန်ကြယ်၊ မြကြယ်များ လက်နေကြ၏။ ပြာမှိုင်းနက်မှောင်သော ကောင်းကင်ပြင်ကြီး၌ ကြယ် တို့သည် မြရောင်၊ စိန်ရောင်၊ နီလာရောင်များ လက်နေကြ၏။ ကြယ် တို့သည် အမြင်အားဖြင့် ထောင့်ချွန်းများမှ အရောင်များ တဖျပ်ဖျပ် ဖြာကျ ဖိတ်လက်နေကြသော်လည်း သူ့အရောင်နှင့်သူ ပြိုးပြက်နေကြ ခြင်းဖြစ်သည်။ သူ့အလှနှင့်သူ။

ကျွန်တော်တို့၏ ပြည်ထောင်စုအလံမှ ကြယ်များသည်လည်း ထို့အတူ သူ့အရောင်နှင့်သူ၊ သူ့အလှနှင့်သူ၊ သူ့ကိုယ်ပိုင်ဟန်နှင့်သူ လက်နေကြခြင်းဖြစ်သည်။

မနောကွင်းမှ မောင်းသံ၊ ဗုံသံများ လေကြောတွင် မျောပါလာပြန်သည်။ မြစ်ကြီးနားမြစ်ကိုဖြတ်ကာ အဝေးဆီရှိ ရေခဲတောင်များသို့ လွင့်ပါးနေသလော။

ကချင်အိုးစည်သံ ထွက်ပေါ်လာပြန်သည်။ ရေခဲတောင်ကြီးများတန်းနေရာဘက်၌ မေခ၊ မလိခမြစ်များ ရှိပေမည်။ နှင်းခဲများ ပျော်ကျပြီး ဧရာဝတီသို့ စီးဆင်းသွားကြပေသည်။ တစ်နေ့ညက ကြားခဲ့ရသော ဖားစည်သံသည် အိုးစည်သံနှင့်ရောကာ သဲ့သဲ့ဝင်လာသည်။ ရေခဲတောင်မှ အရောင်များ တဖိတ်ဖိတ်လက်နေကြ၏။ စိန်ကြယ်၊ မြကြယ်များသည် ရေခဲတောင်ကို ဖြတ်သန်းကာ လက်နေကြ၏။

## (၂)

စိန်ကြယ် မြကြယ်များ လက်နေကြသည်။

ကျွန်တော်သည် ကရင်အမျိုးသား ဒုံးအကတွင် ယစ်မူးကြည်မောနေမိသည်။

အမှန်အားဖြင့် ကျွန်တော်တို့နေသော မြစ်ဝကျွန်းပေါ်ဒေသမှာ ကရင်အမျိုးသားများနှင့် ရောနှောနေသော ဒေသဖြစ်ပေသည်။ ကျွန်တော်တို့ရွာပတ်ဝန်းကျင်၌ ကရင်အမျိုးသားများ ရှိကြသည်။ ကျွန်တော်တို့ရွာထဲ၌လည်း ရှိသည်။ 'အသံဝဲခြင်း' လောက်သာ သတိထားပြီး ကျန်သော သူတို့၏ ယဉ်ကျေးမှုများကို အမှတ်မထားမိခဲ့ပေ။ အသံဝဲသည်ဟူသော ဝေါဟာရမှာ ကျွန်တော်တို့ ကြားနေကျနှင့် မတူသော အသံကိုဖော်ပြခြင်းဖြစ်သည်။ နှိုင်းယှဉ်၍ ဖော်ပြသော အဓိပ္ပာယ်ဖြစ်သည်။ ဂီတ

၌ စန္ဒရားခလုတ်အဖြူများ တီးနေသူက ခလုတ်အနက်ကို ဝဲသည်ဟု ဆိုတတ်ကြသည်။ ခလုတ်အနက်ချည်း တီးနေသူက ခလုတ်အဖြူကို ဝဲသည်ဟု ဆိုနိုင်ပြန်သည်။ အဖြူရော အနက်ရော တီးသူအဖို့ ဝဲသည် ဟူသည် မရှိတော့ပေ။ အားလုံး ဂီတသံချည်း ဖြစ်ကြပေသည်။ ယင်း သို့ အသံဝဲသည်ဟူသော ခံစားချက်မှာ နှိုင်းယှဉ်၍ သိနေသော ခံစား ချက်မျှသာ ဖြစ်ပေသည်။ အသံမပီဟု ဖော်ပြခြင်းသည်လည်း ယင်း သဘောပင်ဖြစ်သည်။ အင်္ဂလိပ်စကားကို မြန်မာအသံထွက်သောအခါ အင်္ဂလိပ်က မြန်မာကို မပီဟုဆိုပေမည်။ မြန်မာကလည်း ထိုနည်းအတူ ပင်ဖြစ်သည်။ အင်္ဂလိပ်က မြန်မာစကား အသံထွက်လျှင် မပီဟုဆိုပေ သည်။ အင်္ဂလိပ်စကား၌ရှိသော အသံသည် မြန်မာ၌မရှိပေ။ မြန်မာ၌ ရှိသော အသံသည် အင်္ဂလိပ်၌မရှိပေ။ ယင်းမှာ လူမျိုးအလိုက် ခန္ဓာ ဗေဒ လျှာအနေအထား ကွဲပြားသဖြင့် ခြားနားနေခြင်းဖြစ်၏။ မြန်မာ နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အချင်းချင်းလည်း ယင်းသို့ပင် စကား ခြားနားသည့်အလျောက် အသံထွက် ခြားနားပေသည်။ မြန်မာနှင့် မွန်၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား စသော လူမျိုးစုများနှင့် အသံထွက် စကားသံခြားနားကြခြင်းမှာ သဘာဝကျပေသည်။ မူလကမူ မွန်ဂိုလီးယား၊ တိဘက်ကုန်းမြင့်ရှိ တောင်တန်းများမှ စီးဆင်းလာသော ယန်စီမြစ်ဝှမ်းမှ စတင်ပေမည်။ ယခုခေတ် နှစ်ပေါင်းထောင်ကျော်ကာလ အတွင်းဝယ် တစ်စတစ်စ ရွေ့ကြည်ရာ မြက်နုရာ၊ မဲခေါင်၊ သံလွင်၊ မလိခ၊ မေခ၊ ဧရာဝတီ၊ ချင်းတွင်း၊ ဒုဋ္ဌဝတီ စသော မြစ်ဝှမ်းများသို့ ဆင်းသက်လာကြရင်း လူမျိုးစုများအဖြစ် အသီးသီး မိမိတို့အမျိုးသား ယဉ်ကျေးမှုများဖြင့် ဖွံ့စည်းမိလာကြခြင်းဖြစ်ပေသည်။ ကရင်၌ရှိသော အသံ မြန်မာ၌ မရှိချေ။ ထို့ကြောင့် ကရင်လိုပီအောင် မြန်မာကထွက်၍ ရမည်မဟုတ်ပေ။ မွန်၌ရှိသောအသံများ မြန်မာက ထွက်မရပေ။ အသံ

ထွက်မရလျှင် စာလုံးဖြင့်လည်း ရေး၍ရမည် မဟုတ်ပေ။ ယင်းတို့ လူမျိုးစုများနှင့် ခြားနားကြခြင်းမှာ သဘာဝကျပေသည်။ ထို့ကြောင့်ပင် လူမျိုးအသီးသီး၌ ဘာသာစကားများ၊ အက္ခရာများ ကွဲပြားခြားနားစွာ တည်ရှိကြခြင်း ဖြစ်ပေသည်။ ယင်းသို့ ယဉ်ကျေးမှုမတူ ကွဲပြားခြင်းကို သိရှိခြင်း၊ အသိအမှတ်ပြုခြင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သဘောတရား၏ အခြေခံဖြစ်ပေသည်။ မြန်မာနဲ့ကရင် အတူတူပါပဲ။ မြန်မာနဲ့ ရှမ်း အတူတူပါပဲ...စသည်အားဖြင့် ဝါး၍ မြင်၍မဖြစ်ပေ။ မတူခြင်းကို ခံစားသိမြင်ရပေမည်။ မတူခြင်းကို အသိအမှတ်ပြုရပေမည်။ ပီအောင် မဆိုတတ်၊ အသံဝဲသည် စသည်ဖြင့် မတူခြားနားခြင်း အပေါ်၌ အပြစ်တင်၍ မဖြစ်ပေ။ မပီခြင်းမှာ ကလေးငယ် စကားမပြောတတ်သေးသဖြင့် မပီခြင်းမျိုး မဟုတ်ပေ။ စကားမတူခြင်း၏ သဘာဝသာ ဖြစ်ပေသည်။ အထူးသဖြင့် မြန်မာတို့က မပီကောင်းလားဟု အပြစ်တင်သံနှင့် ဆိုတတ်ကြသည်။ ယင်းမှာ မိမိဘက်မှ တစ်ဖက်သတ် မြင်ခြင်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်အပြီး၌ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံကြီးမှာ ကြီးကျယ်သောစွမ်းအားဖြင့် ရိုက်ခတ်လျက်ရှိ၏။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးကြေညာကာ ပြည်ထောင်စုသမ္မတနိုင်ငံတော် ထူထောင်ခဲ့သည်။

ယခု သမ္မတအိမ် လွတ်လပ်ရေးဥယျာဉ်ပွဲ၌ ကရင်ဒုံးအကကို ကြည့်ရင်း ပြည်ထောင်စုသဘောတရားများကို တွေးကြည့်နေမိသည်။ ကျွန်တော်သည် ကရင်အမျိုးသားများ ရောနှောနေသော ဒေသ၌ နေထိုင်ခဲ့သော်လည်း ကရင်အမျိုးသား ယဉ်ကျေးမှုများကို မလေ့လာမိ။ ကရင်ဒုံးယိမ်းကို ယခုမှပင် ခံစားအရသာတွေ့မိသည်ကို မကျေနပ်ဖြစ်နေမိသည်။ ငယ်စဉ်က ကရင်ဒုံးယိမ်းကသည်ကို ကြည့်မိသော်လည်း စိတ်မဝင်စားမိခဲ့။ ယဉ်ကျေးမှုကား တစ်ဦးနှင့်တစ်ဦး နားလည်လာအောင်၊

ခင်မင်ရင်းနှီးလာအောင်ပြုသော ဆက်သွယ်မှုများ ဖြစ်ကြသည်။ အထူးသဖြင့် အကနှင့် ဂီတသည် စိတ်လှုပ်ရှားမှု အပါဆုံးသော အနုပညာရပ်များ ဖြစ်ကြသည် မဟုတ်ပေလော။ ယင်း အနုပညာမှတစ်ဆင့် ထင်ဟပ်မြင်လာသော ကရင်ဒုံးအကအလှ၌ ကြည်မော ယစ်ဝေနေမိသည်။ စိတ်လှုပ်ရှားနေမိသည်။

အနက်နှင့်အနီ ပေါင်းစပ်ထားသော သစ်ကိုင်းတို့သည် ဖားလျားဖားလျားနှင့် လွင့်ပါးယိမ်းထိုးလျက်ရှိသည်။ တောတောင်ထဲ၌ လေကတိုက်သောအခါ သစ်ပင်တို့၏ အကိုင်းအခက် အရွက်အလက်များ ယိမ်းညွတ်နေသော ပုံသဏ္ဌာန်ကို တင်စားထားလေသလော။ စုပေါင်းသီဆို ရင့်ကျူးကြသော သံပြိုင်တေးသံမှာ သစ်ရွက်များအကြား ဖြတ်သန်းသွားသော လေချွန်သံပေလော။ တသွင်သွင် ဖြတ်သန်းသော သံလွင်မြစ်၏ ရေစီးသံပေလော။ ခြေတို့ကိုခုန်ကြွကာ၊ ကိုယ်ကိုယိမ်းကာ၊ လက်ကိုမြှောက်ကာ ကကြသော အကသည်ကား သံလွင်မြစ်ဝှမ်း တောတောင်စုံမြိုင်တို့၏ အလှဂုဏ်ကို ဖော်ကျူးနေခြင်းပင်လော။ သူတို့သည် တောတောင်တို့၏ သားသမီးများဖြစ်၍ မြန်မာ့တောတောင်ရေမြေတို့၏ အလှကို တင်စားကြပေလိမ့်မည်။ ကောက်သစ်ပေါ်ချိန်၏ စိတ်ပျော်ရွှင်မှုကို တင်စားကြပေလိမ့်မည်။

သမ္မတအိမ်ဝင်းအတွင်းရှိ သစ်ပင်များထက်၌ ချိတ်ဆွဲထားသော မီးပုံးရောင်စုံများမှာ ကျောက်သံပတ္တမြားရောင် ယှက်သန်း ဝင်းဖိတ်လျက်ရှိသည်။ ယင်းတို့ကိုကျော်၍ ကောင်းကင်ပြာကြီးသို့ ငေးကြည့်မိပြန်သည်။ စိန်ကြယ်၊ မြကြယ်များ တဖျပ်ဖျပ် လက်နေပေသည်။

လူမျိုးစုများဖြင့် ပေါင်းစပ်ထားသော ပြည်ထောင်စုသည်ကား မှန်ရောင်စုံ၊ ဖန်ရောင်စုံ စီခြယ်ထားသော ပန်းချီကားချပ်ကြီးပင်။ မှန်စုံ၊ ဖန်စုံများ စီခြယ်ထားခြင်းဖြင့် ပြည်ထောင်စုသမ္မတနိုင်ငံတော်ဟူသော

ကားချပ်ကြီးတစ်ချပ် ဖြစ်လေတော့သည်။ လူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့် သဘောတရားသည်ကား အခြေခံသဘောတရား ဖြစ်ပေသည်။ ကျွန်တော်တို့နိုင်ငံ၌ ပြည်ထောင်စုပေါ်လာသည်ကား နယ်ချဲ့သမားနှင့် လွတ်လပ်ရေးစကားဆိုနေသော အမျိုးသားလွတ်လပ်ရေး တိုက်ပွဲခေတ်က ဖြစ်ပေသည်။ အမျိုးသားညီညွတ်ရေး အင်အားကြောင့်သာလျှင် လွတ်လပ်ရေး ကြေညာနိုင်ခြင်း ဖြစ်ပေသည်။ အမျိုးသားညီညွတ်ရေး အင်အားဆိုသည်ကား လူမျိုးစုများအားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေး ဟူသော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု၏ တပ်ပေါင်းစု ညီညွတ်ရေးအင်အားပင်ဖြစ်သည်။ ယင်းလူမျိုးစုအသီးသီး၏ အမျိုးသားလွတ်မြောက်ရေးအားများ စုပေါင်းထားသော ညီညွတ်ရေးအင်အားဖြစ်သည်။

ကိုယ်ပိုင်ပြဌာန်းခွင့်ဟူသော သဘောတရား (ဝါ) အမျိုးသား ဖိနှိပ်ရေးကို ဆန့်ကျင်သော အမျိုးသားလွတ်မြောက်ရေး သဘောတရား ခိုင်မာသမျှ ညီညွတ်ရေးအင်အား စွမ်းသန်မည်ဖြစ်ပေသည်။ လူမျိုးတစ်မျိုးက အခြားလူမျိုးအား ဖိနှိပ်သဖြင့် ကမ္ဘာပေါ်၌ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်နေခြင်းဖြစ်ပေသည်။

ကျွန်တော်တို့၏ ပြည်ထောင်စုတည်ထောင်ခြင်း သက်တမ်းကား နုနယ်ပေသေးသည်။ ကိုယ်ပိုင်ပြဌာန်းခွင့် သဘောတရားသည် လွတ်လပ်ရေးသက်တမ်း ကြာမြင့်ရင့်သန်လာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်လာရပေမည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ဦးတည်သော ပြည်ထောင်စုသဘောတရား၌ လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးအား ဖိနှိပ်ခြင်း (ဝါ) အမျိုးသားဖိနှိပ်ခြင်းမှ လွတ်မြောက်ရုံနှင့် မပြီးသေးဘဲ လူတန်းစားတစ်စားက အခြားလူတန်းစားတစ်စားအား ဖိနှိပ်မှု ကင်းမဲ့ရခြင်း (ဝါ) လူတန်းစား လွတ်မြောက်ရေးလည်း ရှိရပေမည်။ တစ်နည်းဆိုရသော် အမျိုးသားချင်း ဖိနှိပ်မှုမရှိသော၊ လူတန်းစားချင်း ဖိနှိပ်မှုမရှိသော ဆိုရှယ်

လစ်စနစ် တည်ဆောက်ပြီးမှသာ တကယ့်ပြည်ထောင်စု သဘောတရား မည်ပေမည်။ မွန်၊ ရခိုင်၊ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယား အစရှိသော လူမျိုးစုံသည် လွတ်လပ်သော၊ အမှီခိုကင်းမဲ့သော၊ နယ်ချဲ့ဆန့်ကျင်သော၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်သော ညီညွတ်ဖွဲ့စည်းမှု၌ အခြေခံမှသာ ထာဝစဉ် ငြိမ်းချမ်းမည့် ပြည်ထောင်စု ဖြစ်ပေမည်။

မနောကွင်းမှ အိုးစည်သံများ ကြားလာရပြန်သည်။ ဤညနေ မနောပွဲ သွားကြရမည်။ ကျွန်တော်သည် ရေခဲတောင်များဆီသို့ လှမ်းကြည့်လိုက်သည်။ မလိခမှ အရည်ပျော်စီးဆင်းလာသော ရေအလျဉ်သည် တသွင်သွင်စီးလျက်။

# (၃)

မနောကွင်းကြီးရောက်မှ ကချင်အိုးစည်သံ ကြားလာရသည်။ ကျွန်တော်တို့သည် မနောတေးသံ၏ ခေါ်ရာသို့ လာခဲ့ကြသည်။

မနောပွဲမတိုင်ခင်တစ်ရက်က မြစ်ကြီးနားသို့ ရောက်လေရာ ကွင်းကြီးထဲ၌ ပြပွဲပြိုင်ပွဲ၊ ဈေးတန်းကြီးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ စက်မှုလက်မှု ပြပွဲများသာမက ဇာတ်ပွဲ၊ ကစားပွဲများလည်း ပါသည်။ ကျွန်တော်တို့ တည်းခိုသောနေရာမှ တစ်ညလုံး အသံများ ကြားနေရသည်။ တစ်ညလုံး ဇာတ်ပွဲ၊ ကစားပွဲများ ရှိသည်။ ရန်ကုန်နှင့် မန္တလေးမှ သတင်းစာနှင့် စာပေဧည့်သည်များကို ကျောင်းတစ်ကျောင်း၌ နေရာချထားသည်။ တံခါးများ၌ ခန်းဆီးပဝါများ တပ်ဆင်ပေးထားသည်။ တစ်ယောက် ခုတင်တစ်လုံးပေးထားကာ ခမ်းခမ်းနားနား ပြုစုဧည့်ခံသည်။

မန္တလေးနှင့်ရန်ကုန်မှ သတင်းစာဆရာ၊ စာရေးဆရာများကို ဝန်ကြီးချုပ် သခင်နုက မနောပွဲတက်ရောက်လေ့လာရန် ဖိတ်ကြားစီစဉ်ပေးခြင်း

ဖြစ်သည်။ စာဆိုတော်နေ့ ပြဇာတ်အခမ်းအနားများကို ပြဇာတ်ရေးဆရာ၊ စာရေးဆရာ သခင်နုသည် နှစ်တိုင်း ဖွင့်လှစ်ပေးလေ့ရှိသည်။ ထိုနှစ်က စာဆိုတော်နေ့၌ စာရေးဆရာအသင်းမှ နတ်ရှင်နောင် ပြဇာတ်ကပြရာ ယင်းပြဇာတ်သို့ ဝန်ကြီးချုပ် လာရောက်ကြည့်ရှုရာ အခမ်းအနားဖွင့်လှစ်ပေးရန် သွားပြောကြသည်။ သခင်နုက နယ်များသို့ ရောက်နေရသဖြင့် အားလပ်မည်မဟုတ်ကြောင်း ပြန်ကြားသည်။

၁၉၅၀ ပြည့်နှစ်၊ အနယ်နယ်၌ မငြိမ်မသက်ဖြစ်နေသော ကာလဖြစ်ရာ ဖဆပလဝန်ကြီးချုပ်ကိုယ်တိုင် နယ်ဆင်းကာ စည်းရုံးရေးမှာ အလွန်အရေးကြီးပေသည်။ 'ပြည်ထောင်စုကြီး ချောက်ထဲကျတော့မယ့်တဲတဲလေးအချိန်' ဟု သူ မကြာခဏ ရည်ညွှန်းပြောလေ့ရှိသော ခေတ်ကဖြစ်သည်။ မြေလတ်မြို့နယ်များသို့ ခရီးထွက်နေခိုက် ဖြစ်သည်။ ကျွန်တော်တို့ကလည်း နှစ်စဉ် စာရေးဆရာအသင်း၏ နာယကဖြစ်သော ဝန်ကြီးချုပ်သည် စာဆိုတော်နေ့ အခမ်းအနားများသို့ ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးမြဲဖြစ်သည့် အစဉ်အလာကို ထပ်ပြောကြသည်။ သခင်နုသည် တွေကာ ကျွန်တော်တို့အား ကြည့်နေသည်။ ကျွန်တော်တို့၏ဆန္ဒကို စဉ်းစားနေဟန်ရှိသည်။ ထို့နောက် သူသည် အားနာလာဟန်ဖြင့် "ဒီလိုလုပ်ပါ...တစ်ခု စီစဉ်ပေးနိုင်တာတော့ ရှိတယ်" ဟု ဝင်းလက်ကာ အကြံရလာပြီး အစီအစဉ်တစ်ခုကို ပြောလိုက်သည်။ မန္တလေးသို့ရန်ကုန်မှ သတင်းစာဆရာ၊ စာရေးဆရာများကို ဖိတ်ကြားကာ မန္တလေးရှိ သတင်းစာဆရာ၊ စာရေးဆရာများနှင့် မိတ်ဆက်သော အစီအစဉ်တစ်ခု လုပ်ပေးသည်။ စာဆိုတော်ရက် မတိုင်ခင်တစ်နေ့၌ လေယာဉ်ပျံတစ်စင်းလုံး ပေးကာခေါ်သည်။ ဝန်ကြီးချုပ် သခင်နုသည် တစ်ပြည်လုံးအား စည်းရုံးရေး ဆင်းနေရာ၌ သတင်းစာဆရာ၊ စာရေးဆရာများအားလည်း အကျိုးဝင်စေရန် ရည်သန်ဟန်ရှိသည်။ ကျွန်တော်တို့လည်း

ယင်းအစီအစဉ်ကို ကျေနပ်ကြသည်။ ဝန်ကြီးချုပ်ကိုယ်တိုင်က အရေး တယူ ပြုလုပ်သည်ဟု ခံစားမိကြသည်။ ကျွန်တော်တို့ စာရေးဆရာ အသင်း အမှုဆောင်အဖွဲ့သစ် (၁၉၅၀–၅၁) တက်စက သတင်းစာများ အတော်ရေးကြသည်။ ကလောင်နီများ စာရေးဆရာအသင်းကို စီးပြီဟု သတင်းစာတစ်စောင် ခေါင်းတပ်သည်။ ဝန်ကြီးချုပ်မှာ ကျွန်တော်တို့ စာရေးဆရာအသင်း အမှုဆောင်အဖွဲ့အား သဘောမတူ၍များ စာဆို တော်နေ့ အခမ်းအနားများကို ကိုယ်တိုင်လာရောက်၍ ဖွင့်လှစ်မပေးခြင်း လားဟုလည်း ကျွန်တော်က သံသယဖြစ်မိသည်။ ဝန်ကြီးချုပ်နှင့် နီးစပ် သော စာရေးဆရာ၊ သတင်းစာဆရာ အချို့က ကျွန်တော်တို့အား တစ် ဖက်က ဖဆပလအစိုးရအား စာပေနယ်မှ တိုက်ရန် စီစဉ်နေသည် စသည်ဖြင့် ကုန်းချောကြကြောင်း ပြန်ကြားရသည်။ မှန် မမှန်ကား မပြောတတ်။ ပြည်တွင်းစစ်ဖြစ်သည် ဆိုကတည်းက တစ်ဖက်နှင့်တစ် ဖက် တင်းမာမှုများလည်း ရှိလာတော့သည်။ တစ်ဖက်နှင့်တစ်ဖက် သံသယစိတ်များ ဖုံးလွှမ်းလာတော့သည်။ တစ်ဖက်ဟူသော စဉ်းစားမှု က ဒီမိုကရေစီကျင့်သုံးမှုကို ခြောက်လှန့်ရာ ရောက်တော့သည်။ လွတ် လပ်ရေးရပြီးမကြာမီ နိုင်ငံရေးတိုက်ပွဲကြီး ပြင်းထန်ကာ ပြည်တွင်းစစ် ကြီး ဖြစ်ပွားသဖြင့် ဒီမိုကရေစီ ကျင့်သုံးမှု အတွေ့အကြုံမှာ မရင့်သန် နိုင်အောင် ဖြစ်လာရတော့သည်။ စာပေသည် နိုင်ငံရေး ထင်ဟပ်ချက်မျှ သာဖြစ်လာရာ စာရေးဆရာ၊ စာပေအဖွဲ့အစည်း စစ်မျက်နှာဟူသော စာရေးဆရာအသင်း အဝန်းအဝိုင်း၌လည်း ဒီမိုကရေစီကျင့်သုံးမှု အတွေ့ အကြုံသည် ထင်ဟပ်လာတော့သည်။

ကျွန်တော်တို့ စာရေးဆရာအသင်း အမှုဆောင်အဖွဲ့သို့ ရောက်က တည်းက သတင်းစာများ၌ စွပ်စွဲချက်များ ထွက်လာခဲ့ကြသည်။ ကာတွန်းဆရာများကလည်း ရေးကြသည်။ စာရေးဆရာအသင်း အမှု

ဆောင်အဖွဲ့သစ်အား ဝေဖန်ရေးသားသော သတင်းစာဆရာတစ်ယောက်က သူ့ထံသို့ "ကျုပ်တို့ အာဏာရရင် ခင်ဗျားကို ဘားလမ်းအချုပ်ခန်းပို့မယ် ဘာညာ စာတစ်စောင်ရောက်လာကြောင်း" စသည်ဖြင့် သူ၏သတင်းစာဆောင်းပါး၌ ဖော်ပြသည်ကို ဖတ်ရသည်။ တကယ်ရောက်လာ မလာကား မပြောတတ်။ စာရေးဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၌ နာယကဝန်ကြီးချုပ် သခင်နုက ပြင်သစ်တော်လှန်ရေး စာပေများကို ကိုးကားကာ "မိမိယုံကြည်ချက်ကို မကြောက်မရွံ့ ရဲရဲရင့်ရင့်ရေးသား၍ နိုင်ငံကို လမ်းပြကြပါ" ဟု စာရေးဆရာများကို တိုက်တွန်းသွားသည်။ ယင်းမိန့်ခွန်းမှာ ဒီမိုကရေစီကျင့်သုံးမှု (ဝါ) လွတ်လပ်စွာရေးသားမှုအတွက် များစွာ အားရစရာကောင်းသော မိန့်ခွန်းဖြစ်သည်ဟု ခံစားမိကြသည်။ ဝန်ကြီးချုပ်၏ ယင်းစာပေမိန့်ခွန်း ကောက်နုတ်ချက်ကို အမှုဆောင်အဖွဲ့တက်တက်ချင်း ထုတ်ပြန်သော အမှုဆောင်အဖွဲ့သစ်သဘောထား ကြေညာစာတမ်း၌ ကိုးကားဖော်ပြလိုက်သည်။ ယင်းသို့သဘောထားကြေညာစာတမ်း ထုတ်ပြန်သည်ကိုပင် အချို့က နိုင်ငံရေးဆန်သည်ဟု ဝေဖန်လာကြသည်ကို တွေ့ရသည်။ ကျွန်တော်တို့ အမှုဆောင်အဖွဲ့ထဲတွင်လည်း လူစုံပါကြသည်။ အများစုမှာ လူငယ်စာရေးဆရာများ ဖြစ်ကြသည်။ ကျွန်တော်တို့မှာ စိတ်သန့်သဖြင့် စွပ်စွဲချက်များကို မချေပကြပေ။ ဝန်ကြီးချုပ် သခင်နုမှာ မန္တလေးသို့ဖိတ်ကာသတင်းစာဆရာ၊ စာရေးဆရာ မိတ်ဆက်ပွဲ ပြုလုပ်ပေးပြီး နောက်တစ်ဖန် မြစ်ကြီးနားမြို့၌ ကျင်းပသော ကချင်ပြည်နယ် မနောပွဲသို့လည်း မန္တလေးနှင့် ရန်ကုန်မှ သတင်းစာဆရာ၊ စာရေးဆရာများကို ဖိတ်ကြားခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ မြစ်ကြီးနားရောက်သည့် နေ့လယ်က ကွင်းကြီးထဲ၌ကချင်ပြည်နယ်သားများ၏ ညီလာခံသို့ ဖိတ်သဖြင့် တက်လိုက်ရသေး

သည်။ ခန်းမဆောင် မဏ္ဍပ်ကြီးထဲ၌ ညီလာခံကျင်းပသည်။ ကျွန်တော့် အဖို့မှာ ပထမဆုံးအကြိမ် ကချင်လူမျိုးများ၏ အစုအဝေးကို မြင်ဖူးခြင်း ဖြစ်ပေသည်။ ကချင်လူမျိုးများသည် အနီနှင့်အနက် ပေါင်းစပ်ထားသော အဝတ်အစားအရောင်ဖြင့် ဆင်ယင်ကြသည်။ အစည်းအဝေး ခန်းမကြီး ထဲသို့ ဝင်လိုက်သောအခါ အနီနှင့်အနက်ရောင် အတွဲသည် လာ၍ ရိုက်ခတ်တော့သည်။ ကျွန်တော်တို့မှာ သွေးချင်းသားချင်းများ၏ အလယ်ရောက်နေရ၍ ဆန်းသစ်သော ဝေဒနာကို ခံစားနေရသည်။ တောင်ပေါ်ဒေသ မေခနှင့် မလိခမြစ်များအကြားမှ လာရောက်ကြသော ကိုယ်စားလှယ်များ ဖြစ်ပေလိမ့်မည်။

အခမ်းအနား စမည်ပြုသောအခါ ကချင်ပြည်နယ် အစိုးရဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်က "ဒူးဝါးကြီးများရှေ့ကြွပါ" ဟု ဖိတ်ခေါ် လိုက်သံ ကြားရသည်။ မဏ္ဍပ်နောက်ဘက် ရောက်နေကြသော ဒူးဝါး များသည် ရှေ့သို့တက်လာကာ ထိုင်ကြသည်။ အများအားဖြင့် သက်ကြီး ရွယ်ကြီးများဖြစ်သည်ကို တွေ့ရသည်။ သူတို့သည် ခေါင်းပတ် ပတ်ထား ကြသည်။ ဒူးဝါးမှာ ကချင်လူမျိုး ဆွေမျိုးအုပ် အကြီးအကဲဖြစ်သည်။ လူနေကျဲသော တောတောင်ဒေသအနှံ့၌ကား ဆွေမျိုးအုပ်စုများဖွဲ့ကာ နေထိုင်လေ့ရှိကြသည်။

အားလုံးပင် ကချင်ဘာသာစကားဖြင့် ပြောကြသည်။ စကားပြန် ပေးသူရှိ၍ နားလည်ကြ၏။ ညနေစောင်းလာသောအခါ ကျွန်တော်တို့ သည် မဏ္ဍပ်ထဲမှ ထွက်ခဲ့ကြသည်။

## (၄)

ကွင်းကြီးထဲ၌ကား လူများဖြင့် ပြည့်နေကြသည်။ တချို့သော ကချင် လူမျိုးများမှာ ခေတ်ဆန်ဆန် ဝတ်ဆင်ထားကြသည်။ တချို့ အနောက်

တိုင်းဝတ်စုံဖြင့်။ ကချင်အမျိုးသမီးများမှာလည်း ရန်ကုန်သူကဲ့သို့ပင် ခေတ်ဆန်ကြသည်။ ကချင်ပြည်နယ် တောင်ပေါ်ဒေသများသို့ နယ်ချဲ့ တပ်များနှင့်အတူ သာသနာပြုအဖွဲ့များ လိုက်လာခဲ့ကြသည်။ အနောက်နိုင်ငံ ယဉ်ကျေးမှုသည်လည်း မြေပြန့်ထက် နောက်မကျလှဘဲ ပျံ့နှံ့ဝင်ရောက်ခဲ့သည်။

တောင်ပေါ်မှ လာရောက်ကြသော ကချင်ဆင်းရဲသား တောင်ယာသူလေးများကား ကျွန်တော်တို့ မြန်မာဆင်းရဲသားများကဲ့သို့ပင်။ နေပူဒဏ်၊ လေဒဏ်တို့ကို ခံရသဖြင့် ကြေးနီရောင်ပေါက်နေသော အသားရောင်၊ ဘဝ၏ ပင်ပန်းဆင်းရဲသောဒဏ်ကြောင့် ကြွံကြွံခံသော အမူအရာ မျက်နှာပုံပန်း။ ကျွန်တော်တို့ မြန်မာဆင်းရဲသား လူထုကဲ့သို့ အဝတ်အစား နွမ်းပါးစွာဖြင့်။ မည်သည့်လူမျိုးပင်ဖြစ်စေ လူထုကား အတူတူပင်။ အဖိနှိပ်ခံ နင်းပြားဖြစ်မှုဘဝ အတူတူပင်။

အမှောင်ရိပ်များသည် ရှည်၍လာကြလေပြီ။ မနောတိုင်များသည် တစ်ကွင်းလုံးကို ဖြတ်မိအောင် ရှည်လျားလာလေပြီ။ ဗုံနှင့် လင်းကွင်းသံသည် စည်းဝါးမှန်မှန် ရိုက်နေလေပြီ။ အဝေးရှိ တောင်တန်းများသည် ညို့၍လာလေပြီ။

"မနောပွဲ စတော့မယ်" ဟု ကျွန်တော်တို့အပါးရှိ ကချင်အမျိုးသားတို့က လှမ်းပြောလိုက်သည်။

ကျွန်တော်တို့သည် ရင်ဖိုလာကြသည်။

ကျွန်တော်တို့သည် မနောကွင်းကြီးထဲသို့ သွားကြသည်။ မနောပွဲ၊ ယဇ်ပူဇော်ပွဲပင်ဖြစ်သည်။ နတ်စင်တဲနန်းမှာ ဝါးထရံကာ သက်ငယ်မိုးထားသော တန်းလျားသဖွယ် အဆောက်အအုံပင်။ အဝတွင် ရာဇမတ်ကွက် ကာထားပြီး ကချင်အမှတ်အသား ဖော်ထားသည်။ နတ်စင်အနီးတွင် ဝါးလုံးများထောင်ထားသော ကျွဲသတ်ရာ မြေကွက်ပင်။ ကျွဲကို

လှံနှင့်ထိုးကာ သတ်လိုက်၏။ ဆိုင်ရာက အမဲဖျက်ကြကာ အသားကို လှီးကြ ဖြတ်ကြသည်။ အနီးတွင်ရှိသော မီးရဲရဲ၌ ကင်ကြသည်။ ဝါးတွင် ညှပ်ထားသော အသားကိုကင်ပြီး ထိုနေရာတွင်ပင် ဝိုင်းထိုင်ကာ အမဲကင်နှင့် အရက် မြည်းကြသည်။ ကချင်အရက်တစ်ကျိုက်၊ အမဲတစ်ကိုက်။

ကျွန်တော်တို့သည် စက္ကူပန်းရောင်စုံများဖြင့် ယှက်သန်းလျက်ရှိသော မဏ္ဍာပ်ထဲ၌ ခေတ္တနားနေကြရသည်။ မဏ္ဍာပ်နဖူးစည်း၌ 'ဧည့်သည်ဆောင်' ဟု စာတန်းထိုးထားသည်။ ဒူးဝါးများ၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တဖွဲဖွဲ ရောက်လာကြသည်။

မနောတေးသံကား ကွင်းထဲ၌ မြည်ဟည်းလျက်ရှိလာပြီ။

မကြာမီ ကားတစ်စီးဆိုက်ကာ ဝန်ကြီးချုပ်သခင်နုနှင့် အိမ်သားများဆင်းလာကြသည်။ သခင်နုမှာ ကချင်ဓားလွယ်ကာ ကချင်ခေါင်းပေါင်းပေါင်းထားသည်။ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီမှာလည်း ငွေခွက်များဆင်၍ စီရရီ ဆွဲထားသော ကချင်အမျိုးသမီး အဝတ်အစားနှင့်။ အနီနှင့်အနက် စပ်ထားသော အဆင်အယင်။ ရုတ်တရက်ကြည့်လျှင် ကချင်အမျိုးသမီးဟု မှတ်ထင်ရသည်။

ဆမားဒူးဝါးဆင်ဝါးနော်င် ရောက်လာကာ ဧည့်သည်များကို လက်ဆွဲနှုတ်ဆက်နေသည်။ ဆမားကြီးမှာ ဧည့်ဝတ်ပျူငှာရှိသူ ဖြစ်သည်။ အသိအကျွမ်းများနှင့် တွေ့လျှင် ရယ်စရာမောစရာ ပြောနေလိုက်သေးသည်။

ငွေခွက်များ ရင်၌တွဲထားသော၊ ချောမောလှပသော ကချင် အမျိုးသမီးကလေးများသည် ဝါးစိမ်းကျည်တောက်နှင့် ချင်း၊ ကြက်ဥပါသော ဖက်စိမ်းထုပ်များကို ဧည့်သည်များအား လိုက်လံဝေငှသည်။ ဝါးစိမ်းကျည်တောက်ထဲ၌ကား နာမည်ကျော်ကြားသော ကချင်အရက်။

သခင်နုသည် ပြုံးကာ ကျွန်တော်တို့နားသို့ ရောက်လာသည်။ သူသည် ကချင်ခေါင်ရည်ထည့်ထားသော ဝါးကျည်တောက်နှင့် ညိုမြအား ကြည့်ကာ "ရေငတ်တုန်း ရေတွင်းထဲကျဆိုတာမျိုးပေါ့ကွာ" ဟု ပြောပြီး ရယ်မောနေသည်။ ညိုမြကလည်း မထုံတက်သေးဖြင့် ပြုံးနေ၏။ သခင်နုကို ၁၉၃၆ ခု ကျောင်းသားသပိတ်မှောက် ခေါင်းဆောင်အဖြစ် မျက်စိထဲမြင်လာမိသည်။ ညိုမြမှာလည်း ထိုစဉ်က သပိတ်မှောက်ကျောင်းသား။ အိုးဝေမဂ္ဂဇင်း၌ 'ငရဲခွေးကြီး လွတ်နေပြီ' ဟူသော ဆောင်းပါးရေးသူ။ ယင်းဆောင်းပါးကြောင့် အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ကိုအောင်ဆန်းမှာ ကျောင်းထုတ်ခံရတော့မည့်ဆဲဆဲ။ ထိုစဉ်က တက္ကသိုလ်သမဂ္ဂဥက္ကဋ္ဌ ကိုနုမှာ ကျောင်းထုတ်ခံရသည်။ ထိုအရေးကို အမှီပြု၍ ကျောင်းသားသပိတ် ပေါ်လာရသည်။ လွန်ခဲ့သော ၁၅ နှစ်က။ ကျွန်တော်တို့မှာလည်း ဆယ်တန်းသပိတ်မှောက်ကျောင်းသား။

ငေးနေသော ကျွန်တော့်အား သခင်နုက "မင်းကော ကတတ်သလား" ဟု လှမ်းမေးလိုက်သည်။

"မကတတ်ဘူး ကိုကြီးနု"

"အလွယ်ကလေးပါကွာ နည်းနည်းပါးပါးကပေါ့"

ကျွန်တော်မှာ ရင်ခုန်နေမိသည်။ မနောဖုံနှင့် လင်းကွင်းသံမှာ စည်းချက်ဝါးချက် မှန်မှန်ရိုက်နေ၏။ မေခနှင့် မလိခ မြစ်ဖျားရှိရာဘက်မှ တောင်တန်းကြီးများမှာ ပြာမှိုင်းလာလေပြီ။ ငွေရောင်ဖျော့ဖျော့ကလေးသည် စိမ်းသောမြက်ခင်းပြင်ပေါ် အနားသတ်သည်။ အေးမြသော လေကလေးက တိုက်ခတ်လာ၏။

ဝါးစိမ်းကျည်တောက်ထဲမှ ကချင်ခေါင်ရည်ကို တစ်ကျိုက်မော့ကြည့်သည်။ ပူလှပါ့တကား။ ချဉ်တင်တင်၊ ပူရှရှ၊ ချင်းကို တစ်ကျိုက်ကိုက်လိုက်ရာ မွှေးလာ၏။ ကြက်ဥပြုတ် ပါးစပ်ထဲထည့်လိုက်သည်။

ချဉ်ရှစိမ့်မွှေးလာ၏။ မနောဗုံသံသည် မြည်ဟည်းလာသည်။

"ကဲ...မနောကကြရအောင်"

ညွှ့်သည်များသည် ရင်တခုန်ခုန်နှင့် မနောကွင်းထဲ ဆင်းကြရသည်။ မြက်ခင်းပြင်ကြီးအလယ်တွင်ကား ရာဇမတ်ကွက်များဖြင့် အဝိုင်းကြီး ကာထားသည်။ ယင်းအဝိုင်းကြီးထဲသို့ဝင်ရန် အပေါက်ဝများ ဖွင့်ထားသည်။ ဝါးနှင့် သစ်ရွက်များကို ပေါင်းကူးခုံးပြုလုပ်ကာ မုခ်ဝသဏ္ဌာန် ဆင်ယင်ထားသည်။ ညွှ့်သည်များသည် ထိုဝါးနှင့် သစ်ရွက်မုခ်ဝမှ ဝင်ကြရသည်။ ပွဲကြည့်ပရိသတ်ကြီးမှာ ရာဇမတ်ဝိုင်းအပြင်မှ ကြည့်နေကြသည်။ မနောဝိုင်းကြီး၏ အလယ်၌ကား ပေ ၂၀ ခန့်အမြင့်ရှိသော မနောတိုင်များ စိုက်ထူထားသည်။ မနောတိုင်ကို အနီနှင့် အနက်ဆေးရောင်ဖြင့် အတွန့်အကောက်၊ အရစ်များ ခြယ်ကုံးထားသည်။

ဝန်ကြီးချုပ် သခင်နုက ဓားလွယ်လွယ်ကာ ဒူးဝါးများနှင့်အတူ နေရာယူလိုက်သည်။

ကချင်မနောက အဝတ်များဆင်ထားသော ရာဇမတ်ကာရှေ့မှ ခေါင်းဆောင်သည် အစိမ်း၊ အနီ၊ အပြာ၊ အဝါ အပွင့်အကွက်အရောင်ကို ခြုံထားသည်။ အဆင်မှာ တရုတ်ဆန်သည်။ လူစီတန်းကြီးသည် မနောတိုင်ကိုပတ်ကာ ကကြသည်။ ကိုယ်ကိုယိမ်းထိုးကာ ခြေကိုမြှောက်ကာခုန်ကာ။ လူစီတန်းကြီးသည် မြွေလိုတွန့်ကောက် ကသွားသည်။ လူအများ ကသည့်အတိုင်း နောက်က လိုက်ကရသည်။ အစနှင့်အဆုံး ဆုံမိကြသောအခါ ဟေးလားဝါးလား ညံနေအောင် အော်လိုက်ကြသည်။

မှောင်လာသောအခါ မနောဝိုင်းအကကြီးမှာ တစ်ကွင်းလုံး ပြန့်လာတော့သည်။ ကျား/မ မရွေး၊ ဆင်းရဲချမ်းသာမရွေး ဝင်ကကြတော့သည်။ တကယ့်လူထုအကပင်။ တစ်ညလုံး ကကြသည်။ အမှောင်ရိပ်များ ကျလာပေပြီ။

ကျွန်တော်တို့သည် မနောဝိုင်းမှထွက်ကာ ကွင်းကြီးတစ်နေရာရှိ ကချင်ဇာတ်ခုံရှိရာသို့ သွားကြသည်။ ဇာတ်ခုံအပြင်အဆင်မှာ တရုတ်ဆန်သည်။ ပိတ်ကားအဖြူကို ဖွင့်လိုက်ပိတ်လိုက်လုပ်ကာ အတွင်းမှ ထွက်လာရသည်။ ကျွန်တော် အကြိုက်ဆုံးကား ယောယင်အကပင်။ ဝါးခြမ်းပေါ်၌နင်းကာ ခါးတောင်းကျိုက်နှင့် ကသောအက၊ ခါးကုန်းလိုက်သောအခါ ခါးတောင်းကျိုက်တစ်ဝိုက်မှ လိမ်းထားသော ဆေးအရုပ်များ ပေါ်လာကြ၏။ ထိုအခါ ပရိသတ်က တဝါးဝါးရယ်မောကာ ဩဘာပေးလိုက်ကြသည်မှာ ညံသွားတော့သည်။ တကယ့် ကချင်လူထုအက။

နောက်တစ်နေ့၌ ပြည်နယ်ဝန်ကြီးများ မိန့်ခွန်းပြောကြားကြသော အစည်းအဝေးသို့ တက်ကြရသည်။ ဆမားဒူးဝါးဆင်ဝါးနော် ဦးစွာ စကားပြောသည်။ ရှမ်း၊ ကယားပြည်နယ် ဝန်ကြီးများသည် ဝန်ကြီးချုပ်သခင်နုပြောပြီးနောက် ပြောကြသည်။ အားလုံးက သူပုန်ကို ရှုတ်ချကာ သခင်နု၏ ခေါင်းဆောင်မှုကို ချီးကျူးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းပြီးနောက် သခင်နုသည် ပြည်ထောင်စုကြီး မပြိုပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် သဘောတူထားကြသည်။

မိန့်ခွန်းများပြောပြီးကြသောအခါ ဧည့်သည်တော်များအား ကချင်လက်ဆောင် ပေးအပ်သည်။ ငွေပန်းငွေပွင့်များဖြင့် လုပ်ထားသော ကချင်ဓား၊ ဓားအိမ်ကို ကြိုးနီဖြင့် ပတ်ထားသည်။ ငွေခွက်ငွေကြိုးများဖြင့် ရက်ဖောက်စီခြယ်ထားသော ကချင်လွယ်အိတ်နီ။ ထိုကချင်ဓားနှင့် လွယ်အိတ်ကို တောင်စဉ်ဖက်ရွက်၊ ဝါးရိုးခြမ်း ရက်ထားသော ကလပ်ပေါ်၌ တင်ကာပေးသည်။

ပြန်မည့်နံနက်က ဝက်ကုန်းဈေးသို့သွားသည်။ တရုတ်ဈေးပင်။ မြန်မာစကားမတတ်၍ လက်ချောင်းထောင်ကာ ဝယ်ရသည်။ တရုတ်ခွေး

စုတ်ဖွားပင် ဝယ်ရသည်။ ဘေးလွယ်အိတ်၊ ဝက်ပေါင်ခြောက်၊ ကြက်ဥ၊ သက္ကလတ်အင်္ကျီရှည်၊ ဓာတ်မီး။ မင်းရှင်က တရုတ်ခွေးတစ်ကောင် ဝယ်သည်။

ဂန္ဓမာပန်းရနံ့သင်းသော လေယာဉ်ပျံသည် မြစ်ကြီးနားမှ ပျံသန်းရင်းနောက် ၄ နာရီကြာသော် ရန်ကုန်ရောက်သည်။

ရန်ကုန်ရောက်သောအခါ ဇန်နဝါရီလ ၁၄ ရက်၌ ကျင်းပသည့် သုံးလပတ် သင်းလုံးကျွတ်အစည်းအဝေး၌ ကျွန်တော်တို့ စာရေးဆရာအသင်း အမှုဆောင်အဖွဲ့အား အယုံအကြည်မရှိ အဆိုတင်သောစာကို ဖတ်ရလေသည်။

ရှုမဝမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၆၉ နှင့်
ပုံမနှိပ်ဖြစ်ခဲ့သော အပိုင်း ၂။

■

# ဇာတိမြေကို ရှာဖွေခြင်း

▸ နတ်နွယ်

(၁)

မန္တလေးကို ရောက်ရပြန်ချေပြီ။ မပီဝိုးဝါးသော မန်းသကြၤန်က ပြန်လာပြီး ၁၅ ရက် မပြည့်မီမှာပင် နောက်တစ်ခေါက် ရောက်ရခြင်းဖြစ်သည်။ ယခုတစ်ကြိမ်က ဖားကန့်သို့ သွားရောက်ရန်ဖြစ်သည်။

မြစ်ကြီးနားမြို့ ဥတ္တရလမင်း အဖွဲ့က ဖိတ်ကြားခြင်းဖြစ်သည်။ ဥတ္တရလမင်းအဖွဲ့က ခရီးစဉ် အစအဆုံး အစစအရာရာ အလုံးစုံ တာဝန်ယူ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဟောပြောပွဲ မဟုတ်၊ အလည်အပတ် လေ့လာရေးခရီး ဖြစ်ပါသည်။

ဥတ္တရလမင်းအဖွဲ့က ခံစားသူအကြိုက် မဂ္ဂဇင်း ဝတ္ထုတိုများ ၁၉၉၆ အမှတ် ၁ ထုတ်ဝေသည့် အခမ်းအနားကို ရန်ကုန်မြို့မှာ ပြုလုပ်စဉ်ကတည်းက မိမိတို့ကို အလည်ခရီး ဖိတ်ကြားမည်ဟု ပြောပါသည်။ ပါရဂူက မြစ်ကြီးနားသို့ တစ်ခေါက်မှ မရောက်ဖူးသဖြင့် ထိုခရီးကို စိတ်အားထက်သန်လှပါသည်။ မြသန်းတင့်နှင့် မိမိက ကျောက်စိမ်းတွင်းဒေသ မော်ထဲသို့ မရောက်ဖူးသဖြင့် သွားလိုကြောင်း ပြောကြပါသည်။

သို့ဖြင့် ဥတ္တရလမင်းအဖွဲ့က မိမိတို့ကို ဖားကန့်သို့ပို့ရန် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

မိုးမကျမီ သွားရောက်ရမည် ဖြစ်သဖြင့် မေလကို နောက်ဆုံး ထားရပါသည်။ မဂ္ဂဇင်းတာဝန်ရှိသော မိမိကို ဦးစားပေးကြပြီး ရက်ရွေးရန် ပြောသောအခါ မိမိ ဖောင်ပိတ်ရက်ဖြစ်သော လဆန်းနှစ်ရက် သုံးရက်ကို ရက်ချိန်းပေးလိုက်ပါသည်။ သို့ဖြင့် မေ ၂ ရက်တွင် ရန်ကုန်မှ ရထားဖြင့် ထွက်ခဲ့ကြပါသည်။ ဥတ္တရလမင်းမှ ကိုသန်းဆွေက မိမိတို့ကို ရန်ကုန်သို့ ဆင်းလာပြီး ခေါ်ပါသည်။

မိမိတို့အဖွဲ့တွင် ပါရဂူ၊ မြသန်းတင့်၊ မိမိနှင့် ဥတ္တရလမင်းအဖွဲ့ကို ရန်ကုန်မှ တာဝန်ယူ ကူညီလုပ်ဆောင်ပေးကြသော မောင်သွေးသစ်နှင့် ရာပြည့်မှ ကိုစိုးညွန့်တို့ ပါဝင်ပါသည်။

ဥတ္တရလမင်း ကိုသန်းဆွေနှင့်က ယခင်ကတည်းက သိကျွမ်းပါသည်။ 'မြန်မာပြည်မြောက်ပိုင်း' နှင့် ပတ်သက်၍ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်း အမှတ် ၁ ထွက်သောအခါ သူ့ထံမှ ဝေဖန်စာရသည်။ သူက အဲသည်တုန်းက ကချင်ပြည်နယ် နမ်းမားမြို့တွင် ရထားရုံပိုင် ဖြစ်သည်။ ပြီးတော့ သူက စာအုပ်ဆိုင်ဖွင့်ထားသည်။ အားသစ်စာပေ။

သူက ထိုစဉ်ကတည်းက မြန်မာပြည်မြောက်ပိုင်းနှင့် ပတ်သက်၍ တတ်နိုင်သော အကူအညီများကို ပေးပါမည်ဟု ဆိုခဲ့သည်။

ယခု မိမိသည် မြန်မာပြည်မြောက်ပိုင်းကို ဆက်လက်ရေးသားရန် စိတ်ကူးမိပြီး လိုအပ်သော အချက်အလက် အထောက်အထားများကို တစ်စစီ တစ်ကန့်စီ လိုက်လံစုဆောင်းသောအခါ သူက ကမ်းလှမ်းထားခဲ့သည့်အတိုင်း အကူအညီပေးခြင်းပင် ဖြစ်တော့သည်။

ကျောက်စိမ်းတွင်းဒေသသည် မြန်မာပြည်မြောက်ပိုင်း၏ အရေးပါသော ဓာတ်ဝင်ဒေသတစ်ခု ဖြစ်ပြီး၊ ယင်းဒေသ၏ သမိုင်းတစ်ခေတ်

လှုပ်ရှားမှုများသည်လည်း မြန်မာပြည်မြောက်ပိုင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါလိမ့်မည်။

ကောင်းပြီ မှော်ထဲကို သွားကြမယ်လေ။

*

(၂)

ဤခရီးတွင် နောက်ထပ် စိတ်ဝင်စားစရာကောင်းသည်က မန္တလေးမှ မြစ်ကြီးနားသို့ ကားဖြင့် သွားကြသည်ပင်။

မိမိသည် မန္တလေး–မြစ်ကြီးနားကို ရထားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း သွားဖူးသော်လည်း ကားလမ်းမှမူ တစ်ကြိမ်တစ်ခါမျှ မသွားဖူးပါ။ မိမိတို့အဖွဲ့မှ အခြား မည်သူမှလည်း မသွားဖူးပါ။

တကယ်တော့ မန္တလေး–မြစ်ကြီးနား ကားလမ်းသည် ယခင်က မရှိခဲ့ပါ။ မြေပုံပေါ်မှာပင် မရှိခဲ့ပါ။ ယခင်က မန္တလေး၊ ရွှေဘိုနှင့် မိုးကောင်း၊ မြစ်ကြီးနားလောက်သာ ရာသီမရွေး သွားနိုင်သော ကတ္တရာလမ်းများ ရှိခဲ့ပြီး ကျန်သည့် အစိတ်အပိုင်းများတွင် နွေရာသီတွင်သာ သွားနိုင်သော ဒေသဆိုင်ရာ လမ်းပိုင်းများသာ ဖြစ်ကြသည်။ ယခုမှ ဤလမ်းမကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့ဖြင့် ဤလမ်းမကြီးတစ်လျှောက် အစအဆုံး သွားဖူးသူ နည်းပါးသလို သွားလာသူများလည်း နည်းပါးလှပေသေးသည်။

ကိုသန်းဆွေနှင့်အဖွဲ့သည် မိမိတို့ကို ကားဖြင့်ခေါ်ရန် မြစ်ကြီးနားမှ ဗင်ကားနှစ်စီးဖြင့် ဆင်းခဲ့ကြသည်။ ပထမတွင် ရန်ကုန်အထိ ကားဖြင့် ဆင်းခေါ်ရန်ဖြစ်သည်။ သို့သော် ရန်ကုန်–မန္တလေး ကားလမ်းကို မိမိတို့ သွားဖူးနေပြီ တစ်ကြောင်း၊ မိမိတို့ ပင်ပန်းမည်ကို စိုးရိမ်၍ တစ်ကြောင်း ကားများကို မန္တလေးတွင် ထားခဲ့ကာ ကိုသန်းဆွေ တစ်

ယောက်တည်း ရန်ကုန်သို့ ဆင်းခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် မိမိတို့သည် ဒဂုန်မန်းဖြင့် မန္တလေးသို့ သွားကြသည်။ အကြိမ်ပေါင်းများစွာ စီးဖူးသော၊ အကြိမ်ပေါင်းများစွာ ပြောဖူးသော ရထားလမ်း အကြောင်းတော့ မပြောလိုတော့ပါ။ သို့သော် ဒီတစ်ခါ စီးရသည့် အထက်တန်း အိပ်ခန်း ဖွဲ့စည်းပုံက ကောင်းသည်ဟု ဆိုရမည်။ လေးယောက်ခန်း သတ်သတ်ဖြစ်သည်။ မည်သည့် တွဲနှင့်မျှ မဆက်ပါ။ သို့ဖြင့် ဤလေးယောက်ခန်းတွင် စီးသူများသည် မိမိတို့ဘာသာ သီးသီးသန့်သန့် စီးနိုင်ပါသည်။ လေးယောက် အိပ်ခန်းတွင် ရေချိုးခန်းနှင့် အိမ်သာပါသည်။ ရေခဲသေတ္တာပါသည်။ ရေနွေးဓာတ်ဘူး ပါသည်။ ကက်ဆက်ပါသည်။ လေအေးစက် ပါသည်။ မကောင်းလား။

သို့သော် မိမိတို့ ကံဆိုး၍လား မသိ၊ ထိုညက ကက်ဆက်ဖွင့်၍ မရပါ။ လေအေးစက် ပျက်နေသည်။ မီးမလာပါ။ တစ်ညလုံး အမှောင်ထဲမှာ ချွေးတလုံးလုံးဖြင့် လိုက်ပါသွားကြရသည်။

ထားပါတော့လေ။

*

## (၃)

တနင်္ဂနွေနေ့၊ (၄၊ ၅၊ ၉၇) နံနက် ၅ နာရီတွင် မိမိတို့ မန္တလေးမှ ကားနှစ်စီးဖြင့် ထွက်ကြသည်။ ကားတစ်စီးကို ကိုသန်းဆွေ မောင်းပြီး အခြားကားတစ်စီးကို ကိုသန်းဆွေ၏ မိတ်ဆွေဖြစ်သော ဦးခင်မောင်ညိုက မောင်းပါသည်။ ကိုသန်းဆွေ၏ ကားတွင် မိမိ၊ မြသန်းတင့်နှင့် မောင်သွေးသစ်တို့ လိုက်ပါပြီး၊ ဦးခင်မောင်ညို၏ ကားတွင် ပါရဂူ၊ ကိုစိုးညွန့်၊ ဟိုပင်ရုံပိုင် ဦးအုန်းလွင်နှင့် မိတ်ဆွေတစ်ဦးတို့ လိုက်ပါလာကြသည်။ ဦးအုန်းလွင်တို့သည် တောင်ငူမှ စောင့်ပြီး မိမိတို့နှင့်အတူ လိုက်ပါလာကြခြင်း ဖြစ်သည်။

မန္တလေးမြို့၏ ဝေလီဝေလင်း အချိန်က အေးချမ်းလှသည်။ စစ်ကိုင်းမြို့ကို ဖြတ်သည်အထိပင် အမှောင်ရိပ်များ လွှမ်းနေဆဲဖြစ်သည်။ မန္တလေးမှ ရွှေဘိုအထိကား သုံးလေးကြိမ်မျှ မိမိ သွားဖူးသည်။ မန္တလေး၊ စစ်ကိုင်းနှင့် ရွှေဘိုတို့တွင် အပြောင်းအလဲ ရှိနေသော်လည်း လမ်းဘေးဝဲယာ မြင်ကွင်းများကား ပြောင်းလဲခြင်း မရှိလှပေ။ သည်ယာခင်းများနှင့် သည်လယ်ကွင်းများပင်။ သည်မန်ကျည်းပင်များနှင့် သည်ထန်းပင်များပင်။ သည်ရွာများနှင့် သည်လယ်သမားများပင်။

ရွှေဘိုကိုရောက်တော့ ခုနစ်နာရီ ထိုးပြီ။ လက်ဖက်ရည် သောက်ကြသည်။ လက်ဖက်ရည်က ချိုရဲလှသည်။

ရွှေဘိုနှင့် မန္တလေးက ၇၁ မိုင်။ ရွှေဘိုမှာ မိမိ ညအိပ်ဖူးသည်။ ၁၉၅၀ ဝန်းကျင်က ဖြစ်သည်။

ရွှေဘိုက လွန်သောအခါတွင်မူ မိမိအဖို့ ခရီးလမ်းအသစ် ဖြစ်ချေပြီ။ နေခြည်ကလည်း ပွင့်လာပြီဖြစ်၍ ခါးကိုမတ်ကာ ဝန်းကျင်ကို စိတ်ဝင်စားစွာ ကြည့်မိသည်။ သို့သော် ခင်ဦး အထိကား မြင်ကွင်းသည် ပြောင်းလဲခြင်း မရှိလှသေးပေ။ ကုန်းဆင်း၊ ကုန်းတက်ကလေးများရှိသော မြေပြန့်လွင်ပြင်သာ ဖြစ်သည်။ အညာမြင်ကွင်းသာဖြစ်သည်။ မြင်းကြီး တလွှားလွှားနှင့် ခင်ဦးစား ငချစ်ညိုကို မြင်ယောင်မိသည်။ ပြန့်ကောင်းတော့ မြင်းကောင်းမည်မှာ မလွဲချေ။

ရွှေဘိုနှင့် ခင်ဦးက ဝေးလှသည် မဟုတ်။ ၁၄ မိုင်မျှသာ။ ခင်ဦးမှာ လမ်းခွဲရှိသည်။ တည့်တည့်သွားလျှင် ဖီးကုန်း၊ ကန့်ဘလူ၊ ကောလင်း၊ မိမိတို့ သွားရမည့်လမ်း။ ဘယ်ဘက်သို့ချိုးလျှင် ရေဦး၊ ကလေးဝ၊ ညာဘက်သို့ချိုးလျှင် သပိတ်ကျင်းနှင့် မျက်နှာချင်းဆိုင် သင်ပေါင်းကား။

တကယ်တော့ ခင်ဦးမြို့နယ်က လွန်၍ ကန့်ဘလူ၊ ကောလင်းနှင့် အင်းတော်မြို့နယ်တို့ကို ဖြတ်သောအခါမှ မြင်ကွင်းပြောင်းတော့သည်။

သစ်တောကြိုးဝိုင်းများကို ဖြတ်ရသည်။ တောအုပ်ကြီးများဖြစ်သည်။ အင်ကြင်းပန်းတွေ ပွင့်နေသည်။ လူတစ်ကိုယ်စာလောက်ရှိသော နွယ်ပင်ကြီးများကို မြင်ရသည်။ သစ်ခွများမှာမူ ကားလမ်းနှင့် မလှမ်းမကမ်းတွင် မရှိကြတော့။ နောက်ပြီး တောင်တက်တောင်ဆင်းတွေရှိသည်။ ကွေ့ပတ်ပြီး တက်ရသည်။ ကွေ့ပတ်ပြီး ဆင်းရသည်။ 'အတက်ကြီးသည် ဂီယာကြီးနှင့် တက်ပါ'၊ 'အဆင်းကြီးသည် ဂီယာကြီးနှင့်ဆင်းပါ' ဟူသော သတိပေးဆိုင်းဘုတ်များကို တွေ့ရသည်။

နောက်ပြီး ကုန်းတက်တစ်ခု ရှိလျှင် ကုန်းဆင်းတစ်ခုရှိသည်။ ကုန်းဆင်းတိုင်းသည် ချောင်းကလေး၊ မြောင်းကလေးများ ဖြစ်သဖြင့် သစ်သားတံတားလေးများရှိသည်။ ယင်းတံတား အများစုက ပျက်ယွင်းနေကြသည်။ ခြုံ၍ပြောရလျှင် မန္တလေး၊ မြစ်ကြီးနား လမ်းတစ်လျှောက်တွင် လမ်းကကောင်းသည်။ ကတ္တရာလမ်း ဖြစ်သည်။ သို့သော် တံတားကလေးများကြောင့် လမ်းဆိုးသလို ဖြစ်နေသည်။ ခရီးကြန့်ကြာရသည်။ အချို့နေရာများတွင် တစ်ဖာလုံလျှင် တံတား တစ်ခု နှစ်ခုလောက် ရှိတတ်သည်။

မနက် ၁၀ နာရီလောက်တွင် ကန့်ဘလူမြို့နယ်ထဲက ဥဒုံပင်ရွာကလေးတွင် ခေတ္တနားကြသည်။ မိမိတို့ ကားတစ်စီးသာ နားခြင်းဖြစ်သည်။ ဆရာပါတို့ ကားက ဆက်သွားသည်။ မိမိတို့ နားရခြင်းအကြောင်းက မောင်သွေးသစ်ကြောင့် ဖြစ်သည်။ သူက မန္တလေးမှာတုန်းကလည်း မနည်းပင် နှိုးပြီး ခေါ်ခဲ့ရသည်။ လမ်းကျတော့လည်း တစ်လျှောက်လုံး အိပ်ပြီးပါလာသည်။ ရွှေဘိုမှာ မိမိတို့ လက်ဖက်ရည်သောက်ကြတော့လည်း သူ အိပ်နေသည်။ ရွှေဘိုက ထွက်မှ သူနိုးသည်။ သူက ရွှေဘို မရောက်သေးဘူးလားဟု မေးသည်။ ရွှေဘိုကျရင် လက်ဖက်ရည်သောက်ရအောင်ဟု ပြောသည်။ မိမိတို့က ရွှေဘို လွန်

လာပြီ၊ လက်ဖက်ရည်သောက်ပြီးကြပြီဟု ပြောသောအခါ သူ ညည်းတွား တော့သည်။ သူ ဆာနေပြီဖြစ်သည်။ ပလတ်စတစ်အိတ်ထဲက ဗာလ ချောင်ကြော်တွေ နှိုက်စားလိုက်၊ ရေသောက်လိုက် လုပ်နေသည်။ သို့ဖြင့် ဥဒ္ဒံပင် ရွာကလေးက လက်ဖက်ရည်ဆိုင်တွင် သူ့အတွက် ရပ်ပေးရခြင်း ဖြစ်သည်။

ဥဒ္ဒံပင်က ထွက်လာပြီး နှစ်နာရီလောက် ကြာသောအခါ တောင် ပေါ်စခန်းလေးတစ်ခုသို့ ရောက်ရှိသည်။ ရှေ့မှသွားနှင့်သော ကားက မိမိတို့ကို သူတို့ စခန်းချနေကျ 'ဘော့စ်' ထမင်းဆိုင်မှ စောင့်နေကြသည်။

ဘော့စ်မှာ နံနက်စာ စားကြသည်။ ဆိုင်ရှင်က ရှမ်းအမျိုးသမီးဖြစ် သည်။ မိုးညှင်းသူဖြစ်သည်။ သည်မှာ ကချင်ပြည်နယ်က အသံဝဲဝဲ များကို စပြီး ကြားရသည်။ ဆိုင်ရှင်၏ ခင်ပွန်းက မော်ထဲမှာ ရောက် နေသည်။ မိမိတို့က မော်ထဲကို သွားကြမည့်သူများဖြစ်သည်။ ဟိုပင် မှတစ်ဆင့် သို့မဟုတ် မိုးကောင်းမှတစ်ဆင့် မော်ထဲသို့ သွားကြလာကြ သူများ ဤဆိုင်မှာ ခရီးတစ်ထောက် နားကြသည်။ ယင်းကြောင့်ပင် ဆိုင်နာမည်ကို ဘော့စ်ဟု ပေးထားခြင်းဖြစ်သည်။ ဘော့စ် ဆိုသည်က လောပန်းပဲ မဟုတ်လား။

ဆိုင်ရှင် မလှခင်နှင့် သူမ၏ မောင် ညီမများက မိမိတို့ကို စာရေး ဆရာအဖွဲ့ဟု သိသွားကြသည်။ သူတို့က စာဖတ်သည်။ မိမိတို့၏ စာများကိုလည်း ဖတ်ဖူးကြသည်။ နွယ်နီ မဂ္ဂဇင်းကိုလည်း သူတို့ဆိုင် မှာ တွေ့ရသည်။ သူတို့ အထူးစီမံပေးသော ခွေးတောက်ရွက်နှင့် ဆူး ပုပ်ရွက် ရောထားသော ဟင်းချိုက ခံတွင်းတွေ့လှသည်။

သူတို့နှင့် အလွန်ကလေးမှာလည်း စခန်းတစ်ခု ရှိသေးသည်။ မိုင် ၁၀၀ စခန်းဟု အမည်ပေးထားသည်။ ဤနေရာတွင် ဤစခန်းများ ရှိနေရခြင်းက ကားများသည် မကြာမီ မဲဇာတောင်တန်းကို တက်ကြရ

တော့မည်ဖြစ်သည်။ အတက်ကြီးကြီးများကို တက်ပြီး အဆင်းကြီးကြီး များကို ဆင်းလိုက်လျှင်ကား မဲဇာချောင်းနှင့် မဲဇာတံတားလေ၊ အင်းတော်ကြီး မြို့နယ်ပဲပေါ့။

မဲဇာကို တက်သောအခါ တောကြီး၍လည်းကောင်း၊ အတက်ကြီး၍လည်းကောင်း ရာသီဥတုမှာ အေးနေသည်။ မိုးကလည်း အုံ့ပျနေသဖြင့် စိမ့်တိမ့်တိမ့်ပင် ဖြစ်လာသည်။ ကျွန်းတောကြီးများ ပြည့်သိပ်လာသည်။ ပင်လုံးကျွတ် ပွင့်နေသော အပင်များ ဆေးရောင်စုံ ပက်ဖျန်းထားသလို ရှိသည်။ အချို့က တစ်ပင်လုံးနီ၊ အချို့က တစ်ပင်လုံး ဝါ၊ အချို့က တစ်ပင်လုံးဖြူ။

တစ်ပင်လုံး နီနေသည်ကတော့ အင်ကြင်းပဲပေါ့။

နောက်ဆုံးတွင် အဆင်းကြီးတစ်ခုကို ဆင်းပြီးသောအခါ ဘွားခနဲဆို မဲဇာတံတားကို တွေ့ရသည်။

မဲဇာတံတားမှာ အိုမင်းနေပြီ ဖြစ်သဖြင့် ကားတစ်စီးပြီးမှ တစ်စီး ဖြတ်ရသည်။ ဖြတ်ရာတွင်လည်း ခပ်ဖြည်းဖြည်း တစ်လိမ့်ချင်း မောင်းရသည်။ ညအချိန် ဖြတ်ခွင့်မပြု။

တံတားတစ်ဖက်ထိပ်သို့ ရောက်သောအခါ ချောင်းနဖူးတွင်ဆောက်ထားသော ဆိုင်ကလေး တစ်ဆိုင်တွင် မိမိတို့ ခေတ္တနားကြသည်။ မဲဇာချောင်းက အောက်ဘက်တွင် ကွေ့ဝိုက်ကာ စီးဆင်းနေသည်။ နွေရာသီမို့ ရေစီး ညင်သာသည်။ ရေသား ကြည်လင်သည်။

မဲဇာချောင်းကို ရထားဖြင့် အကြိမ်ကြိမ် ဖြတ်ဖူးသည်။ ကားဖြင့်ကား လွန်ခဲ့သော အနှစ် ၃၀ လောက်က (၁၉၆၇) အင်းတော်မှ ဗန်းမောက်သို့ သွားစဉ်က တစ်ကြိမ် ဖြတ်ဖူးသည်။ အင်းတော်–ဗန်းမောက် လမ်းက ကြမ်းသည်။ မဲဇာကို ဖြတ်ရာတွင်လည်း တံတားမရှိ။ ချောင်းထဲသို့ ၆၀ ဒီဂရီလောက် စိုက်ဆင်းသွားပြီး ဒူးဆစ်လောက် ရေကိုဖြတ်ကာ

၆၀ ဒီဂရီလောက် မတ်စောက်စွာ ပြန်တက်ရသည်။ ကမ်းပါးထိပ်ရှိ သစ်ပင်တစ်ပင်တွင် ကြိုးချည်ပြီး ဝန်ချီစက်ဖြင့် ရစ်တက်ရသည်။

မဲဇာသည် ခက်ထန် ကြမ်းတမ်းသလို ချောင်းဝဲယာရှိ လယ်ယာများကို ကြင်နာစွာဖြင့်လည်း ရေပေးဝေပါ၏။

မိမိတို့ နားနေစဉ် ပျားဖွပ်လာသူ နှစ်ဦး ဝါးကျည်တောက်ရှည်ကြီး တစ်ခုဖြင့် ရောက်လာသဖြင့် ပျားရည် ဝယ်ကြရသည်။ သည့်ထက် ပျားရည်စစ်စရာ မရှိပါ။ မဲဇာပျားရည်က နာမည်ကြီးလှသည်။ တောကြီးလေ တောနက်လေ ပျားရည် ကောင်းလေပင်။

မဲဇာက ဆင်းတော့ အင်းတော်ကို ရောက်သည်။ အင်းတော်ကိုကား မိမိ အကြိမ်ကြိမ် ရောက်ဖူးသည်။

အင်းတော်အလွန်တွင် လမ်းခွဲရှိသည်။ တစ်ခုက ကသာသို့ ၁၅ မိုင်၊ တစ်ခုက နဘားဘူတာရုံနှင့် နန်စီးအောင်သို့။

နန်စီးအောင်က ကချင်ပြည်နယ် အစ။

ညနေ ငါးနာရီခွဲလောက်တွင် မိုးညှင်းသို့ရောက်သည်။ မိုးညှင်းမှာ မိမိ အမျိုးများရှိသည်။ မဝင်အား၊ မဝင်ဖြစ်။ မိုးညှင်းကို သတ်သတ်သွားရန် စိတ်ကူးထားသည်။ မိမိ၏ ဇာတိမြေကို ပြည့်စုံစွာ သိရှိလိုလျှင် မိုးညှင်းကို အချိန်ယူပြီး တူးဖော်ရပါမည်။ မိုးညှင်းသည် တိမ်မြုပ်နေသော မိမိ၏ဇာတိမှ မှတ်တိုင်တစ်ခုဖြစ်သည်။

မိုးညှင်းဘူတာကို ခေတ္တဝင်ကြသည်။ မီးရထား ဆရာဝန် ဒေါက်တာ စိုးထွဋ်နှင့် တွေ့ရန်ဖြစ်သည်။ သူက မိမိတို့၏ စာပေ မိတ်ဆွေတစ်ဦး ဖြစ်သည်။ စာပေဟောပြောပွဲများကို စီစဉ်ခဲ့သူတစ်ဦးဖြစ်သည်။

မိုးညှင်းက အထွက် တောင်စွယ်တွင် နေလုံးကြီး ကွယ်သွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ကြရသည်။ ဓာတ်ပုံရိုက်ရန် ကင်မရာထုတ်တော့ မမီလိုက်တော့။ မြန်မှ မြန်လိုက်တာ။

သည်မှာ တိမ်ရောင်တောက်တောက်၊

နောက် ဆည်းဆာလဲ့လဲ့၊

ပြီးတော့ မှုန်ရီဝါးဝါး။

ကားမီးရောင်များ ပြေးကစားလျက်။

အားညယ် ဟိုပင်ရောက်တော့ ခုနစ်နာရီ ထိုးပါပကောလား။

ရုံပိုင် ဦးအုန်းလွင် အိမ်မှာ ခေတ္တ နားကြသည်။ ဦးအုန်းလွင်တို့က ခရီးဆုံးကို ရောက်ချေပြီ။ မိမိတို့က ဆက်ရဦးမည်။ မလှမ်းမကမ်းရှိ စားသောက်ဆိုင်တစ်ခုတွင် ညစာ ကမန်းကတန်း စားကြသည်။ ဆိုင်ရှင် တရုတ်မကလေး၏ ရယ်သံ ချိုလွင်လှသည်။

ဟိုပင်သည် တစ်ချိန်တုန်းကလို မစည်တော့။ မိုးကောင်းလမ်း ပိတ်ထားတုန်းက ဟိုပင်မှ ဟိုပင်။ မော်ထဲကို သည်လမ်းကပဲ တက်ကြရသည်။ ယခုတော့ မိုးကောင်းလမ်း ပြန်ဖွင့်ပြီမို့ ကောပြီး ကျန်ရစ်သည်။

ဟိုပင်က ထွက်တော့ ရှစ်နာရီခွဲပြီး မိုးကောင်းကို အမှောင်ထဲမှာ ဖြတ်ကြသည်။ မိုးကောင်းလည်း ဟိုတုန်းကလောက် မစည်တော့။ လက်ရှိအခြေအနေက မန္တလေး၊ ဖားကန့် ကားလမ်း တောက်လျှောက်။ ရထားနှင့် လာသူများသာ မိုးကောင်းကို ဖြတ်တော့သည်။ နောက်ပြီး လုပ်ငန်းပုံစံကလည်း ပြောင်းသွားပြီလေ။ တစ်ပိုင်တစ်နိုင် တိုးတိုး တိတ်တိတ်များ မဟုတ်ကြတော့။

ကားနှစ်စီးသည် အမှောင်ထဲတွင် ပြေးလွှားလျက်။

တောရိပ်တောင်ရိပ် ရွာရိပ်မည်းမည်းများ။

၁၁ နာရီကျော်တော့ မြစ်ကြီးနားကို မြင်ရသည်။ မြို့ထဲကို အတော် ဝင်ရသည်။ မိမိ သိသော မြစ်ကြီးနား မဟုတ်ပါ။

ကိုသန်းဆွေတို့အိမ်ကို ရောက်တော့ ၁၁း၃၀။ မှောင်နေသည်။ မီး

မလာပါ။ မိုးကြီးရွာချသည်။ မောမောပန်းပန်းနှင့် အမှောင်ထဲမှာ အိပ်ပျော်သွားကြသည်။

*

(၄)

နောက်တစ်နေ့ မနက်ကျမှ မြစ်ကြီးနားကို တွေ့ရသည်။ ကိုသန်းဆွေ၏ မိသားစုကို တွေ့ရသည်။ ဥတ္တရလမင်း အဖွဲ့သားများကို တွေ့ရသည်။

အစောဆုံး ရောက်လာသူက ကိုမောင်စံ။ သူကလည်း မနေ့ညကမှ တနိုင်းက ပြန်ရောက်သည်။ တနိုင်းမှာ ကြိမ်အရောင်းအဝယ် သွားလုပ်နေသူ။ တနိုင်းက မြစ်ကြီးနားနှင့် မိုင် ၁၂၀ ဝေးသည်။ စတီးဝဲလမ်း၊ ဒါမှမဟုတ် လီဒိုလမ်းပေါ်မှာရှိသည်။ တနိုင်းက ကြိမ်အများဆုံးထွက်သည်။ ကြိမ်တောတွေချည်းဖြစ်သည်။ ပြီးတော့ ရွှေလည်းထွက်သည်။ တနိုင်းရွှေက နာမည်ကြီးသည်။ ရွှေရည်ကောင်း၍ လူကြိုက်များသည်။ ကိုမောင်စံက စကားပြောကောင်းသူဖြစ်သည်။ မိမိတို့ မေးသဖြင့် ကြိမ်လုပ်ငန်းနှင့် ရွှေလုပ်ငန်းအကြောင်းများ ပြောရာ ကက်ဆက်ခွေ တစ်ဖက်ရသည်။

နောက် ခင်မောင်စိုး (ကျောက်ဆည်) ရောက်လာသည်။ သူက အငြိမ်းစား ဗိုလ်ကြီးဖြစ်သည်။ 'ဗိုလ်ကြီး' ဟုပင် ခေါ်ကြသည်။ သူ ရန်ကုန်လာတုန်းက မဂ္ဂဇင်းတိုက်ကို လာဖူး၍ သိမှတ်မိသည်။

ထို့နောက် ဦးခင်မောင်၊ သူက ရှေ့နေ၊ သူ့ကိုလည်း ယခင်ကတည်းက သိသည်။ မိုးကောင်း ကိုစိန်လွင်နှင့်အတူ မဂ္ဂဇင်းတိုက်ကို လာဖူးသည်။ ဝိုင်းထိုင်ဖူးသည်။ စကားပြောကောင်းသည်။ ရှေ့နေပဲလေ။

မိမိတို့အထဲမှာ စကားပြောကောင်းသူတွေချည်း ဖြစ်သည်။ ကိုစိုးညွန့်က ကျူရှင်ဆရာ လုပ်ခဲ့ဖူး၍ အထူးပြောစရာမလို။

နောက်ရောက်လာသူ နှစ်ဦးက ကိုစိန်လွင်နှင့် ကိုဆွေလင်း၊ သူတို့နှစ်ယောက်စလုံး စာရေးသည်။

နောက်ဆုံး ရောက်လာသူက ဦးခင်မောင်ညို။ မနေ့က တစ်နေ့နှင့်ညဝက် ကားမောင်းခဲ့ရသဖြင့် အိပ်ရာထ နောက်ကျဟန် ရှိသည်။ သို့သော် ပင်ပန်းပုံမရ။ မိမိတို့က 'မင်းကြီး' ဟုခေါ်သော ဦးခင်မောင်ညို၏ မျက်နှာက အမြဲတမ်း ရွှင်လန်းလျက်ရှိသည်။ စကားပြောပုံကလည်း အမြဲတမ်း သွက်လက်နေသည်။

လူစုံသောအခါ လက်ဖက်ရည်ဆိုင် သွားကြသည်။ လက်ဖက်ရည်ဆိုင်မှာ ကဗျာဆရာ ဇန်းမော်ညိုလေးနှင့် တွေ့ရသည်။

မနက် ၁၀ နာရီလောက်တွင် လိုအပ်သည့် ရိက္ခာများတင်ပြီး ကားနှစ်စီးဖြင့် မြစ်ဆုံသို့ သွားကြသည်။

မြစ်ဆုံကို မိမိ ငယ်ငယ်ကလည်း သွားဖူးသည်။ ကြီးမှလည်း သွားဖူးသည်။ စစ်မဖြစ်မီကလည်း သွားဖူးသည်။ ကချင်ပြည်နယ် ဖြစ်မှလည်း သွားဖူးသည်။ မြို့အထွက်တွင် မြို့ကွက် ချဲ့ထားသဖြင့် ပြောင်းလဲနေသည်မှအပ မန်ခိန် (ကရိန်နော်) ၏ ဟိုမှာဘက်တွင် သိပ်ပြီး ပြောင်းလဲလှသည် မတွေ့ရ။ အာလန် ကျေးရွာသည် လည်းကောင်း၊ ကျိန်ခရန်သည် လည်းကောင်း ယခင်အတိုင်းပင် ဖြစ်သည်။ တစ်ခုပဲရှိသည်။ လမ်းတွေကတော့ အရမ်းပျက်စီးနေသည်။

မြစ်ကြီးနားကနေ ၂၇ မိုင်လောက် ဝေးသော တန်ဖရဲရွာအနီးက မြစ်ဆုံကို တစ်နာရီခွဲလောက် မောင်းရသည်။ ဟိုတုန်းက လမ်းကောင်းသဖြင့် တစ်နာရီသာ မောင်းရသည်။

မြစ်ဆုံမှာတော့ အတော်ကြီး ပြောင်းလဲနေသည်။ ရှည်လျားသောဈေးဆိုင်တန်းကြီးရှိသည်။ ပြီးတော့ အသစ် ဆောက်လုပ်ထားသည်များရှိသည်။ မိမိအမြင်တော့ သဘာဝအလှနှင့် မဆက်စပ်မိဟု ထင်သည်။

ဗိသုကာသဘောပဲ ဖြစ်မည်။

မလိခ (မေလိခ) နှင့် အင်မိုင်ခ (မေခ) ကား ယခင်အတိုင်းပင်။ မလိခက ညင်ညင်သာသာ၊ အင်မိုင်ခက ကြမ်းကြမ်းထန်ထန်။ မြစ်ဆုံရာအနီးရှိ မလိခရေပြင်နှင့် ကမ်းခြေမှ ကျောက်တုံးကျောက်ဆောင်ကြီးများက လှပဆဲပင်။

အဝေးဆီတွင် တွေ့မြင်ရသော တောင်ပြာတန်းများကလည်း ခပ်စိမ်းစိမ်းပင်။

မလိခ မြစ်ကမ်းနဖူးထက်တွင် မြစ်ဆုံက ငါးကြင်းကင်၊ ချေသားကင်၊ ပါလာသော ယမကာတို့ဖြင့် ဝိုင်းဖွဲ့ကြသည်။ စာအကြောင်း ပေအကြောင်း သတင်းရော၊ အတင်းရော ပြောဖြစ်ကြသည်။

မြစ်ဆုံက အပြန်တွင် မန်ခိန် (ကရိန်နော်) ကို ဝင်ကြသည်။ မန်ခိန်က ရေလယ် ကျောက်ဆောင်များသည် မိမိ ငယ်ငယ်တုန်းကလောက် မလှတော့ဟု ထင်သည်။ ဘာကြောင့်မှန်းတော့ မသိ။

မန်ခိန်က အပြန်တွင် ဧရာဝတီ မြစ်ကူးတံတား တည်ဆောက်နေသည်ကို ဝင်ကြည့်ကြသည်။ ပုဂံခေတ်က ကျောက်တုံးများချပြီး တရုတ်တပ်များ မြစ်ကို ဖြတ်ကူးကြသည်ကို အမှတ်ရမိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်တပ်များ မြစ်ကိုဖြတ်ပြီး ထွက်ပြေးကြသည်ကို မြင်ယောင်မိသည်။

ထို့နောက် မြို့ကိုဖြတ်ပြီး ပြန်ခဲ့ကြသည်။

ဟိုတုန်းက မြစ်ကြီးနားနှင့် ယခုမြစ်ကြီးနား။

မန္တလေးကို သိမ်းပိုက်အပြီး တစ်နှစ်အကြာ ၁၈၈၆ နိုဝင်ဘာတွင် ဗိုလ်ကြီး အိပ်ချ်အိုဒေါနယ် ကွပ်ကဲသော ဂေါ်ရခါးတပ်ရင်း ၄၄ စတင်တပ်စွဲခဲ့သော မြစ်ကြီးနား။

သည့်အရင်က မြန်မာတို့၏ တပ်မြို့ ဝိုင်းမော်နှင့် ဓားလွယ်ခုတ်တွင်

ရှိသော မထင်မရှား ကူးတို့ဆိပ် ရှမ်းရွာကလေး မြစ်ကြီးနား။

အို မနက်ဖြန်ကျရင် အရင်တုန်းက မြေပုံပေါ်မှာ မထင်ရှားတဲ့ ဖားကန့်ကို သွားကြရဦးမှာပဲ။

မိမိနှင့်စာပေလှိုင်းဂယက်များစာအုပ်မှ

■

## မြစ်ဆုံ

▶ နေဝင်းမြင့်

သည်နေရာမှာတော့ မြစ်သည် မြို့တွေ ရွာတွေကို မဖြတ်ရသေးပါ။ လယ်တောယာတော၊ ကျူတောကိုင်းတော၊ ကြံတောပြောင်းတော၊ ရိုးပြတ်တော မြက်ခြောက်တော၊ သစ်တောဝါးတောတွေကိုလည်း ဒီးဒီးလွှားလွှား မကျော်ရသေးပါ။ စိမ်းလန်းသော မြစ်ကမ်းပါးများ၊ ဟသ်ပဒါးရောင် မြစ်ကမ်းပါးများကိုလည်း လက်ရောက်ရောဝင်မရှိ။ မြစ်၏ အစသည် ပကတိအပျိုစင်ဖြစ်သည်။ မြစ်၏ အဆင်တန်ဆာအဖြစ် လကြေးရောင်တောက်တောက်သောင်ပြင်နှင့် ဆေးကြိတ်ကျောက်လုံး မွှတ်မွှတ်တွေသာရှိသည်။ မွေးကင်းစမြစ်သည် 'တောပင်စိမ်းရောင်' လည်ဆံမွေးတွေ ဖောင်းထနေသည့် မြင်းတစ်ကောင်လို တရွှရွှ ပြေးတော့မည့်ဟန်ဖြင့် မြစ်ဦးသည် စာမရှိသို့ ထူးမခြား ရှိနေလေသည်။ ဆီးဖြူ၊ ကြစု၊ သစ်ဆိမ့်ဟူသော 'တြိဖလ' ကဲ့သို့ ဤနေရာ၌ မြစ်သုံးစင်းသည် ထိပ်ဆိုင်လျက်ရှိ၏။ ဝေးလံသောအရပ်မှ ကိုယ့်ခရီးကိုယ် နှင်လာခဲ့သည့် မြစ်နှစ်စင်းက ကွေ့တစ်ကွေ့မှာ အမှတ်မထင်တွေ့ကြပုံရှိသော်လည်း အလန့်အဖျပ်မရှိ။ ပါပဓာတ်မှ ကင်းပသော

လမင်းကဲ့သို့ အေးမြသောမေတ္တာဖြင့် အချင်းချင်း အညီအညွတ်ရှိရာမှ အသစ်ဖြစ်သော မွေး ဖွားခြင်းကိုပြုသည်။ မြစ်တစ်စင်းမွေးဖွားခြင်း။ ဂင်္ဂါရေနှင့် ယမုန်နာရေတို့ မကွဲမပြား တစ်သားတည်းရောနှောပေါင်းစပ် 'သံသဌ' ပြုကြသကဲ့သို့ ပါရမီဖက်ကြသည့်နေရာလည်းဖြစ်သည်။ ထို အခါ အသစ်ရှင်သန်လာသော မြစ်သည် 'ဤနေရာမှ အစပြု၍ ငါကား သူတော်ကောင်းတို့ ကျင့်ကောင်းစွာလှ နိက္ခမဟု ကိစ္စလွယ်မြတ် အကျင့် ဝတ်ကို ဆောင်တော့အံ့' ဟူသော ထွက်မြောက်ခြင်းဖြင့် လှမ်းတော့မည့် ဟန်ရှိ၏။ မြစ်သည် ဥကဖွားရသော အဏ္ဍဇလည်းမဟုတ်၊ ဝမ်းရေ ကြည်က သက်ရသော 'ဇလာဗုဇ'လည်း မမည်။ အညှိက စွဲ၍ဖြစ်သော သံသေဒဇလည်း မရောက်၊ ဥပပါတ်မည်သော ကိုယ်ထင်ရှားရှိသည့် 'သြပပတ္တိ' ပဋိသန္ဓေအသွင်ဖြင့် တောင်အရပ်ပင်လယ်ဆီသို့ ဤနေရာမှ စတင်စီးဆင်းလေသည်။ မြစ်နှင့် တောင်တန်းသည် စိတြ ဂီဝါ ခိုပြာရောင် အဆင်းဖြင့် လှချင်တိုင်းလှနေသည်။ ဤသို့ဖြင့် ဧရာဝတီသည် ထာဝရ ဥစ္စာ၊ ဇင်္ဂမဥစ္စာတို့တည်ရာ မြေယာကောင်းပမာ တောကောင်းမြိုင်စွန် ကြားက 'ဟန်လှ' နှင့် စီးဆင်းလာခဲ့၏။

သည်မှလွန်လျှင် မြစ်ကမ်းရွာဆိပ်၊ တောရိပ်စေးပျစ်၊ သစ်ကောင်း တောစိုး၊ ကုန်းရိုးရေဝေ၊ သောင်ခြေသဲစ၊ ကိုင်းမကျူတော...အမော တကော ရှိရတော့မည်။ မြစ်ရိုးတစ်လျှောက် ဘဝထိုထို လူထိုထိုတို့နှင့် အတူ ဘဝကိန်းချေ ရှိကြတော့မည်။ စီးဝင်လာသော လက်တက်လက် ပွား ချောင်းရိုးမြစ်ရိုးမှန်သမျှတို့နှင့် အသာအကြည် ပိုက်ထွေ့ကာ ခရီး နှင်တော့မည်။ စီးပွားလိုမှု၊ ကောင်းချီးဆုပဟု၊ အနုမောဒနာ ပြုလိုငှာဖြင့် လယ်ခင်းကိုင်းခင်းတို့ကို စိမ်းမြစေတော့မည်။ သာသနာသိုက်ဓာတ် ကိန်းခန်း၍လာသည့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ မန္တလေး၊ တကောင်း၊ ကောင်းတုံ၊ ကောင်းစဉ်၊ ငဆောင်ချမ်း သာသနာတော်အစဉ်လိုက် ရောက်

ရမည့် ကိုးဌာနသည်ပင် ဧရာဝတီမြစ်နှင့် ဓာတ်ဖက်ကျခဲ့သည် မဟုတ်လော။

အတန်ငယ်မြင့်သော မြစ်ကမ်းပါးထိပ်မှ ဧရာဝတီမွေးကင်းစကို ကျွန်တော် မြင်နေရသည်။ လကြေးရောင် သဲမှုန်တွေက မနက်ခင်းနေခြည်အလက်မှာ ပြိုးပြက်နေလေသည်။ ဆေးကြိတ်ကျောက်လုံးတွေက ရေစပ်သောင်ခုံတစ်လျှောက် ဥသျှစ်သီးတွေလို တပြင်တပြန့် ရှိနေသည်။ မြစ်အရှေ့ဘက်ကမ်း တောင်တန်းညို့ညို့ကြီးတွေက မြစ်တစ်စင်းမွေးဖွားရာ မီးလင်းဆောင်ကို စောင့်နေကြသည့် သူရဲကောင်းတွေလို အစောင့်အနေ ထူထပ်လှသည်။ ကျွန်တော်ထိုင်နေသည့် မတ်စောက်စောက် မြစ်ကမ်းပါးပေါ်မှာတော့ ကချင်ရိုးရာစားသောက်ဆိုင်ကလေးတွေ စီစီရီရီရှိသည်။ ဦးသန်းဆွေ (ဥတ္တရလမင်း)၊ ခင်မောင်စိုး (ကျောက်ဆည်) နှင့် ကျွန်တော်တို့ သုံးဦးက မြစ်ကမ်းပါးစပ်မှာ ဖျာတစ်ချပ်ခင်းကာ မြစ်၏ကျက်သရေကို ငေးကြလေ၏။

"ဒါက ငအုံး (ငါးအုံး) ဗျ...တောချဉ်ပေါင်ရယ်၊ သစ်ချတူးရယ်၊ ကြက်သွန်ဖြူရယ်၊ ကချင်ငရုတ်ကောင်းရယ် ရောချက်ထားတာလေ...တောင်ယာပင်စိမ်းရယ်၊ ငရုတ်စိမ်းရယ်၊ ချင်းရယ်၊ ဖက်ဖယ်ရွက်လည်း ပါတယ်...ကချင်ရိုးရာ ငါးချက်ပေါ့"

ဦးသန်းဆွေက ပြောခြင်းဖြစ်သည်။

ကချင်ဟင်းစပ်တွေကို ကျွန်တော် ခံတွင်းတွေ့ပါသည်။ စပလင် (စပါးလင်)၊ မက်လင်ချဉ်၊ ဒူရ်ချုန်၊ ဆီတို့ဟူး၊ ခရမ်းချဉ်သီး နိုင်းချင်းမှာ ကချင် ငရုတ်ကောင်းမွှေးမွှေး ခပ်ထားသည့် ကျောက်ခရုဟင်းကလည်း ကောင်းလှပါ၏။ ဆီအခပ်နည်းသည့် ကချင်ဟင်းမယ်တွေက အသီးအနှံတို့၏ သဘာဝ အနံ့အရသာ မပျက်တာ သတိထားမိပါသည်။

မြစ်ချိုင့်ဝှမ်းထဲမှာတော့ သံဝမ်းပြားစက်တပ်မော်တော်ကြီးတစ်စင်း ဆန်တက်နေသည်။ စက်သံက တောင်တန်းတွေကို ရိုက်ခတ်ကာ မြစ်ကမ်းပါးဘက်အထိ တက်လာသည်။ အထက်ဘက်မှာ ရွှေကျင်သည့် မော်တော်ကြီးတွေ အတော်များများရှိသည်ဟု ဆိုသည်။ ရပ်ထားသည့် ပဲ့ထောင်ကလေး နှစ်စင်းပေါ်မှာတော့ ရှမ်းခမောက်ဆောင်း အလုပ်သမတို့ ရှိနေ၏။ အဝေးမြို့က လာကြသူတွေက ဧရာဝတီမြစ်ဖျား မြစ်ကျောက်လုံးချောတွေကို အမှတ်တရ ကောက်ကြလေသည်။

"သည်မြစ်ကို နမ်ကျောင်တွေက လုပေ ခေါ်ကြပြီး မောရှမ်းတွေက နမ့်ကျိုလို့ ခေါ်ကြတယ်…နမ့်ကျိုဆိုတာ ကျောက်မျက်ရတနာမြစ်လို့ အဓိပ္ပာယ်ရတယ်လို့ ကြားဖူးတယ်…မြန်မာတွေကတော့ သည်မြစ်မှာ ဧရာပတ္တနဂါးမင်းရှိတယ်လို့ ယုံကြည်ကြတယ်…သင်္ကရိုက်ဘာသာနဲ့တော့ အေးမြ စိမ်းလန်းမြစ်တဲ့…ဟင်ဒီတွေကတော့ အိုင်ရားဗသီး (aira-vati) လို့ အသံထွက်ကြတယ်…ဆင်မြစ်ဆိုတဲ့သဘောပဲ…တရုတ် ထန်မင်းဆက်လာ ကျမ်းတွေမှာတော့ တူလော်ကျူးကျီးယန်းလို့ မှတ်တမ်းတင်ကြတယ်…ပျူမြစ်နိုင်ငံပေါ့…မွန်တွေကလည်း ရေးကတိရ်စုလ်မြစ် (ပျူမြစ်) လို့ ခေါ်ခဲ့ကြတယ်"

ဒေသခံတွေကိုချစ်သောစိတ်ဖြင့် ကျွန်တော် ပြောနေမိခြင်းဖြစ်သည်။ လု(စ်)က ဟသ်ပဒါးမြစ်လို့ အနက်ဖော်တာကို နှောင်းပညာရှင်များက ငြင်းပယ်သည်လည်းရှိသည်။ မည်သို့ပင်ဖြစ်စေ မြစ်တစ်စင်း၏ မွေးဖွားခြင်းကို မျက်မြင်ကိုယ်ရောက် မမြင်ဖူးသော ကျွန်တော့်အဖို့ ခံစားစရာတွေချည်း ဖြစ်နေသည်။ သည်နေရာမှာတော့ မေခနှင့် မလိခသည် ကျောင်းပထဝီဝင် စာအုပ်ထဲက မျဉ်းကြောင်းကွေးကွေးကလေးတွေ

မဟုတ်တော့။ လှပသော ဘယက်လည်မှာ ဒွါဒရာ လည်စည်းကြိုးနှစ်သွယ်ဖြစ်နေပြီ။ မြစ်နှစ်စင်းဆုံကာ မြစ်မတစ်စင်း ဖြစ်လာသည့်နေရာကို 'မနုဿဃဟ' လို့ ကျွန်တော် မြင်နေရသည်။

"မြစ်ကြီးနားကနေ ၂၈ မိုင်ဝေးတယ်…တန်ဖဲရွာကနေ အတွင်းကို တစ်မိုင်လောက်ဝင်ရတယ်…အရှေ့ဘက်က မေခမြစ်…အနောက်ဘက်က မလိခမြစ်…၊ မြစ်နှစ်မြစ်စလုံး မြောက်ဖျားစွန်း ရေခဲတောင်တွေဆီကနေ ရေခဲမြစ်အသွင်နဲ့ စီးဆင်းလာကြတာပါပဲ…မေခမြစ်က ချောင်းဖျားကနေ သည်အထိ မိုင် ၂၂၀ လောက်ရှည်မယ်…မလိခက မိုင် ၁၅၀ လောက်ရှိမယ်"

ဆရာခင်မောင်စိုး (ကျောက်ဆည်) က ကျွန်တော့်ကို ပြောပြသည်။ မေခမြစ်နှင့် ဘေးချင်းယှဉ်လျက် ရှန်ငေါတောင်တန်းကြီးရှိနေကာ သည်မြစ်နှင့် မလှမ်းမကမ်းမှာ ချီဖွေ၊ လောခေါင်၊ ဆော့လော်၊ မန်ကျီ၊ ပရှဲ၊ လကင်၊ ဖီခေါ၊ ခေါင်လန်ဖူးမြို့ကျေးရွာတွေ ရှိသည်။ သည်မြစ်၏ ချောင်းဖျားက ပန်နန်းဒင်၊ ဂဝိုင်၊ တဖွန်ဒမ်၊ ဂူဘားအထိ ရောက်နိုင်သည်။ ကျွန်တော့်စိတ်ကူး မှန်းဆချက်သာဖြစ်သည်။ ဂူဘားအထိရောက်လျှင်တော့ ဒီဖူးတောင်ကြားလမ်းနှင့် မဝေးတော့ပြီ။ မြောက်စူးစူး ချောင်းဖျား။ မေခမြစ်ကို လမ်းခရီးတစ်လျှောက် 'အဒုံဝမ်'၊ 'ရမေထီ'၊ 'နန်းတမိုင်'၊ 'ဂေါင်မြစ်မြစ်'၊ 'အယ်န်မိုင်ခ' စသည်ဖြင့် ခေါ်ကြသည်လည်းရှိ၏။ မလိခမြစ်ကတော့ ပလာရူးခုံနော် အရပ်မှာ ချောင်းဖျားခံကာ နမ့်တီယူမြစ်၊ ဆီယူမြစ် စသည့် အမည်များဖြင့် မြစ်ဆုံကို ရောက်လာခြင်းဖြစ်သည်။ သည်မြစ်ဖျားကလည်း မချမ်းဘောကိုလွန်ကာ နမ့်ခမ်းအထိ ရောက်ကောင်းရောက်နိုင်သည်။ မြစ်နှစ်မ ဆုံမိရာမှ ဖြစ်တည်လာသော ဧရာဝတီသည် မြစ်ကြီးနားမှ ဗန်းမော်အထိ စီးဆင်းလာရာက ဗန်းမော်

မှ ကသာခရိုင် မိုးတားအထိ ပစောက်ပုံ ပြေပြေကလေး ခွက်ဝင်နေသလို ဖြစ်နေကာ မြစ်သည်ပင် အရှေ့မှ အနောက်သို့ စီးဆင်းနေသည်။ မိုးကောင်းချောင်းက တာဟိုးနား အနီးမှာ ဧရာဝတီထဲ စီးဝင်သည်။ တာပိန်မြစ်က ဗန်းမော်မြို့အထက်နားမှာ ဧရာဝတီထဲ စီးဝင်သည်။ အရှေ့ရပ်မှ စီးဆင်းလာသော ရွှေလီမြစ်က ကသာခရိုင် အင်းရွာအနီးမှာ ဧရာဝတီထဲ စီးဝင်သည်။

"ကျွန်တော်တို့ဒေသက နှင်းဖုံးတောင်တွေရှိတယ်...သဘာဝ သစ်တောကြီးတွေရှိတယ်...တောင်ထူထပ်တယ်...မြစ်ချောင်း လွင်ပြင်တွေနဲ့ နီးတဲ့နေရာတွေမှာတော့ လွင်ပြင်တွေ ရှိတတ်ပါ တယ်...ဟူးကောင်းနယ်နဲ့ တနိုင်းမြစ်ဝှမ်း၊ ပူတာအိုနယ်ဖြစ်တဲ့ မလိခမြစ်ဝှမ်း၊ နောက် မြစ်ကြီးနားနဲ့ ဗန်းမော်ပြန့်၊ မိုးကောင်း လွင်ပြင်၊ ကောက်ကွေ့ချောင်း လွင်ပြင်တွေပေါ့"

ဥတ္တရလမင်း ဦးသန်းဆွေက ဒေသပထဝီဝင်ကို စိတ်ဝင်စားသူ ဖြစ်သည်။ 'ကျော်၍သာ မမြင်ရသော်လဲ့၊ မျှော်၍သာ အထင်ဖြင့် လှခဲ့ ပေါ့' လို့ ဆရာဇော်ဂျီ ဖွဲ့သလိုပါပဲ။ ရှေးအခါက အင်လောင်ဝမဂမ် နတ်မင်းကြီးက လက်ယာလက်က ရွှေခွက်၊ လက်ဝဲလက်က ငွေခွက်ကို ကိုင်ကာ မဟာသမုဒ္ဒရာမှရေကိုခပ်သည်။ မြောက်ဖျားစွန်း တောင်ထွတ် များအပေါ် ရွှေခွက်မှ ရေကိုလောင်းလိုက်သည့်အခါ မေခဖြစ်လာ၍၊ ငွေခွက်ဖြင့်လောင်းသည့်အခါ မလိခဖြစ်လာသည်ဆိုသော ဆွတ်ပျံ့ဖွယ် ဒဏ္ဍာရီကိုလည်း ကြားခဲ့ရသည်။ မဟာသမုဒ္ဒရာ သွန်းလောင်းရေမှ စီးဆင်းလာသော ဧရာဝတီသည် ရေမှုတ်ရိုးလို စီးလာရာက ရေမှုတ်ခွက် နှင့်တူသော ဧရာဝတီမြစ်ဝကျွန်းပေါ်လွင်ပြင်ကျယ်ကို ဖြတ်ရသေးသည်။ ဟသ်ာတမြို့အထက် မိုင် ၆၀ လောက်က စသော မြစ်ဝကျွန်းပေါ်ခုံး

အကွေးသည် မုတ္တမပင်လယ်ကွေ့မှ မိုင် ၂၀၀ လောက် ရှိအံ့ထင်သည်။ မြစ်ဝကျွန်းပေါ်ဒေသကို ပဲခူးရိုးမ၊ ရခိုင်ရိုးမတို့က ကျင်းခတ်ထားကာ အနောက်ဖျားမှာ ပုသိမ်မြစ်၊ အရှေ့ဖျားမှာ ရန်ကုန်မြစ်တွေက ပတ်ဖွဲ့ထားသည်။ ဧရာဝတီသည် တောင်ဘက်ပင်လယ်ဆီရောက်ဖို့ ခရီးမိုင်ပေါင်း ၁၃၀၀ ကျော် ဖြတ်ခဲ့ရသည်။ မြစ်ကျဉ်းတွေကို ကျော်ခဲ့ရသည်။ ဆင်ဘိုမြစ်ကျဉ်း၊ စင်းကန်းမြစ်ကျဉ်း၊ သပိတ်ကျင်းမြစ်ကျဉ်း။

*'ထိုမြစ်ကြီးတစ်လျှောက်၌ တကောင်းသရေခေတ္တရာ၊ ပုဂံမြင်စိုင်း၊ စစ်ကိုင်းအင်းဝ စသော မြန်မာ့သမိုင်းကြီး ပေါ်ထွန်းလျက် မြန်မာ့ယဉ်ကျေးမှုကြီး ထွန်းကားခဲ့သည်။ အကယ်၍ ဧရာဝတီမြစ်ကြီးသာ မရှိပါမူကား မြန်မာလူမျိုး၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုများ ဖြစ်ပေါ်ပြန့်ကား နိုင်မည်မဟုတ်ချေ။ စင်စစ်ဆိုသော် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ ဧရာဝတီသမိုင်း၊ ဧရာဝတီ ယဉ်ကျေးမှုပင်ဖြစ်ပေသည်'*

ဆရာဇေယျ၏ 'စာတိုပေစ' ထဲက မှတ်ချက်ဖြစ်သည်။

ချောက်ကမ်းပါးစောက်က ဆင်းလာခဲ့သည်။ ဆေးကြိတ်ကျောက်လုံးရင်ပြင်ကျယ်ကို ဖြတ်ခဲ့သည်။ မေခနှင့် မလိခ မြစ်နှစ်မြစ်ကို ကောင်းကောင်းမြင်ရသောနေရာကို ရွေးချယ်ကာ ဧရာဝတီနှင့် အနီးဆုံးနေရာမှာ ကျွန်တော် ရပ်နေမိသည်။ မြစ်ရေက ကြည်လင်လွန်းသဖြင့် ရေအောက်က ကျောက်ခဲတွေကို မြင်နေရသည်။ ရေကို လက်ခုပ်နှင့်ခပ်ကာ မျက်နှာသစ်လိုက်တော့ သမိုင်းနှင့် ယဉ်ကျေးမှုသည် ကျွန်တော့်မျက်နှာပေါ်မှာ အေးမြသွားလေသည်။ ရှဘီကွန်ချောင်းသေးသေးကလေးကို ဆီဇာဘုရင် ကူးဖြတ်ခဲ့ခြင်းကို သမိုင်းအဖြစ် မှတ်တမ်းတင်ခဲ့ကြသော်လည်း မြစ်ဆုံမှာ ရပ်နေသည့် ကျွန်တော့်အဖို့ သမိုင်းဖြစ်လာစရာ အကြောင်း

ရှိ။ မြစ်သည် စိတ်ပြဋ္ဌာန်းမှုဖြင့် စီးဆင်းနေခြင်းမဟုတ်။ ဒိဋ္ဌမမ္မပြဋ္ဌာန်းမှုဖြင့် စီးဆင်းနေခြင်းဖြစ်သည်။ သည်နေရာမှာတော့ ဧရာဝတီသည် ရေအဖြစ် မွေးဖွားလာခြင်းမဟုတ်ဘဲ 'မြစ်နိုင်ငံရေး' အဖြစ် မွေးဖွားလာခြင်းဖြစ်သည်။

Idea မဂ္ဂဇင်း။

■

# မြန်မာ့ရတနာ အမွေအနှစ် မြစ်ဆုံ

▶ ကျော်ရင်မြင့်

(၁)

ဧရာဝတီမြစ်ဖျားအစ မေခ၊ မလိခ ပေါင်းဆုံရာဒေသ 'မြစ်ဆုံ'ကို မြန်မာပြည်သူတွေက သိပ်မြတ်နိုး၊ သိပ်တန်ဖိုးထားပြီး ချစ်ကြပါတယ်။ မြစ်ဆုံက မြန်မာ့ရတနာ အမွေအနှစ် ဖြစ်ပါတယ်။

တရုတ်တို့က မြစ်ဆုံကို ဆည်ကြီးဆောက်မယ်ဆိုလို့ တစ်တိုင်းတစ်ပြည်လုံး ပွက်လောညံအောင် ဆန့်ကျင်ခဲ့ကြတယ်။ မြစ်ဆုံဆည်ကိစ္စဖြစ်ပြီးနောက်မှာ မြစ်ဆုံကို လူတွေက ပိုပြီးစိတ်ဝင်စားလာတယ်။ ပိုပြီး လာရောက်လည်ပတ်ကြတယ်။ မြစ်ဆုံက နေ့စဉ်နဲ့အမျှ ပွဲဈေးတန်းလို စည်ကားနေပါတယ်။

ကချင်တို့မြို့တော် မြစ်ကြီးနားကို ကျွန်တော်တို့ ရောက်ခိုက်မှာ မြို့ခံစာပေသမားတွေ ဖြစ်ကြတဲ့ ဥတ္တရလမင်း ဦးသန်းဆွေ၊ ဦးစံ (တနိုင်းစံ) တို့က မြစ်ဆုံကို လိုက်ပို့ကြတယ်။ ကျွန်တော်တို့ ဆိုတာကတော့ စာရေးသူတို့ ဇနီးမောင်နှံရယ်၊ အောင်သမာဓိ ဦးအောင်ရယ်၊ စာရေးဆရာမ ချောအိမာန်ရယ်ပါ။

မြစ်ဆုံက အေးချမ်းပါတယ်။ ငြိမ်းချမ်းပါတယ်။ သွားလာဖို့ အဆင်ပြေတယ်။ ကချင်တို့မြို့တော် မြစ်ကြီးနားကနေ ၂၈ မိုင်ပဲဝေးတယ်။ လမ်းကလည်း ကောင်းတယ်။ ချောလို့။ ကားကို ပုံမှန်မောင်းရင် တစ်နာရီ။ ခပ်သွက်သွက်သမားတွေက ၄၅ မိနစ်ပဲ ကြာတယ်။

မြစ်ဆုံအသွားလမ်းမှာ 'အောင်မြင်သာ' စံပြကျေးရွာဆိုတာ ရှိပါတယ်။ မြစ်ဆုံအနီးက တန်ဖရံ (ခေါ်) တန်ဖံရွာကို ရွှေ့ပြောင်း တည်ဆောက်ပေးထားတာတဲ့။ ရွာကလေးအနီးမှာ 'ကမ္ဘာလုံးဘုရား' ဆိုတာ ရှိတယ်။ ကမ္ဘာလုံးပုံပေါ် စေတီတည်ထားတာပါ။ မြစ်ဆုံသွားတဲ့သူတွေ ဝင်ဖူးလေ့ရှိပါတယ်။ ပတ်ဝန်းကျင် ရှုမြင်ကွင်းက လှပတော့ မြစ်ဆုံ သွားသူတိုင်း တစ်ထောက်နားဖို့ ဝင်ကြတယ်။

(၂)

ဒီနေရာနဲ့ မလှမ်းမကမ်းမှာ 'သံယောဇဉ်' ကြိုးတံတားရှိတယ်။ ၂၀၁၄–၂၀၁၅ ခုက ကျိန်ခရန်ချောင်းပေါ်မှာ ထိုးထားတဲ့ ကြိုးတံတားပါ။ လှတယ်။ တံတားအောက် ချောင်းရေက မှန်လိုကြည်နေတယ်။ ရေထဲကူးတဲ့ ငါးလေးတွေတောင်မှ မြင်ရတယ်။ ရှုခင်းလှတော့ တံတားတစ်ဝိုက်မှာ ဓာတ်ပုံရိုက်ကြတယ်။ ချောင်းဘေးမှာ စားသောက်ဆိုင်တန်းရှိတယ်။ ထိုင်ဖို့ကောင်းလို့ ရောင်းရတယ်။ စားသောက်ဆိုင်တန်းမှာ နာမည်ကြီးတဲ့ ဆယ်လီမမလည်း ရှိတယ်။ ဆယ်လီမမက ဈေးဝယ်တွေ မေးတာကို အမေးတခြား အဖြေတခြား 'တလွဲတွေ' ဖြေလို့ ရယ်ရတယ်၊ ပျော်ရတယ်ဆိုပြီး သူ့ဆိုင်မှာ ဝယ်ယူစားသောက်သူ များတယ်။ ဗီဒီယို ရိုက်တင်သူများလို့ ဆယ်လီမမလည်း ဆယ်လီဖြစ်နေတယ်။ ဖေ့စ်ဘွတ်ခ်ခေတ်မှာ ဆယ်လီမမက ဆယ်လီဖြစ်ပြီး သူ့ဆိုင်က လူစည်တယ်။

မြစ်ဆုံရောက်တာနဲ့ ရှုမျှော်ခင်းက ရင်သပ်ရှုမောလောက်အောင် လှပါတယ်။ ဒီလို ရှုခင်းလှလှနဲ့တွေ့ရင် ဘယ်သူ ဓာတ်ပုံမရိုက်ဘဲ နေနိုင်မှာလဲ။ ကချင်နယ်ဖွား တိုင်းရင်းသားများရဲ့ ဝတ်စုံတွေ ငှားယူ ဝတ်ဆင်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြတာပေါ့။ ရဝမ်၊ ဂျိန်းဖော၊ လီဆူး၊ ခရူး၊ ဇိုင်ဝါး၊ လချိတ် တိုင်းရင်းသားပေါင်းစုံရဲ့ အင်မတန် အရောင်အသွေးစုံပြီး လှပတဲ့ ဝတ်စုံတွေကို ဆိုင်က ငှားယူဝတ်ဆင်လိုက်ရင် အလှတွင် အယဉ်ဆင့်ပေါ့။ ဝတ်စုံငှားတဲ့ ဆိုင်တန်းရှိတယ်။ တစ်စုံ ကျပ် ၂၀၀၀။ တစ်နေကုန် ဝတ်မလား ရတယ်။ မြစ်ရေစပ်ဆင်းရိုက်လို့ ဝတ်စုံတွေ ရေစိုသလား၊ စိတ်မဆိုးဘူး။ ရတယ်။ မြစ်ဆုံကို ဝင်မိတာနဲ့ ဝတ်စုံငှားဖို့၊ ဓာတ်ပုံရိုက်ဖို့ ခေါ်မယ့် ရွှေကြိုတွေ အများကြီး စတွေ့ရမယ်။ ကင်မရာမင်းခေါ်ပြီး ဓာတ်ပုံရိုက်ရင် အေဖိုး (A4) အရွယ် တစ်ပုံ ကျပ် ၄၀၀၀၊ (6 x 8) အရွယ် ကျပ် ၂၀၀၀ ပါ၊ ဓာတ်ပုံဆရာ ခေါ်သွားပြီး သူ့ကင်မရာနဲ့ တစ်ပုံ နှစ်ပုံ၊ ကိုယ့်ဖုန်းနဲ့ တဝကြီး ရိုက်ခိုင်းပါလေ့။

ကျွန်တော့် ခရီးဖော် ဆရာမ ချောအိမာန်တို့၊ အောင်သမာဓိ ဆရာအောင်တို့လည်း ဝတ်စုံလှလှတွေ ငှားဝတ်ပြီး ကချင်တွေ ဖြစ်ကုန်ပြီ။ ဆရာအောင်ကလည်း ဓားလွယ်တဝင့်ဝင့်။ ဆရာမ ချောအိမာန်ကလည်း ငွေမောင်းသံ တညံညံ။

(၃)

မြစ်ဆုံရောက်သူတိုင်း မမေ့နိုင်တာကတော့ မြစ်ကမ်းတစ်လျှောက်က ကျောက်ခဲတွေပါ။ လုံးလုံးဝန်းဝန်း။ အရောင်စုံ။ အရွယ်စုံ။ လှချက်နတ်သွေးထားတဲ့အတိုင်းပဲ။ ဒီကျောက်ခဲတွေကို ကောက်ယူပြီး အမှတ်တရ အိမ်အပြန် ယူသွားချင်စိတ် လူတိုင်းဖြစ်မိတယ်။ ယူလည်း ယူမိကြ

ဘာပါပဲ။ အချို့က မြစ်ဆုံအမှတ်တရအဖြစ် လက်ဆောင်ပေးကြတယ်။ လက်ဆောင်ရသူက ပျော်တယ်။ မြစ်ဆုံကျောက်ခဲကို တန်ဖိုးထားတယ်။

စာရေးသူ အမေရိကန်ကို ရောက်စဉ်က ဆန်ဖရန်စစ္စကိုမှာ နေတဲ့ ပန်းချီအနုပညာရှင် ကိုအောင်အောင်တိတ်ရဲ့ အိမ်ကို အလည်သွားတယ်။ အိမ်ဧည့်ခန်းမှာ မြန်မာပြည် မြစ်ဆုံက ကျောက်ခဲလုံးလုံးဝန်းဝန်း လှလှလေး တွေ့တယ်။ အမှတ်တရ ဝယ်ထားတာတဲ့။ (မြစ်ကြီးနားကနေ ဆန်ဖရန်စစ္စကိုအထိ ယူလာခဲ့ရတာဖြစ်လို့ အတန်အသင့် ဈေးကြီးပေမယ့် ဝယ်သူက ကျေနပ်တယ်။) မြစ်ဆုံကျောက်ခဲလေးက မြန်မာပြည် အလွမ်းပြေပေါ့။

မြစ်ဆုံမြစ်ကမ်းဘေးက ကျောက်ခဲ ပင်လယ်မှာ ကျောက်ခဲကြီးကြီးပေါ် ကျောက်ခဲသေးသေးတွေ ဆင့်ကာ ဆင့်ကာ တင်ရတာလည်း စိတ်ကြည်နူးစရာပါပဲ။ မြစ်ဆုံရောက်သူတွေ လုပ်လေ့ရှိတယ်။ စာရေးသူရဲ့ ဇနီး ဘွားဘွားကြီးလည်း ကျောက်ခဲတွေဆင့်ပြီး ကစားရင်း နုပျိုသွားတယ်။

မြစ်ဆုံမှာ 'မော်တော်ဘုတ်' ငှားစီးလို့ရတော့ မလိခကို ဆန်တယ်၊ စုန်တယ်။ မေခကို ဆန်တယ် စုန်တယ်။ ပြီးတော့ ဧရာဝတီကို စုန်ဆန် တစ်ပတ်ပတ်ပေးတယ်။ မြစ်ဆုံကိုရောက်ပြီဆိုမှတော့ မေခ၊ မလိခ မြစ်နှစ်သွယ်ကို ခံစားချင်သူချည်းပါပဲ။ မော်တော်ခက တစ်ယောက် ကျပ် ၂၀၀၀။ မော်တော်ဘုတ်စီးရင်းနဲ့ မြစ်ဆုံရဲ့ အဓိကရလို ဖြစ်တဲ့ 'သာသနာ ၅၀၀၀ စံ စေတီ' ကို မြစ်ထဲက လှမ်းဖူးနိုင်ပါသေးတယ်။

## (၄)

မြစ်ဆုံရှုခင်းကို အမြင့်က ဆီးမြင်နိုင်တဲ့ စားသောက်ဆိုင်မှာ စာရေးသူတို့ စတည်းချကြတယ်။ လိုက်ပို့တဲ့ ဥတ္တရလမင်း ဦးသန်းဆွေ၊ ဆရာ

တနိုင်းစံတို့က လူပေါင်းဆံ့ပြီး ချစ်ခင်လေးစားသူလည်း များသူတွေပါ။ ဆိုင်ရှင်တွေက သူတို့မျက်နှာနဲ့ အရောင်းအဝယ် မဟုတ်ဘဲ အိမ်လာတဲ့ ဧည့်သည်ကို ဧည့်ခံသလို ဖွယ်ဖွယ်ရာရာ ကျွေးတာပါ။

## (၄)

မြစ်ဆုံကို အရင်ကလည်း မြစ်ကြီးနားက မိတ်ဆွေတွေနဲ့ အတူ စာရေးသူ ရောက်ဖူးပါတယ်။ အစားအသောက်ကောင်း စားရတဲ့အချိန်မှာ မိတ်ဆွေတွေကို သတိရမြဲ ဖြစ်တဲ့အတိုင်းပဲ မအားလပ်လို့ လိုက်ပါမလာနိုင်တဲ့ ရှေ့နေကြီး ဦးခင်မောင်၊ ကိုဆွေလေး၊ ကွယ်လွန်ရှာပြီဖြစ်တဲ့ စာရေးဆရာ ဆရာမာန်မြင့်၊ ဆရာအောင်ပြေညို (နံ့သာမြေ)တို့ကို သတိရကြောင်းလည်း ပြောမိကြပါတယ်။ စိတ်ထဲမှာ သူတို့လည်း ထမင်းဝိုင်းမှာ ပါလာသလို ခံစားရတယ်။

မြစ်ဆုံကတော့ ကြည့်မဝ ခံစားလို့ မတင်းတိမ်နိုင်အောင် လှပသာယာငြိမ်းချမ်းပါတယ်။ မြစ်ဆုံဟာ မြန်မာတွေက မြတ်နိုး တန်ဖိုးထားကြတဲ့ မြန်မာ့ရတနာ အမွေအနှစ်ပါ။ သာယာငြိမ်းချမ်းပြီး ပြည်သူအများစုအတွက် အမြဲထာဝရ တည်တံ့နေရမယ့် ရတနာဖြစ်ပါတယ်။

The New Traveler ပါ ဆောင်းပါးကို
ပြန်လည်ရေးသားပါတယ်။

■

# ပျားရည်လိမ်းသော သစ်ရွက်တစ်ရွက်

▶ မောင်ရင့်မာ(ကျောင်းကုန်း)

‘ပတောင်း’ ကို မြင်ရသည်မှာ အတောင်အလက်စုံသော သားမြေး မြစ်တို့ စွန့်ခွာထွက်သွားပြီးနောက် ရယ်မျိုးရွှင်ပျခြင်းတို့ ဆိတ်ကာ ညှိုးငယ်နွမ်းလျ ကျန်ရစ်သည့် ရင်ခွင်ဟောင်းကို မြင်ရသလို တိုးငြိမ် အုံ့ပျနေလေသည်။

ပုတာအို မြို့မရပ်ကွက်မှ မြောက်စူးစူးသို့ နှစ်ဖာလုံခန့် လျှောက်လာခဲ့ပြီး ‘နိုင်ဟန်ဝိန်း’ စေတီကုန်းကျောမှ ဆင်းလိုက်သည်နှင့် ‘ဟိုခိုဈေး’ သို့ ရောက်သည်။ ဟိုခိုဈေးလွန်၍ လက်ယာဘက်သို့ ချိုးကွေ့လိုက်သည်နှင့် နမ်(မ်)ထွန်ချောင်းတံတား အလွန်က ပန်းလှိုင်ရပ်ကွက်သို့ ရောက်သည်။ ပန်းလှိုင်ရပ်ကွက်က အိမ်ခြေတစ်ရာခန့်ရှိသည်။ ရပ်ကွက်အဆုံးတွင် အလယ်တန်းကျောင်းခွဲ အဆောက်အအုံရှိသည်။ ခါတိုင်းနေ့များကတော့ ဒီနေရာမှ ကျွန်တော် လှည့်ပြန်မြဲဖြစ်သည်။ ထိုတစ်မနက်ကတော့ ကျွန်တော်သည် ရုတ်တရက် လှည့်မပြန်ဖြစ်သေးဘဲ ရိုးပြတ်လယ်ကွင်းတွေအကြား ဖြတ်ဖောက်ထားသည့် မြေလမ်းဖုန်ဖုန်ကလေးဆီ မျှော်ကြည့်နေမိသည်။

"ရှေ့ဆက်ရင် ဘယ်ရွာရောက်မလဲခင်ဗျ"

ကျောပြင်ပေါ် ပလိုင်းရှည်တစ်လုံးကို ချိတ်လွယ်လာသော ရဝမ်အဘိုးအိုတစ်ဦးကို မေးကြည့်လိုက်သည်။

"ပူတောင်း"

"ခင်ဗျာ"

"ပူတောင်း ရောက်မယ်လေ...၊ နမ်(မ်)ထွန်ချောင်းအတိုင်း ဆက်သွား။ ပူတောင်းဟိုဘက်မှာ မုဒ္ဒွန်တို့၊ ပမ္မတီးတို့ ရှိသေးတယ်"

'ပူတောင်း' ဆိုသော အသံကြားသည်နှင့် ကျွန်တော် ထိတ်ခနဲရင်ခုန်သွားသည်။

ပူတောင်းသည် ပူတာအိုမြို့ မတည်မီကတည်းက ခန္တီးရှမ်းတို့တည်ခဲ့သော ရှေးဟောင်းရွာကလေးဖြစ်သည်ဟု စာအုပ်တွေထဲမှာ ဖတ်ခဲ့ဖူးသည်။ တစ်ခါက သိုက်မြိုက်စည်ကားခဲ့သော ရွာကြီးတစ်ရွာ ဖြစ်ခဲ့မည်ထင်သည်။ ကျွန်တော်သည် မြေသားလမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။

နမ်(မ်)ထွန်ချောင်းကလေးသည် ကျွန်တော့်လက်ဝဲဘက်မှာ အော်မြည်စီးဆင်းနေသည်။ ဟိုရှေ့လမ်းညာဘက်မှာ စေတီလေးတစ်ဆူကိုတွေ့ရသည်။ မြောက်ပြန်လေ၌ လွင့်ပါးနေသော နှင်းပဝါ၏ ဟိုမှာဘက်မှ လယ်မီးခိုးနံ့ကိုရသည်။ နမ်(မ်)ထွန်ချောင်းရိုးသည် မြေသားလမ်းကို ပူးတုံခွာတုံ ပြုနေသည်။ မျက်နှာချင်းဆိုင်မှ ပူတာအိုမြို့ဘက်သို့ လာနေသော ရဝမ်၊ လီဆူးနှင့် ရှမ်းတိုင်းရင်းသားတို့ကို မပြတ်တွေ့ရသည်။ နှင်းမှုန်တွေထဲ ပျပျမှုသာ မြင်နေရသော ရွာကလေးသည် အမြင်အာရုံ၌ တဖြည်းဖြည်း သဲကွဲပီပြင်လာခဲ့သည်။ ရိုးပြတ်တွေ မီးရှို့နေသည့် လယ်ကွင်းအလွန်မှာတော့ ဆိုင်းဘုတ်စိမ်းစိမ်းလေးတစ်ခုကို ဘွားခနဲ မြင်လိုက်ရသည်။ ပြီးတော့ အတန်အသင့် သပ်ရပ်သားနား

သော ပျဉ်ကာသွပ်မိုး အဆောက်အအုံလေး တစ်ခု။ အစက ဇရပ်ကလေး တစ်ဆောင်ဟု ထင်လိုက်မိသေးသည်။ သေချာကြည့်လိုက်တော့မှ မူလ တန်းကျောင်းကလေး ဖြစ်နေသည်ကို တွေ့ရသည်။ ကျောင်းရှေ့ ပရိဝုဏ် မြေသားလမ်းထက် မြင့်နေ၍ ခြံစည်းရိုးမှာ သစ်သားလှေကားလေးတစ်ခု ထောင်ထားတာ တွေ့ရသည်။ ကျွန်တော်သည် ရွာထဲသို့ ဆက်လျှောက် လာခဲ့သည်။

အိမ်ခြေ ငါးဆယ်ကျော်လောက် ရှိမည်ထင်သည်။ အများအားဖြင့် သက်ငယ်မိုး (သို့မဟုတ်) သင်းကောရွက်အမိုးတွေနှင့် အိမ်ခြေမြင့် ကလေးတွေ ဖြစ်သည်။ ဝါးထရံလေးတွေ ကာရံထားသည်။ ရွာလမ်း ပေါ်မှာ နှပ်ချေးဖေးထူးနှင့် ခုန်ပေါက်နေသော ကလေးများကို တွေ့ရ သည်။ လူကြီးသူမတို့ကို သိပ်မတွေ့ခဲ့ရ။ နံနက်ခင်း ဟိုခိုဈေးသွား (သို့မဟုတ်) တောင်ယာအလုပ်ခွင် သွားနေကြခြင်း ဖြစ်မည်ထင်သည်။ ရွာကလေးသည် ရေခဲတောင်တွေကြား ချမ်းရာလို့လား မသိ။ တိုးတိတ် ငြိမ်ဆိတ်နေလေသည်။ ကျွန်တော်သည် မြစ်ဝကျွန်းပေါ် ချောင်းကမ်း နဖူးက ရွာကလေးများကို သတိရလိုက်မိသည်။

ပူတာအိုမှ ပူတောင်းသို့ အသွားအပြန် တစ်နာရီခန့် လျှောက်ရ သည်။ ပူတာအိုပြန်ရောက်၍ မြို့မဈေးနားက 'ခမ်းစုကို' မှာ လက်ဖက် ရည် ဝင်သောက်တော့ ဆိုင်ရှင်အစ်မကြီးက ပြောသည်။

"ပူတောင်းဆိုတာ ရှမ်းစကားလေ ဆရာရဲ့။ 'ပူ' ဆိုတာ အဘိုး၊ 'တောင်း' ဆိုတာက မျှော်တဲ့နေရာ။ 'ပူတောင်း' ဆိုတော့ အဘိုးမျှော်တဲ့ နေရာပေါ့"

ပူတောင်းကို (Pu-Tao) ဟု စာလုံးပေါင်းသည်။ ပူတာအိုကိုလည်း (Putao) ဟု စာလုံးပေါင်းသည်။ ပူတောင်းပြီးမှ ပူတာအို ဖြစ်ခဲ့ခြင်း ပေလော။ မည်သို့ဆိုစေ 'အဘိုးမျှော်တဲ့နေရာ' ဟူသော စကားလုံးက

ကျွန်တော့်ရင်ကို လာ၍လှုပ်သည်။ အဘိုးမျှော်တဲ့နေရာ။

အဘိုးသည် ဘာကိုမျှော်ခဲ့ပါသနည်း။ အတိတ်ကိုလော၊ အနာဂတ်ကိုလော။ သားမြေးမြစ်တို့ကိုလော၊ ရယ်မြူးရွှင်ပျခြင်းကိုလော၊ သိုက်မြိုက်စည်ကားခြင်းကိုလော။ ကချင်တောင်ညိုတန်းများအကြား ကျွန်တော်သည် တွေးကောင်းကောင်းနှင့် တွေးနေမိလေသည်။

*

"ဘဝဆိုတာ တိုတိုလေးပါ။ ဘာမှလည်း မဟုတ်ပါဘူး"

အဘိုးအသက် ဘယ်လောက်ရှိပြီကို မည်သူမျှ တပ်အပ်သေချာ မပြောနိုင်။ ကျွန်တော်တို့ တစ်ရွာလုံးမှာတော့ အဘိုးသည် အသက်အရှည်ဆုံး 'ဘိုးသက်ရှည်' ဖြစ်သည်။ အဘိုးနှင့် သက်တူရွယ်တူများ ရွာမှာ တစ်ယောက်မျှ မရှိကြတော့။ ရွာမှာ အဘိုးက ကန်တော့ရမည့် သက်ကြီးရွယ်အို မကျန်ရစ်တော့သည်မှာ ဆယ်စုနှစ် နှစ်ခုမျှ ရှိရော့မည် ထင်သည်။ 'သီလကောင်းလို့ အသက်ရှည်တာ' ဟု တချို့က ပြောကြသည်။ အဘိုးသည် အသက်ရှည်ရုံမက ကျန်းမာရေးကလည်း ဒေါင်ဒေါင်မြည်ဖြစ်သည်။ ခါးလည်းမကိုင်း၊ နားလည်းမထိုင်း။ ဟိုတလောက အဘိုး၏ မျက်စိကို ခွဲစိတ်ကုသလိုက်ပြန်ရာ "ခုတော့ နံရံမှာ နားနေတဲ့ခြင်ကိုတောင် မြင်ရတယ်" ဟု သားမြေးမြစ်တို့က ဆိုလေသည်။ ကျောင်းဆောက်ရာ၊ တံတားဆောက်ရာ၊ လမ်းဖောက်ရာ၊ ကန်တူးရာ၊ ဘယ်နေရာမဆို အဘိုးပါသည်။ ရွာဖျားရွာဆုံး ဘယ်ပြဿနာပဲ ဖြစ်လာလာ အဘိုးဖြေရှင်းမှ ကိစ္စပြီးသည်။ ရပ်ရွာအရေးကိစ္စ တစ်ခုခုအတွက် ပရိသတ်ဗိုလ်ပုံ အလယ်သို့များ အဘိုးရောက်လာခဲ့လျှင် အတန် ညွတ်ကိုင်းသယောင်ရှိသော ခါးမှာ အဘိုး၏ အား၊ အဘိုး၏မာန်ကြောင့် တောင့်ခိုင် မြင့်မတ်နေတော့သည်။ အဘိုး၏ ဘဝကို ငေးမောအားကျသူ များ

ပါသည်။ အသက်ရှည်ရုံမက ဩဇာတိက္ကမလည်း ရှိသည်။ ဂုဏ်သတင်းကျော်စောခြင်းလည်း ရှိသည်။ တစ်သက်ပန်လုံး ညှိုးညှိုးမှိန်မှိန် သိမ်ငယ်ခဲ့ရသည်ရယ်လို့ မရှိ။ ရွှေထီးဆောင်းသော နေ့ရက်များဖြင့်သာ ဝင်းလက်တောက်ခဲ့သော အဘိုး၏ ဆုတောင်းကောင်းမှုကို မချီးမွမ်း၊ မအံ့ဩသူ မရှိခဲ့သလောက်ပဲ ဖြစ်သည်။ သို့စဉ်လျက် အဘိုးသည် ထူးဆန်းသော စကားကို ဆိုခဲ့ပြီ။

"ဘဝဆိုတာ တိုတိုလေးပါ။ ဘာမှလည်း မဟုတ်ပါဘူး"

အဘိုးသည် မည်သို့ ဆင်ခြင်ခဲ့ပါသနည်း။ အဘိုးသည် မည်သို့ စောကြောခဲ့ပါသနည်း။ အဘိုးသည် အများတကာတို့ ငေးမောအားကျဖွယ် ခရီးရှည်ကြီးတစ်ခုကို ဖြတ်သန်းလာခဲ့ပြီးသည်၏နောက် ဘဝကို မည်သို့ အနက်ကောက်ခဲ့ပါသနည်း။ ရွှေရောင်ဝင်းသော နေ့ရက်များပင် ဖြစ်လင့်ကစား ဉာဏ်ကြီးသော အဘိုးသည် လူ့ဘဝ၌ အနှစ်သာရကင်းမဲ့မှုတစ်စုံတစ်ရာကို တွေ့ရှိသွားခဲ့လေသလော။ သို့မဟုတ် အဘိုးသည် မည်သည်ကို မျှော်လင့်ခဲ့ပါသနည်း။

*

"ခုတလော ဆရာ့စာတွေမှာ သင်္ခါရ ရနံ့တွေ သိပ်လွှမ်းတာပဲလို့ မမနှင်းက ပြောတယ်"

ကျွန်တော် ပူတာအိုသို့ ပြောင်းမလာမီ တစ်နေ့က ပန်းဆိုးတန်းမှာ တွေ့သော ဒေါ်တင့်တင့်ဌေးက ပြောခဲ့ခြင်းဖြစ်သည်။ ဒေါ်တင့်တင့်ဌေးတို့၊ ဒေါ်သိန်းသိန်းနှင်းတို့ ဆိုသည်မှာ ကျွန်တော်နှင့် အလုပ်ဌာနတစ်ခုတည်းမှ နှမငယ်များဖြစ်သည်။ သူတို့ ဘယ်နေရာပဲရောက်ရောက် မဂ္ဂဇင်းပါ ကျွန်တော့် စာလေးတွေကို တခုတ်တရ ဖတ်ကြသည်။ လူချင်းတွေ့သည့်အခါ သူတို့ထင်မြင်ချက်ကို ပြောတတ်သည်။

ကျွန်တော် စဉ်းစားကြည့်မိသည်။ စာရေးဆရာတစ်ယောက်သည် သူဒိဋ္ဌဓမ္မ တွေ့ကြုံခံစားနေရသော အတွေ့အကြုံနှင့် ခံစားမှုနယ်ထဲမှ အဘယ်မျှ ဝေးစွာ ရုန်းထွက် လွတ်မြောက်နိုင်ပါမည်လဲ။

ကျွန်တော်တို့အတွက် အသေချာဆုံးနှင့် ကျွန်တော်တို့ မေ့လျော့၍ ထားလေ့ရှိဆုံး အရာမှာ 'သင်္ခါရ' ဆိုတာပဲ ဖြစ်မည်ထင်သည်။ ကုန်လွန်ခဲ့သော နှစ်တစ်နှစ်လုံး ကျွန်တော်တို့ မိသားစုလေးထံသို့ မုန်တိုင်းငယ်များ ဝင်ရောက်မွှေနှောက်သွားခဲ့သည်။

၂၀၀၇ ခုနှစ်ဦးမှာကတည်းက ကြောက်မယ်ဖွယ် Cancer တစ္ဆေက ကျွန်တော်တို့ မိသားစုထံ ထိုးစစ်ဆင်လာခဲ့သည်။ ကျွန်တော် ဘယ်လောက်ကြောက်ရွံ့ခဲ့သလဲဆိုလျှင် Cancer ဆိုသော ဝေါဟာရကို ခုချိန်အထိ မြန်မာစကားလုံးဖြင့် မရေးဝံ့အောင်ပဲ ဖြစ်သည်။ လူဆိုတာ တစ်နေ့နေ့မှာတော့ ရောဂါဝေဒနာတစ်ခုခုနဲ့ သေကြရမှာပဲဟု တွေးတောဖြေသိမ့်နေသည့်အကြားမှာပင် ကြောက်ရွံ့မှုက မပြေပျောက်နိုင်ခဲ့။ ကံတူအကျိုးပေး မိသားတစ်စုသည် ကြောက်ကြောက်ရွံ့ရွံ့နှင့်ပဲ ရှည်လျားသော ထိုးစစ်ကို ခုခံခဲ့ရသည်။ ကိုယ့်ငယ်ထိပ်ပေါ် မိုးကြိုးခဲကျတော့မှ လူဆိုတာ ပို၍ ပူလောင်စူးရှစွာ နာကျင်တတ်သည်။ ပြင်းထန်သော တိုက်ပွဲကာလအတွင်း ကျွန်တော့်လက်ကိုပဲ အားကိုးတကြီး ဆုပ်ကိုင်ထားသော ချစ်ဇနီးရဲ့ မျက်ဝန်းညိုများမှာ အိုမာခယမ်ရဲ့ ကဗျာတစ်စ စွန်းထင်းနေခဲ့သလားဟု ခုပင် နာကျင်စွာ တွေးနေမိသည်။ 'ဒုက္ခနဲ့ တစ်ခါကြုံတိုင်း ချစ်သူရဲ့လက်ကို တစ်ခါကိုင်ပါရစေ' တဲ့။

ဒီကြားထဲ အသက် ၈၀ နီးပါးဖြစ်သော မိခင်အိုကြီး၏ ခန္ဓာစက်ရုံက စက်ကိရိယာတွေ တဖြည်းဖြည်း ချွတ်ယွင်းလာခဲ့သည်။ ခွဲစိတ်ကုသမှု ခံယူပြီးခဲ့ပေမယ့်လည်း တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်နေသည်။ မိခင်အိုအိုအတွက် ကျွန်တော့် စိတ္တဇသောက အပူကလည်း လောင်မြိုက်နေ

သည်။

ကျေးဇူးရှင် ဘွားအေကြီး ကွယ်လွန်စဉ်က ကျွန်တော်သည် သံလွင်မြစ်ကမ်းတစ်နေရာသို့ ရောက်နေခဲ့၍ ကြေးနန်းစာရွက်တစ်ရွက်ကိုပဲ မြင်ခွင့်ရခဲ့သည်။ ဖခင်ကြီး နာမကျန်းတော့လည်း ကျွန်တော် အနီးမှာ မရှိ၊ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ထိုထိုကွဲကြေခံစားရမှုတို့က ကြောင့်ကြပိုစရာဖြစ်လာသည်။ မိခင်အို၏ ဘဝနေဝင်ရီးရီ၌ လုပ်ကျွေးမွေးမြူဖို့ရာ အခွင့်ရပါဦးမည်လော။

စင်စစ် အသက်အရွယ် အတန်ရလာသည့်အခါ အိုခြင်းက ကိုယ့်ဆီ ဒုတ်ဒုတ်ထိ ရောက်မလာသေးသည့်တိုင် 'နာခြင်း' ကို တွေ့လာရသည်။ 'သေခြင်း' ကို တွေ့လာရသည်။ သေခြင်းဆိုသည်မှာ အခါခပ်သိမ်း အိုခြင်း၊ နာခြင်းတို့နှင့် တိုက်ရိုက်အချိုးကျတတ်သည် မဟုတ်မူ၍ အစိုးမရနိုင်သောသဘောက ပို၍ သေချာလာခဲ့သည်။ အဘွားသေလို့၊ အဖေသေလို့၊ သူငယ်ချင်း မိတ်ဆွေတစ်ဦးဦးသေလို့ စသည်ဖြင့် ရေဝေး၊ ထိန်ပင်တို့သို့ အသုဘပို့ရသည့် ရက်တွေ စိပ်စိပ်လာခဲ့သည်။ သေခြင်းသည် ကိုယ့်ထံ ရောက်မလာသေးစေကာမူ ကိုယ့်အနီးအပါးမှာတော့ ဘဖျန်းဖျန်း ပေါက်ကွဲလွင့်စဉ်နေခဲ့သည်။ ဒီတော့ ကျွန်တော့်စာတချို့မှာ သင်္ခါရ ရနံ့သင်းနေမည် ထင်သည်။

ဘဝမှာ ဘယ်အရာကို မက်မောတွယ်တာရမည်လဲ။ ဥစ္စာပစ္စည်းကိုလော၊ ကျော်စောထင်ရှားမှုကိုလော၊ ရာထူးဂုဏ်သိန်ကိုလော။ သဗ္ဗေသင်္ခါရာ အနိစ္စာဆိုသော တရားကို ကျွန်တော်တို့ တစ်နေ့လျှင် တစ်ကြိမ်မျှကိုပဲ နှလုံးသွင်းနိုင်ကြပါသလော။

လူ့ဘဝ၏ အနှစ်သာရ ကင်းမဲ့မှုကို တော်လ်စတွိုင်းက ချောက်ကမ်းပါးထဲသို့ ကျအံ့ဆဲဆဲ လူတစ်ယောက်က ပျားရည်စက်တို့ကို အာသာငမ်းငမ်း လျက်နေခဲ့ခြင်းနှင့် နှိုင်း၍ပြောခဲ့သည်။ ကျွန်တော်တို့သည်

ပျားရည်လိမ်းကျံထားသော ဘဝအပင်ကို ရှင်သန်ဖို့ ကြိုးပမ်းနေဆဲ၊ ကျွန်တော်တို့ဘဝဟာ မှန်တိုင်း မတိုက်ခင်ကထက် မှန်တိုင်းတိုက်ပြီးတော့မှ အသက်ရှင်ရတဲ့ နေ့တိုင်း နေ့တိုင်း ပိုပြီး တန်ဖိုးကြီးလာတယ်ဟု တွယ်ငြိခုံမင်နေဆဲဖြစ်သည်။

*

ချောင်းကလေးသည် ဓမ္မတေးတစ်ပုဒ်ကို သီဖွဲ့နေသလို ကြည်မြစွာ စီးဆင်းနေဆဲ။

ချောင်းရေအလျဉ်၌ လူးလိမ့်မျောပါသွားသော သစ်ရွက်တစ်ရွက်၏ ပင့်သက်ရှိုက်သံကို ကြားလိုက်မိပါ၏။ နှလုံးသည်းပွတ်သို့ နှင်းစက်တို့တဖောက်ဖောက် ကြွေလွင့်နေသံကို ကြားလိုက်မိပါ၏။

ဒီမနက်တွင်လည်း ကျွန်တော်သည် နမ်(မ်)ထွန်ချောင်းရိုးတစ်နေရာမှနေ၍ နှင်းမှုန်မှုန်ထဲ အေးသက်တိုးငြိမ်နေသော 'ပူတောင်း' ရွာလေးဆီမျှော်ငေးရင်း မည်သူ့အတွက်မျှ မရေရာတတ်သော 'အနာဂတ်လက်ကျန်' ကို မိုက်မိုက်မဲမဲ ရေတွက်ကြည့်မိရင်း ပျားရည်စက်တွေကိုပဲ လွမ်းမက်နေမိပြန်သည်။

ဘဝတို့ တိုပါ၏။ ငိုချင်းကား ရှည်လေသည်။

Faces မေ၊ ၂၀၀၈။

■

# ဆိုင်းတောင်ည

▶ ညိုထွန်းလူ

## (၁)

၁၉၉၂ ခုနှစ်၏ နှစ်ကုန်ပိုင်းရက်များတွင် ဆိုင်းတောင်ရွာလေးသို့ ကျွန်တော် ရောက်နေခဲ့သည်။ ယခုတလော ခရီးထွက်ကိန်း ရှိသည်။ မရောက်ဖူးသေးသော အရပ်ဒေသများသို့ ရောက်ရှိမည်။ မိတ်ဆွေသစ်များ တိုးပွားမည်ဟု ဗေဒင်အဟောရှိခဲ့သည်။ ယခုပုံအတိုင်းဆို ဗေဒင်ကတော့ မှန်နေပေပြီ။ ဆိုင်းတောင်သည် ကျွန်တော်နေသော မန္တလေးမြို့နှင့် ခရီးကွာဝေးသည်။ သွားရေး၊ လာရေးခက်သည်။ သည်ရွာလေးကိုလည်း လူအတော်များများ သိကြလိမ့်မည်လို့ ကျွန်တော် မထင်။ ဒါပေမဲ့ ဆိုင်းတောင်ရွာနှင့် ခရီးမဝေးသော ဖားကန့်ကိုတော့ လူတိုင်း ကြားဖူးကြမှာဖြစ်သည်။ ဖားကန့်သည် မည်သည့်အရာကို ကိုယ်စားပြု၍ ကျော်ကြားနေရတာကို ရှင်းပြစရာ လိုမည်မဟုတ်ပါ။

ဒီဇင်ဘာ ဆောင်းရက်များတွင် ဆိုင်းတောင်သည် နှင်းတွေဖြင့် မှုန်ဝေနေသည်။ တစ်ခါတစ်ရံတွင် နှင်းတွေ ထူထပ်စွာ ကျတတ်သောကြောင့် နေလုံးကို မနက် ၁၁ နာရီလောက်မှပဲ မြင်ရတတ်သည်။ ဆိုင်း

တောင် နံနက်ခင်းသည် တဟူးဟူး တိုးဝှေ့နေသော လေထဲတွင် ငြိမ်သက်အေးချမ်းလျက်ရှိသည်။ သို့သော် နံနက် ၉ နာရီလောက်ဆိုလျှင် အသံဗလံတွေ ကြားရစပြုပြီ။ ဖားကန့်မှလာသောလမ်းသည် ဆိုင်းတောင်ရွာလယ်ကို ဖြတ်သွားသည်။ တစ်နှစ် နှစ်နှစ်အတွင်း ဖွံ့ဖြိုးစည်ပင်သွားတာကြောင့် လမ်းရဲ့ ဝဲယာတစ်လျှောက်တွင် အိမ်တွေ၊ ဈေးဆိုင်တွေဖြင့် ပြည့်နှက်နေသည်။ လမ်းပေါ်မှာလည်း လူတွေက တစ်ဦးနှင့်တစ်ဦး တိုးဝှေ့သွားကြလျက်။ ပြီးတော့ ဝန်တင်လားများ၊ ဒီတီဆိုင်ကယ်များ၊ ဂျစ်ကားများနှင့် လမ်းတစ်လျှောက်တွင်လည်း သစ်ပင်သစ်ရိပ်ဆို၍ မရှိသလောက် နည်းပါးသွားသည်။ တောင်တန်းတွေဆီမှ တိုက်ခတ်လာသော ဆောင်းလေအေးသည် ဆိုင်းတောင်သို့ ရောက်သောအခါ တလုံးလုံးထနေသော ဖုန်ငွေ့ထဲသို့ တိုးဝင်ပျောက်ကွယ်သွားခဲ့သည်။

အနားဝန်းကျင်မှာရှိသည့် မှိုင်းမှိုင်းညို့ညို့ တောင်တန်းတွေလည်း တစ်စတစ်စနှင့် တောင်ကတုံး(ခေါင်းတုံး)အသွင်သို့ ပြောင်းလဲလာစပြုပြီ။ အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်တွေကို ခုတ်လှဲပစ်ရသည်။ သစ်ပင်မရှိတော့ ရာသီဥတု မထိန်းနိုင်။ ထိုအခါ အပူလွန် အအေးလွန် ဖြစ်လာတော့မည်။ ယခုလို ဆောင်းရက်များပင် ဆိုင်းတောင်မှာ အရင်ကထက် ပူလာသည်။

မြေပြင်မှာ အလင်းကွက်တွေ ပေါ်နေသည့် ကုက္ကိုပင်တစ်ပင်ရဲ့ အောက်မှာ တစ်ခဏရပ်နား၍ ကျွန်တော် အမောဖြေနေခဲ့သည်။ ခပ်လှမ်းလှမ်းတွင် တောင်တန်းတောင်ကုန်းတွေကြားသို့ တိုးဝင်ရစ်ခွေစီးဆင်းသွားသော ဥရုချောင်းရှိသည်။ စိမ်းမြသော သစ်တောအုပ်ဆီမှ တိုက်ခတ်လာသော လေထဲတွင် ချောင်းရေကို စုပ်ထုတ်နေသည့် ဂျင်းမားအင်ဂျင်စက်သံကို ကြားနေရသည်။ ထို့နောက် ဆိုင်ကယ်၊ မော်တော်ကားနှင့် ထော်လာဂျီစက်သံများ၊ ကျွန်တော့်ရှေ့မှာတော့ လူတွေက

ဘုရားပွဲတော်အလား ဥဒဟို သွားလာလျက်ရှိသည်။ ဖားကန့်သွား ရစ်ကားတစ်စီး တောင်ကုန်းပေါ်သို့ စက်သံပြင်းပြင်းနှင့် တက်လာခဲ့ သည်။ ကားပေါ်တွင် လူတွေအပြည့်အသိပ် လိုက်ပါလာသည်။ ဆိုင်း ဘောင် ဖားကန့်ခရီးကို လူတစ်ယောက် ၃၀၀/– ကားခပေးရသည်။ ခရီးက ဝေးသည်မဟုတ်၊ တစ်နာရီလောက် လမ်းလျှောက်သွားရုံဖြင့် ရောက်နိုင်ပါသည်။ ဒါပေမဲ့ ဒီအရပ်ဒေသမှာ အစစအရာရာ ဈေးကြီး သည်။ သို့သော် ငွေကလည်း အရှာလွယ်တာကြောင့် ဈေးကြီးတယ် လို့ ပြောသံမကြားရစဖူး၊ ပစ္စည်းတစ်ခုကို တစ်ထောင်ဆိုလည်း ဝယ် သည်။ တစ်သောင်းဆိုလည်း ဝယ်လိုက်သည်။

"ဆေးထိုးလိုက်ပါလား၊ နှစ်ရက်လောက်ဆက်ပြီး ဆေးထိုးလိုက်ရင် ရောဂါ ပျောက်သွားမှာကွ"

ကျွန်တော့် အနားဆီမှ ခပ်တိုးတိုး စကားပြောသံကို ကြားရသည်။ သူနှစ်ယောက်။ စောင်ခြုံထားသူသည် သစ်မြစ်ဆုံပေါ်သို့ ထိုင်ချလိုက် ပြီး ပင်စည်ဆီသို့ အသာအယာ လှဲမှီလိုက်သည်။ သူ့ခန္ဓာကိုယ်သည် အဖျားအရှိန်ကြောင့် တုန်ယင်လျက်ရှိသည်။ ငှက်ဖျားထနေဟန်တူ သည်။ သူ့အနားမှာ ရပ်နေသည့် အသားညိုညို တုတ်တုတ်ခိုင်ခိုင် လူက ကျွန်တော့်အား အကဲခတ်သလို ကြည့်၍နေသည်။ သူ့မျက်လုံး သည် သေးငယ်၍ စူးရှသည်။ သူ့မျက်နှာကလည်း နေ၊ လေဒဏ် ကြောင့် ရင့်ရော်မှိုင်းညစ်လျက် ရှိသည်။ ရှည်လျားသန်စွမ်းသည့် ဆံပင် များသည် ပခုံးထက်မှာ ဝဲကျနေ၏။

"နေပါစေကွာ၊ ဆေးတစ်ခါထိုးရင် နှစ်ရာကွ၊ ဆေးထိုးလို့ မဖြစ် ဘူး။ ဆေးဖိုးနဲ့ ငါ့ခေါက်စားတွေ ကုန်လိမ့်မယ် အောင်မိုးရာ။ စားဆေး ဝယ်သောက်ကြည့်ချင်သေးတယ်။ အဖျားမပျောက်တော့မှ ဆေးထိုး ကြည့်တာပေါ့" စောင်ခြုံထားသူက အသံကိုမြှင့်၍ ပြောလိုက်သည်။

အောင်မိုးဆိုသူထံမှ သက်ပြင်းချသံကို ကြားလိုက်ရသည်။ သူသည် စကား ဆက်မပြောတော့ဘဲ အဝေးမှ ဆေးခန်းလေးတစ်ခန်းကို လှမ်း၍ ငေးမောနေသည်။ ရှေ့မှာ ကြက်ခြေနီတံဆိပ် အမှတ်အသား ချိတ်ထားသည့်နေရာတွင် ကျွန်တော့် သူငယ်ချင်း ဒေါက်တာယုမောင်ရဲ့ ဆေးခန်း ရှိသည်။ ဆေးခန်းသို့အသွားတွင် ကျွန်တော် ထိုင်နေရာသို့ ခဏနား ကြခြင်း ဖြစ်ပေသည်။ သူတို့ကို ကြည့်ရတာ ခေါက်စားသမားတွေနှင့် တူသည်။ ကျောက်တွင်းတူးရာတွင် ကျင်းစား၊ ခေါက်စားသမားဟူ၍ ရှိသည်။ ကျင်းသားရဲ့ စားသောက်မှု၊ နေထိုင်မှုနှင့် ကျန်းမာရေးအတွက် ကျင်းပိုင်ရှင် လော်ပန်က တာဝန်ယူသည်။ ကျောက်ထွက်လာလျှင် လော်ပန်နှင့် ကျင်းသားသည် ပစ္စည်းတန်ဖိုးကို တစ်ဝက်စီ ခွဲဝေယူသည်။ ပစ္စည်းမထွက်လျှင်တော့ လော်ပန်က စရိတ်တွေအားလုံး ရှုံးသည်။ ကျင်းသားက လုပ်အားစရိတ်ရှုံးသည်။

ခေါက်စားသမားကျတော့ ထိုကဲ့သို့မဟုတ်။ ကျင်းတွေဆီမှ တူးချပစ်သော မြေစိုင်ခဲများ၊ ကျောက်ရိုင်းများကို ဝေးရာသို့ အထမ်းဖြင့် သွားပစ်ရသည်။ အထမ်းခကို သတ်မှတ်နှုန်းအတိုင်း ဝေးလျှင်ဝေးသလို၊ နီးလျှင် နီးသလိုရသည်။ တစ်နေ့ အထမ်း ၁၀၀ ထမ်းနိုင်လျှင် သူ့အတွက် ငွေ ၃၀၀ိ/ – လောက်တော့ အသာလေးရသည်။ ဒါပေမဲ့ သူက အခစားနှင့် နေ့စဉ် အလုပ်လုပ်တာကြောင့် သူ့အတွက်ကို ဘယ်သူကမှ တာဝန်မယူ။ ဖျားခဲ့လျှင်လည်း ကိုယ့်ဘာသာခံရုံပင်။ သည်လိုနဲ့ ပင်ပန်း ဆင်းရဲ ဒဏ်ပိကာ ဖျားနာပြီး သေဆုံးသွားသူတွေလည်း အများကြီး ရှိသည်။ သို့သော် မြေပြန့်မှာ ရှာရဖွေရတာနှင့်စာလျှင် သည်မှာက လွယ်သည်။ ပြီးတော့ ကံဆိုတာကို ကြိုတင်မသိမြင်။ ဒီနေ့ ခေါက်စားသမား၊ ကျင်းတူးသမားသည် နက်ဖြန်တွင် လော်ပန် (သူဌေးကြီး) မဖြစ်ဘူး လို့ ဘယ်သူမှ မပြောနိုင်။ ရှေ့မှာလည်း ကံကယ်မလို့ ချမ်းသာသူတွေ

ရှိခဲ့ကြသည် မဟုတ်ပါလား။ ဒါကြောင့်လည်း လူတိုင်းလူတိုင်း ဖားကန့်နယ်မြေသို့ မျှော်လင့်ချက်ကြီးစွာဖြင့် ရောက်လာခဲ့ကြသည်။ သူတို့အတွက်တော့ ဖားကန့်နယ်မြေသည် အံ့သြစရာကောင်းသည့် ကမ္ဘာသစ်တစ်ခုပင်ဖြစ်သည်။ လျှို့ဝှက်ဆန်းကြယ်သည်။ အိပ်မက်ဆန်သည်။ ကျယ်ပြန့်နက်ရှိုင်းသည်။

ကျွန်တော်လည်း တစ်ရေးနိုးအိပ်မက်ကို မက်ရင်း အခွင့်အလမ်းတစ်ခုခုကို ဆုပ်ကိုင်နိုင်ဖို့အတွက် ဆိုင်းတောင်ကို ရောက်လာခဲ့ခြင်းဖြစ်သည်။ တကယ်တော့ ယခုအချိန်တွင် မျှော်လင့်ချက်ဆိုတာသည် ကျွန်တော်တို့ အားလုံးအတွက် ကြီးမားသော အသက်ကယ်ဆေးပင်ဖြစ်ပါ၏။

## (၂)

"အိပ်မက်ဆန်သော ကမ္ဘာသစ်တစ်ခု ပြီးတော့ အသက်ကယ်ဆေးနဲ့ လူတွေရဲ့ မျှော်လင့်ချက်"

ဒေါက်တာယုမောင်က ကျွန်တော့်စကားကို တဖွဖွရေရွတ်ရင်း သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

"အင်း ကိုထွန်းက တယ်ကဗျာဆန်ချင်တာကိုး။ စီးပွားရေး တကယ်လုပ်ချင်ရင် ကိုထွန်းရေ၊ ခင်ဗျားရဲ့ ကဗျာစိတ်တွေကို ဘေးဖယ်ထားမှဖြစ်မယ်ဗျ။ ဒီမှာက လူတိုင်းဟာ ဖျံချည်းပဲ။ သူဦးရင် သူခုတ်တယ်။ ကိုယ့်ဘက်က ဦးရင်လည်း လက်နှေးလို့မဖြစ်ဘူး။ အဲဒီလိုသာ မလုပ်နိုင်လို့တော့ ခင်ဗျား ခံရပြီသာမှတ်"

ကျွန်တော်က ဒေါက်တာယုမောင်ကို ကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ သူက ဒီမှာ အနေကြာသူဖြစ်သည်။ ပြီးတော့ စီးပွားရေးအရ အထိုက်အသင့် အောင်မြင်နေပေပြီ။ တစ်နေ့ တစ်နေ့

သူ့ ဆေးကုခဝင်ငွေသည် သောင်းဂဏန်းအထက်မှာ ရှိသည်လို့ ကြားရစတုန်းက ကျွန်တော့် မျက်ခုံးအစုံမှာ မြင့်တက်သွားရသည်။

"ကိုထွန်းကလည်း အံ့သြစရာ မရှိပါဘူးဗျာ။ တကယ်တော့ ကျွန်တော့်ရဲ့ တစ်နေ့ဝင်ငွေဟာ လော်ပန်ကြီးရဲ့ တစ်မနက်စာ အဖြန်း မရှိပါဘူး။ ခင်ဗျားလည်း ဒီမှာ ရက်တစ်ပတ်လောက်နေရင် သဘောပေါက်လာမှာပါ" ဆရာဝန်သည် ကျွန်တော့်အား ရှင်းပြနေရင်း သက်ပြင်းမှုတ်ထုတ်လိုက်သည်။ သူ့မျက်နှာတွင် စောစောကလို ပြုံးရယ်မှုမျိုး မတွေ့ရတော့ပြန်။

"ကျွန်တော့်အတွက်တော့ မျှော်လင့်ချက်ဆိုတာဟာ တိမ်ထုထဲမှာ ဂျက်လေယာဉ်တစ်စင်း ဖြတ်သွားတုန်း ကျန်ရစ်ခဲ့တဲ့ မီးခိုးတန်းကြီးလိုပဲ။ အမှန်တကယ် တည်ရှိနေတဲ့ အရာတစ်ခုလို့ ထင်သွားအောင် အမြင်မှားခဲ့ကြတာဗျ။ ငယ်ငယ်တုန်းကတော့ ငါကြီးလာရင် ဘာလုပ်မယ်၊ ဘာဖြစ်ရမယ်ပေါ့။ လူ့လောကကို ထင်တိုင်းမကြဲနိုင်ဘဲ အရာရာကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်တဲ့ အချိန်ကျတော့ ကျွန်တော် ဆိုင်းတောင်ကို ရောက်နေပြီ။ မထူးပါဘူးလေ၊ လူတိုင်းဟာ ကျွန်တော့်လိုပါပဲ။ လွန်ခဲ့တဲ့ နှစ်လလောက်က အင်ဂျင်နီယာ တင်မောင်မြင့် ကျွန်တော့်ဆီ ရောက်လာတယ်။ သူ့နောက်က ဘူမိဗေဒဘွဲ့ရပြီး အလုပ်မရှိသေးတဲ့ ခင်မောင်ဦး။ သူကလည်း ခင်ဗျားလိုပဲ ကျောက်အရောင်းအဝယ် လုပ်ချင်လို့တဲ့။ အခု ခင်ဗျား ရောက်လာခဲ့ပြန်ပြီ။ ကိုယ်မရောက်ဖူးတဲ့ဝန်းကျင်၊ မသွားဖူးတဲ့ အရပ်ဒေသမှာ ဖြစ်နိုင်စရာ ရှိတယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာခဲ့ကြတာပဲ မဟုတ်လား။ ကျွန်တော်တို့အားလုံးဟာ ဒီအခြေအနေကို ဘာလို့ ရောက်လာခဲ့ကြတာလဲ။ ကျွန်တော်တို့ ဘယ်နေရာမှာ မှားခဲ့ကြတာလဲ၊ မှားတယ်ဆိုရင်လည်း ဘာ့ကြောင့် မှားရတာလဲ"

သူက စကားကို စိတ်လိုက်မာန်ပါ ပြောနေရင်းနှင့် သတိရဟန်ဖြင့် ကျွန်တော့်အား ဆောရီးဟု တောင်းပန်သည်။ တစ်စုံတစ်ရာကို ကြေကွဲခံစားနေရသော သူ့မျက်နှာကိုကြည့်ရင်း ကျွန်တော့်မှာ စိတ်မကောင်းဖြစ်သွားရသည်။

သူသည် မန္တလေးမြို့မှာ မအောင်မြင်သော ဆရာဝန်တစ်ဦးဖြစ်ခဲ့သည်။ သူ ဆရာဝန်ဘဝကို ရောက်ချိန်တွင် ဆရာဝန်တွေရဲ့ ရွှေခေတ်၊ ငွေခေတ်တွေ ကုန်ဆုံးခဲ့ပြီ။ သူ ကံဆိုးသည်။ သာမန် အမ်ဘီဘီအက်စ်ဘွဲ့ရ ဆရာဝန်တစ်ယောက်အနေဖြင့် မန္တလေးမှာ ရေရှည်ရပ်တည်နိုင်ဖို့ မလွယ်ကူတော့။ သည်လိုနဲ့ စီးပွားဖြစ်သည့် ဆိုင်းတောင်သို့ သူရောက်လာရခြင်းဖြစ်သည်။ ဆိုင်းတောင်သည် ငွေရလွယ်တာ မှန်သော်လည်း စရိတ်စကတွေက ကြောက်ခမန်းလိလိပင် ဖြစ်သည်။ မြို့ပြနှင့် အလှမ်းကွာဝေးပေမယ့် ကျောတစ်နေရာစာအတွက် ရန်ကုန်ထက် ဈေးကြီးသည်။ အနံ ၇ ပေ၊ အရှည် ပေ ၂၀ ရှိသည့် သူ့ဆေးခန်းကျဉ်းလေးအတွက် တစ်နှစ်စာ နှစ်သိန်းအထိ ပေးရသည်။ ဆေးခန်းထဲသို့ လူနာခုတင်တွေနဲ့ ဆေးပစ္စည်းထည့်စရာ ဗီရိုနဲ့ပင် အခန်းက ပြည့်သွားသည်။ သူတို့မိသားစုအတွက် နေစရာ လိုသေးသည်။ နောက်ထပ်လည်း မငှားနိုင်တော့။ ဒီလိုနဲ့ မီးဖိုချောင်မှာ အိပ်ခန်းဖွဲ့ပြီး နေစရာအတွက် ဖြေရှင်းရပြန်သည်။

မီးဖိုချောင်ကို အိမ်လုပ်ရပြန်တော့ ထမင်းချက်စရာ နေရာမရှိပြန်ပေ။ ရှိသည့်တိုင် ထမင်းချက်ဖို့ အချိန်မပေးနိုင်။ သို့ဖြင့် လူတစ်ယောက် တစ်လ ၄၀၀၀ိ/- နှုန်းဖြင့် ထမင်းချိုင့်ဆွဲ မှာစားရသည်။ သူ့ထံသို့ ဧည့်သည်ရောက်လာလျှင်လည်း ထမင်းဆိုင်မှ ထမင်း ဝယ်ကျွေးသည်။ ညအိပ်ဖို့အတွက်တော့ ဆေးခန်းထဲမှ လူနာခုတင် တစ်လုံးလုံးမှာ အိပ်လို့ရသည်။ အဲ တစ်ခုတော့ ကောင်းသည်။ ညအိပ်လူနာအတွက်ထားသည့်

ခေါင်းအုံးနှင့် စောင်များ ရှိနေသဖြင့် ဧည့်သည်ရောက်လာလျှင် တခြား ရှာနေစရာ မလိုတော့ပေ။ ဆေးနံ့၊ လူနာအနံ့လေးတော့ နံချင်နံမည် ပေါ့။ ကျွန်တော်လည်း လွတ်သည့် လူနာခုတင်တစ်လုံးမှာ လဲလျောင်း ရင်း စိတ်သန့်အောင် ကြိုးစားထားရသည်။

သည်နယ်မြေမှာ နေ့စဉ် ကုန်ကျစရိတ်ကို သူတွက်ပြတာကို နား ထောင်ရင်း ကျွန်တော့်ခေါင်းမှာ အလိုလို ပုဝင်သွားခဲ့သည်။ ကုန်ကျ စရိတ် ကြီးမြင့်သောကြောင့် ရလည်းရသလို ကုန်လည်းကုန်သည်။ ပြီး တော့ အတတ်ပညာ တစ်ခုတည်းဖြင့် (အရောင်းအဝယ်မဟုတ်ဘဲ) အသက်မွေးဝမ်းကျောင်း နေရသူတစ်ယောက်အဖို့ ငွေဆိုတာ ရှာလို့ပင် အတောမသတ်နိုင်ပေ။

"သည့်ထက်လည်း ငွေကို ပိုမရှာတတ်တော့ပါဘူးဗျာ။ အရောင်း အဝယ်သမား မဟုတ်တော့ ကျွန်တော့်ငွေဟာ သည်မှာတော့ စာဖွဲ့ လောက်စရာ မဟုတ်ဘူးဗျ။ လူလည်း ရှာပြီးရင်း ရှာရင်းနဲ့ ဖတ်ဖတ် မောလှပါပြီ"

ဆရာဝန်က စိတ်မောစွာနှင့် ကျွန်တော့်အား ညည်းပြရှာသည်။

## (၃)

နံနက် ၅ နာရီလောက်ဆိုလျှင် ဆရာဝန်ကတော် အိပ်ရာမှ နိုးလေပြီ။ ညဥ့်နက်လို့ မျက်စိတစ်မှေး မှိတ်လိုက်ရသော်လည်း အိပ်လိုက်ရသည် လို့ပင် မထင်လိုက်ရ။ ရင်ခွင်ထဲမှ သမီးငယ်က တအင့်အင့်လုပ်ရင်း မအေနို့ကို ရှာသည်။ အနားတွင် သမီးကြီးနဲ့ ဆရာဝန်သည် နှစ်ခြိုက် စွာ အိပ်မောကျလျက်ရှိသည်။ ခေါင်းရင်း လက်ဖက်ရည်ဆိုင်မှ ဖွင့်နေ သော ကြာနီကန် ဆရာတော်ရဲ့ ဓာရဏပရိတ်တော်ကို ကြည်နူးဖွယ်ရာ ကြားနာရသည်။ ဆရာဝန်ကတော်သည် အိပ်မပျော်သော်လည်း ကလေး

နဲ့တိုက်ရင်း မျက်စိမှေးမှိတ် တရားတော် နာယူနေရာက ညက လူနာဆီသို့ စိတ်က ရောက်သွားသည်။ ညမိုးချုပ်မှ ရောက်လာသည့် လူနာရဲ့ အခြေအနေက မကောင်း။ ထမ်းစင်ပေါ်မှ သတိမေ့လျက် ပါလာခဲ့သည်။ ဆေးခန်းကို ရောက်သောအခါ လက်ကောက်ဝတ်မှ သွေးပင်စမ်းလို့မရတော့။ ဆရာဝန်က ကိုယ့်ဘက်က ရာနှုန်းနည်းပါးသော လူနာရဲ့ အခြေအနေကို လူနာရှင်အား ရှင်းပြသည်။ ဆရာဝန်ကတော်ကတော့ ကုန်ကျမည့် ဆေးတန်ဖိုးကို စိတ်ထဲမှာ အပြေးအလွှား တွက်ကြည့်သည်။ မတွက်လို့လည်း မဖြစ်၊ လူနာ ပြန်ကောင်းမည်၊ မကောင်းမည်ကို အသာထား၊ တတ်စွမ်းသမျှပညာ၊ ရှိရှိသမျှ ဆေးဝါးများဖြင့် ဆေးတွေ ပုံအောကုလျှင် ငွေက သောင်းဂဏန်း အထက်မှာရှိသည်။ ထိုငွေကို လူနာရှင်က အကုန်အကျ ခံနိုင်မည်လား။ သည်လိုပဲ အခြေအနေဆိုး တွေ့ကြုံလာလျှင် လူနာရှင်တွေဟာ ကုပါဆရာရယ်၊ ကျွန်တော်တို့ အကုန်အကျခံပါ့မယ်လို့ ပြောလေ့ရှိသည်။ သို့သော် ဆရာဝန်က ကြိုးစားကုသပြီး ကျန်းမာလာလျှင် လူနာရှင်လည်း ပေါ်မလာတော့ပေ။ ပြီးတော့ လူနာက အလစ်မှာ ဆေးခန်းမှ ဆင်းပြေးသွားတတ်သည်။ ဆေးခန်းမှာ သူတို့ထားခဲ့သည့် စောင်ဟောင်းလေး ၂ ထည်လောက်နှင့် အဝတ်ဟောင်းတွေထည့်သည့် ပီနံအိတ်ဟောင်းတစ်လုံးကို သိမ်းဆည်းပေးရတာက အလုပ်ပိုသည်။ ထိုလူနာအတွက် ဆေးဖိုးစရိတ်ကို စာအုပ်ထဲမှာ ရေးမှတ်ထားပြီး သဗ္ဗေသတ္တာ အဝေရာဟောန္တု လုပ်လိုက်ရတာက လွဲလို့ ဘာမှမတတ်နိုင်။

တချို့ကျတော့လည်း သည်အခြေအနေထက်ပင် ဆိုးသည်။ သတိမေ့ပြီး သေငယ်ဇောနှင့် မြောနေသည့် လူနာကို ဆရာ ဆရာ ကယ်ပါဦးဟု ပြောကာ ဆေးခန်းဆီသို့ လာ၍ထားသည်။ ပြီးတော့ ဆရာဝန်စမ်းသပ်ကြည့်ရှုနေစဉ်မှာပင် လာပို့သူတွေက အလျှိုအလျှိုပျောက်ကာ

ကိုယ်ရောင်ဖျောက်သွားလေ့ရှိသည်။ ဘယ်ရလိမ့်မလဲ၊ သူတို့အခြေအနေကို ကြည့်လိုက်ကတည်းက အခြေအနေ မဟန်သည်မို့ ဆရာဝန်ကတော်ခမျာ မျက်လုံးကို အလစ်မပေးဘဲ ကျီးကန်းလို လျှင်နေရ၏။ ထွက်ပြေးဟန်ပြုသည့် သူတို့ကို လှမ်းအော်ခေါ်ကာ "ဟော့ ဟော့ မင်းတို့လူနာပြန်ခေါ်သွားကြ" ဟု မျက်နှာကို အတတ်နိုင်ဆုံး တင်းလျက် မာန်မဲပြောဆိုရ၏။ လူနာသည် ဘယ်ကမှန်းလဲမသိ၊ ဘာဖြစ်တာမှန်းလဲ မသိ၊ ဆေးခန်းမှာ လာရောက် သေတာကို အဖြစ်မခံနိုင်ပေ။ ဆေးခန်းနာမည်ပျက်လိမ့်မည်။ တချို့ကတော့ သူတို့ဆိုးသည်ဟု မြင်ကောင်း မြင်ပေမည်။ သို့သော် ဆေးဆိုင်မှာရှိသည့် အကြွေးစာရင်းကို ဘယ်သူကများလာဆပ်မှာလဲ။ ဆေးကုသခြင်းသည် စေတနာ၊ မေတ္တာကို အရင်းခံထားသည့် သမ္မာအာဇီဝလုပ်ငန်းဖြစ်တာ မှန်ပါ၏။ သို့ရာတွင် နေ့စဉ် ကြုံတွေ့နေရသည့် အဖြစ်အပျက်၊ အခြေအနေတွေက စေတနာရှင်တွေရဲ့ နှလုံးသားကို ခက်ထန်မာကျောစေခဲ့ပြီ။ လူတိုင်းကို သနားကြင်နာလို့မဖြစ်။ သနားခြင်း သနားလျှင် ကိုယ့်ကိုယ်ကိုယ် ပိုလို့ပင် သနားမိသေးသည်။ နောက်နှစ်ဆိုလျှင် သမီးကြီးသည် ကျောင်းနေရမည့် အရွယ်သို့ရောက်လာတော့မည်။ ဒါပေမဲ့ မန္တလေးကို ပြန်ပြောင်းနိုင်ဦးမည့် အခြေအနေ မရှိသေးပေ။ ပထမ မန္တလေးမှာ မြေတစ်ကွက် ဝယ်နိုင်အောင်ကြိုးစားငွေစုနေရ၏။ ပြီးတော့မှ ထိုမြေကွက်ပေါ်တွင် တစ်ထပ်တိုက်ကလေးတစ်လုံး၊ ထိုမှ သွားလာရေးအတွက် ဆန်နီပစ်ကပ်လေးတစ်စီး။ ပြီးတော့...ပြီးတော့...

နောက်ထပ် ၂ နှစ်၊ ၃ နှစ်လောက် အပင်ပန်းခံနေရင်တော့ ကြိုတင်စိတ်ကူးထားတာတွေ ဖြစ်နိုင်ကောင်းရဲ့ဟု တွေးသည်။ ကိုကို့ပုံစံနှင့်ဆိုလျှင် စိတ်ကူးထဲကအတိုင်း ဖြစ်နိုင်လိမ့်မည် မထင်။ အားနာသည်၊ ညှာတာသည်၊ နူတ်နည်းသည်။ အမှန်တော့ ဆရာဝန်ကတော်သည်

ဆရာဝန် မဟုတ်ပေ။ သို့သော်လည်း ခင်ပွန်းသည်ကို ကူညီရင်းနဲ့ သူလည်း ဆရာဝန်ဖြစ်မှန်းမသိ ဖြစ်နေပြီ။ ကိုယ်တိုင် သွေးပေါင်ချိန်သည်၊ အကြောဆေးသွင်းသည်။ သောက်ဆေး၊ စားဆေးပေးသည်။ ဆရာဝန် တစ်ယောက်တည်းနှင့် လူနာတွေကို နိုင်အောင်မကုနိုင်၊ အစစအရာရာ သူပါမှဖြစ်သည်။ မနက်လင်းသည်နှင့် ကလေးနှစ်ယောက်သည် မအေနဲ့ ခွဲ၍ ကလေးထိန်းလက်ထဲသို့ ရောက်သွားသည်။ လူနာပြန်ကျလာသည့်အခါမျိုးတွင် အလုပ်ထဲတွင် နစ်မျောသွားကာ ကိုယ့်ကလေးကို မေ့သွားသည့်အခါမျိုးလည်း အကြိမ်များစွာ ကြုံရသည်။ ကလေးနို့တိုက်ချိန်ရောက်၍ ကလေးထိန်းက ကလေးနှစ်ယောက်နှင့် ဆေးခန်းရှေ့သို့ ရောက်လာ၏။ နို့စို့ကလေးငယ်သည် မအေကို မြင်သည်နှင့် ကလေးထိန်း လက်ထဲမှ ရုန်းကန်ရင်း ဟစ်အော်လိုက်သည်။

"ဟဲ့ မအေး ကလေးကို ဈေးတန်းဘက် ခေါ်သွားစမ်းဟာ၊ ဒီမှာ အလုပ်ရှုပ်နေတာ မမြင်ဘူးလား၊ ကလေးက ငါ့ကိုမြင်တော့ လိုက်ချင်တာပေါ့ဟဲ့"

စိတ်မရှည်နိုင်တော့သဖြင့် အူတူတူ အတတ နိုင်လွန်းသော ကလေးထိန်း ကောင်မလေးကို ဆရာဝန်ကတော်က မာန်မဲလိုက်သည်။ ကလေးနို့တိုက်ဖို့ အချိန်ကို သတိရသော်လည်း လူနာကို ပစ်ပြီးထားလို့ မရ။ ထိုအဖြစ်အပျက်ကို လူနာတစ်ယောက်အား နားကြပ်နှင့် ထောက်၍ စမ်း သပ်နေသည့် ဆရာဝန်က မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။ ဘာမျှဝင်ရောက်မပြောသော်လည်း သူ့နားထဲမှာတော့ လူနာရဲ့ နှလုံးခုန်သံနှင့် ကလေးငိုသံတွေ ရောထွေးလျက် ရှိပေမည်။ နို့စို့ကလေးငယ်သည် ခပ်သုတ်သုတ် ထွက်သွားသည့် ကလေးထိန်းလက်ထဲမှာ ရုန်းကန်ရင်း ပါသွားရှာလေသည်။ ကလေးငိုသံသည် ဝေး၍…ဝေး၍…

"ကိုယုမောင်…ကိုယုမောင်"

"ရှင်...ဟုတ်ကဲ့ ဟုတ်ကဲ့"

ထရံကို တဘုတ်ဘုတ်ပုတ်ရင်း ခပ်တိုးတိုးခေါ်သံကို ဆရာဝန်ကတော် ကြားလိုက်ရသည်။ ဆေးခန်းထဲမှာ အိပ်သော ကိုကို့သူငယ်ချင်း ကိုထွန်းရဲ့အသံဖြစ်သည်။ လူနာရဲ့ အခြေအနေ ဆိုးသောကြောင့် ကိုထွန်းက လာ၍ခေါ်ဟန်တူသည်။ ကိုထွန်းအား အိပ်ရာမှနိုးကြောင်း အသံပြုလိုက်ရင်း အနားမှ ခင်ပွန်းသည်ကို အတင်းဆွဲလှုပ်နှိုးသည်။

"ကိုကို ထဦး ပေးရှင့် အခြေအနေ ဆိုးလို့တဲ့"

## (၄)

တစ်ညလုံး ကျွန်တော် အိပ်မပျော်ပေ။ မိုးစုတ်စုတ်ချုပ်မှ ရောက်လာသည့် လူနာအခြေအနေကြောင့် ကျွန်တော့် မျက်လုံးတွေ ကျယ်သွားသည်။ ဆေးတွေကို တစ်လုံးပြီး တစ်လုံး အဆက်မပြတ်ထိုး၊ အကြောဆေး ပုလင်းချိတ်၊ သွေးပေါင်ချိန်တိုင်း၊ အသက်ရှူသံကို နားကြပ်နှင့်ထောက်စမ်း၊ မနားတမ်း လှုပ်ရှားနေသည့် သူငယ်ချင်းကို လက်နှိပ်ဓာတ်မီးဖြင့် ကူညီထိုးပြပေးရင်း အိပ်ချင်စိတ်တွေ လွင့်ပျောက်ကုန်သည်။

"ကိုထွန်း အိပ်ချင်အိပ်လေ"

ဆရာဝန်က ကျွန်တော့်ကို အားနာစွာဖြင့် ပြောလိုက်သည်။ ကျွန်တော်က ခေါင်းယမ်းပြလိုက်၏။ လက်မတင်လေး အချိန်မီ ကြိုးစားမှုကြောင့် နံနက် ၃ နာရီလောက်တွင် လူနာပြန်၍ သတိရလာ၏။ မျက်တောင်လေးတွေ လှုပ်ခတ် လှုပ်ခတ်လုပ်သည်။ လက်ကောက်ဝတ်မှာ သွေးကို စမ်းလို့ရသည်။ ဆရာဝန်ထံမှ စိတ်မောပြေသည့် သက်ပြင်းမှုတ်ထုတ်သံကို ကြားရသည်။ လူနာကို အကြောဆေးချိတ်ထားပြီး ဆရာဝန်က တစ်ခဏ မှေးဖို့ မီးဖိုခန်းဆီသို့ ပြန်သွားသည်။ ကျွန်တော်လည်း အိပ်ရာပေါ်မှာ ပြန်ခွေလိုက်သည်။ တိတ်ဆိတ်သောညတွင်

လူနာ၏ ညည်းညူသံနှင့် စိတ်မောစွာ စောင့်ကြည့်နေသည့် လူနာရှင်၏ အသက်ရှူသံကို အဆက်မပြတ် ကြားနေရသည်။

မျက်လုံးကို မှိတ်၍ အိပ်ပျော်ဖို့ ကြိုးစားသော်လည်း စိတ်တွေ လှုပ်ရှားလျက်ရှိသည်။ လွင့်ပျံ့သော စိတ်အာရုံသည် မန္တလေးအိမ်သို့ ရောက်သွားသည်။ ယခုအချိန်တွင် ကျွန်တော့်ဇနီးသည် နှစ်ခြိုက်စွာ အိပ်မော ကျနေပေမည်။ သားငယ်ကို ပွေ့ဖက်ရင်း ခရီးဝေးမှ ပြန်လာသည့် ယောကျ်ားလက်ထဲတွင် ငွေထုပ်ကြီး ပါလာသည်ဟု အိပ်မက်မက်နေမည်လား မပြောနိုင်။ အရောင်းအဝယ်လုပ်ဖို့အတွက် ရှိသည့် ရွှေနှစ်ကျပ်သားကို ထုတ်ရောင်းပြီး ကျွန်တော့်အား အရင်းအနှီးအဖြစ် ပေးလိုက်သည်။ သည်မှာတော့ ရွှေနှစ်ကျပ်သား တန်ဖိုးသည် ဘာမျှ မဖြစ်စလောက်မှန်း ကျွန်တော့်ဇနီးခမျာ သိရှာလိမ့်မည် မထင်ပါ။

"ဦးလေး ဦးလေး"

ကျွန်တော့်အနားမှာ မဝံ့မရဲဖြင့် ခေါ်သံကြောင့် ကျွန်တော့် မျက်လုံးတွေ ပွင့်သွားသည်။ စိုးရိမ်ပူပန်နေသည့် လူနာရှင်ကို တွေ့လိုက်ရသည်။ အိပ်ရာမှ ကပျာကယာထလိုက်ရင်း လူနာဆီသို့ လှမ်းကြည့်မိသည်။ ဖျော့တော့တော့ ဖယောင်းတိုင် အလင်းရောင်ထဲမှာ လူနာရဲ့ နောက်ဆုံးအခြေအနေကို မမျှော်လင့်ဘဲ ကျွန်တော် တွေ့မြင်လိုက်ရပြီ။

"ဦးလေးရယ် ကျွန်တော့် ညီလေးကို ကယ်ပါဦးဗျာ။ ဆရာနဲ့ ဆရာမကိုလည်း နှိုးပေးပါဦး။ မရတော့ဘူး ထင်ပါတယ် ဦးလေးရယ်" ကြေကွဲစွာ တောင်းပန်လိုက်သည့် စကားသံတွေက ကျွန်တော့် နှလုံးအိမ်ကို အခိုက်အတန့်မျှ ရှုံးသွပ်သွားစေခဲ့သည်။ အသက်ငင်နေသည့် လူနာကိုကြည့်ရင်း တံခါးကိုဖွင့်ကာ အပြင်သို့ ပြေးထွက်လာခဲ့သည်။

"ကိုယုမောင် ကိုယုမောင်" ထရံကို လက်ဖြင့် ပုတ်နှိုးနေစဉ် ဆရာဝန်ကတော်ရဲ့အသံကို ကြားရသည်။ ပြီးတော့ အခန်းထဲမှ လက်နှိပ်ဓာတ်မီး

အလင်းရောင်။

တစ်ခဏကြာတော့ အိပ်မှုန်စုံမွှားဖြင့် ဆရာဝန် ရောက်လာခဲ့သည်။ မျက်စိပိတ်ကာ အကြောဆိုင်တွေ တောင့်တင်းနေသည့် လူနာကို ကြည့်ရင်း ဆရာဝန် သက်ပြင်းချလိုက်သည်။ ဆရာဝန်က ခေါင်းယမ်းပြလိုက်သည်နှင့် အနားမှ လူနာရဲ့ မိန်းမဖြစ်ဟန်တူသည့် ကောင်မလေးရဲ့ ကျိတ်၍ငိုသံ ထွက်ပေါ်လာခဲ့သည်။ ကျွန်တော်က တုန်လှုပ်ချောက်ချားစွာဖြင့် ဆရာဝန်ကို လှမ်း၍ ကြည့်မိပါသည်။ အတွေ့အကြုံ ရင့်ကျက်နေသော ဆရာဝန်ရဲ့ မျက်နှာတွင် မည်ကဲ့သို့ ပြောင်းလဲမှုမျိုးမှ မတွေ့ရ။

"နုနုရေ အပ်ချည်ကြိုးပေးကွာ"

အနားမှာ ရပ်နေသည့် ဆရာဝန်ကတော်ကို သူက တိုးတိုးလေး ပြောပါသည်။

"နှမြောစရာ ကောင်းလိုက်တာဗျာ။ ဒီအခြေအနေအထိ ကျွန်တော် ကြိုးစားကုလာခဲ့ပြီးမှ ဖြစ်ရတယ်လို့"

သေသူရဲ့ ခြေမနှစ်ဖက်ကို အပ်ချည်ကြိုးဖြင့် ပူးချည်ရင်း ပြောပြနေသည့် ဆရာဝန်ရဲ့ နှမြောတသဖြစ်ရမှု၊ ပြီးတော့ မိန်းကလေးရဲ့ ငိုရှိုက်သံများ။

ဗုဒ္ဓါနံ–မြတ်စွာဘုရားတို့၏၊ ဇီဝိတသာ–အသက်၏၊ အန္တရာယော–ဘေးအန္တရာယ်ကို၊ ကေနစိ–တစ်စုံတစ်ယောက်သောသူသည်၊ ကာတုံ–ပြုခြင်းငှာ၊ နသကာ–မတတ်နိုင်၊ ကထာ–ထို့အတူ၊ မေ–ငါ့အား၊ ဟောတု–ဖြစ်ပါစေသတည်း။

အေးမြသော ဆောင်းနှင်းငွေ့နှင့်အတူ လက်ဖက်ရည်ဆိုင်မှ တရားတိပ်ခွေသံသည် အခန်းတွင်းသို့ ရောက်လာခဲ့သည်။ သို့သော်လည်း ကျွန်တော်တို့ အားလုံးရဲ့ စိတ်နှလုံး လောင်မြိုက်ခြင်းကို အေးငြိမ်းမှု မရစေခဲ့။

## (၅)

ကောင်းကင်မှာ အလင်းမျှင်တန်းတွေ ရုပ်သိမ်းစပြုပြီ။ ညနေခင်းသည် မြူနှင်းတို့ဖြင့် မှောင်ရီအုံ့ဆိုင်း၍ နေသည်။ တောင်တန်း၊ တောင်စွယ်တွေကြားမှ ဖြတ်သန်းတိုက်ခတ်လာသော လေသည် အော်မြည်အသံပေးလျက် ကွင်းပြင်ထဲသို့ ရောက်လာခဲ့သည်။ အေးစိမ့်နေသော လေထဲတွင် နှင်းရနံ့နှင့် ဖုန်ငွေ့တွေ ရောထွေးလျက်ရှိသည်။ ပြီးတော့ ဆူညံစွာ ဟစ်အော် စကားပြောသံနှင့် ဆိုင်ကယ်သံ၊ ကက်ဆက်သံတွေကလည်း လေထုထဲမှာ မျော၍ နေကြသည်။ အမှောင်ရိပ်သည် အားကောင်းလာသည်နှင့်အမျှ အအေးဓာတ်ကို သိသာစွာ ခံစားလာရသည်။ အဝေးဆီမှ တောင်တန်းများသည် အမှောင်ရိပ်ထဲသို့ တချို့တစ်ဝက်တိုးဝင်နစ်မြုပ်လျက်ရှိသည်။ ဒါပေမဲ့ ကျဉ်းမြောင်းသော လမ်းပေါ်မှာတော့ စည်ကားနေဆဲဖြစ်သည်။ လှုပ်ရှားနေသော လူအားလုံးရဲ့ အရိပ်သည် မှောင်အိုနေသော ဆည်းဆာအရောင်နှင့် ရောထွေးသွားသည်။

ဂျာကင်ဇစ်ကို မေးဖျားအထိ ဆွဲတင်လိုက်ရင်းက တစ်နေ့ဝင်ပြန်ပြီပေါ့ဟု တွေးမိလိုက်သည်။ တစ်ညလုံး အိပ်ရေးပျက်ထားတာကြောင့် စိတ်အာရုံက လေးလံထိုင်းမှိုင်းလျက်ရှိသည်။ ကျွန်တော်သည် လူရှင်းသည့် နေရာမှာ ရပ်တန့်လိုက်ရင်း ဖယောင်းတိုင်မီးဖြင့် ခေါပုတ်ရောင်းနေသည့် ကောင်မလေးကို ငေး၍ ကြည့်မိသည်။ တဖျစ်ဖျစ်တောက်နေသည့် မီးကျီးခဲပေါ်က ခေါပုတ်ပြားတွေကို ကြည့်ရင်း စိတ်ထဲမှာ ဆာသလိုလို ရှိလာခဲ့သည်။ တစ်ညနေခင်းလုံး ဘာမျှ မစားရသေးသည်ကို သတိရသွားသည်။

မီးကျီးခဲတွေကို မီးရှိန်ကောင်းအောင် ယပ်နှင့် တဖျပ်ဖျပ်ခပ်ရင်း ခေါပုတ်သည် ကောင်မလေးက အနားမှာ ခေါပုတ်လာဝယ်နေကြသည့် ကောင်လေးတွေနှင့် ရယ်ရယ်မောမော စကားပြောနေသည်။ ကောင်

မလေးသည် တောင်ပေါ်သူဖြစ်ဟန်တူသည်။ ပြည့်ဖြိုးဖြူဝင်းသော သူ့မျက်နှာသည် ဖယောင်းတိုင်မီး အလင်းရောင်ကြောင့် ရွှေရောင်တောက်လျက်ရှိသည်။ ပိပြားသော နှာတံနှင့် ပါးလွှာသော နှုတ်ခမ်းနှစ်လွှာသည် ကြည့်၍ကောင်းသော တောင်ပေါ်အလှတစ်မျိုးပင် ဖြစ်သည်။ ပြာမှုန်တွေကပ်နေသည့် ဆံနွယ်စများသည် ဆောင်းလေအေးထဲတွင် လူးလွင့်လျက်ရှိသည်။

ကျွန်တော်က ခေါ်ပုတ်သည်လေး အနားမှ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့သည်။ လူတွေကတော့ အမှောင်ထဲမှာ တိုးဝှေ့သွားလာနေဆဲ ဖြစ်သည်။ ဒီတီ ဆိုင်ကယ်တစ်စီး လူအုပ်ကြားထဲသို့ မောင်းဝင်လာသည်ကို တွေ့မြင်ရသည်။ ဆိုင်ကယ်ရှေ့ မီးအလင်းတန်းသည် တစ်နေရာမှ တစ်နေရာ ရွှေ့လျားလျက်ရှိသည်။ ဆိုင်ကယ် လီဗာကို တင်လိုက်တိုင်း စက်သံသည် အားကုန်မြည်ဟည်းလျက် အိပ်ဇောပိုက်ဆီကလည်း မီးခိုးတွေလုံး၍ ထွက်ပေါ်လာသည်။ ပြီးတော့ ဆိုင်ကယ်သမားသည် မလိုအပ်ဘဲနှင့် ဟွန်းကို အဆက်မပြတ် နှိပ်လျက်ရှိသည်။ စောစောပိုင်းက ဖွင့်နေသည့် ကက်ဆက်သံနှင့်အပြိုင် ဆိုင်ကယ်စက်သံ၊ ဟွန်းမြည်သံတွေကြောင့် ကျွန်တော့်အဖို့ အခိုက်အတန့်လေးတွင် ကမ္ဘာပျက်သလားအောက်မေ့ရပါတော့၏။

ထိုအခိုက် ရှေ့မီးအစုံဖွင့်လျက် တဖြည်းဖြည်း မောင်းနှင်လာသည့် မှန်လုံကားတစ်စီးကို တွေ့မြင်ရပြန်သည်။ မှန်လုံကားရဲ့ တစ်နေရာမှာတော့ (4 WD) လို့ ရေးထားသည်။ မှန်တွေကို အလုံပိတ်ထားသောကြောင့် ကားထဲတွင် လူဘယ်နှယောက် စီးလာသည်ကို မသိရပေ။ ဒါပေမဲ့ ကျွန်တော် သိရလို့လည်း ကျွန်တော့်အတွက် ဘာမျှ ထူးခြားသွားစရာမရှိပေ။ မော်တော်ကားကို ကွေ့ရှောင်ပြီး သူငယ်ချင်းဆေးခန်းဆီသို့ ကျွန်တော် ပြန်လာခဲ့သည်။ ညနေခင်း အညောင်းပြေ လမ်း

လျှော့ကျခဲ့တာ အချိန်အနည်းငယ် ကြာသွားပြီ။

ရုတ်တရက် ခပ်အုပ်အုပ် ထွက်ပေါ်လာသော ဟွန်ဒါမီးစက်သံနှင့် အတူ လျှပ်စစ်မီးပွင့်များ ဖျတ်ခနဲ လင်းလက်လာသည်။ တခြားနေရာဆီ မှာလည်း ဟွန်ဒါမီးစက်နှိုးသံတွေကို ကြားရသည်။ ယခုတော့ စောစော ပိုင်းက အမှောင်ထဲမှာ လွင့်မြုပ်ပျောက်ကွယ်သွားတော့မလားလို့ ထင် မှတ်ရသော ဈေးတန်းသည် မီးရောင်စုံဖြင့် ထွန်းညှိလုပ၍ သွားပြန် သည်။ လူတွေအုံခဲသည့် နေရာမှ ဟေးဆိုသည့် အော်သံတွေကို ကြားရ သည်။ ဘာအကောင်တွေများ တွေ့လို့ ဒီလောက် အော်ရပါသလဲ။ ဖားလား၊ မြွေလား၊ အကောင်တစ်ကောင်ကောင် တွေ့မြင်လို့ အော်ကြ တာ ဖြစ်နိုင်၏။

ဆေးခန်းရှေ့ရောက်တော့ ဆရာဝန်ကတော်က ကျွန်တော့်ကို လှမ်း ၍ပြောသည်။

"ကိုထွန်းရေ ကိုကိုက ထမင်းစားရအောင် စောင့်နေတယ်"

ဆေးခန်းထဲမှာ အကြောဆေးသွင်းနေသည့် လူနာတွေ လှမ်း၍ ကြည့်ရင်း ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် နောက်ဖေး မီးဖိုခန်းရှိရာသို့ ကျွန်တော် ထွက်လာခဲ့သည်။

အနည်းငယ် ညဥ့်နက်လာသည်နှင့် နှင်းတွေက ဖွဲဖွဲ သွန်သွန်ကျလာ သည်။ လျှပ်စစ်မီးရောင်ထဲတွင် ပြိုကျလာသော နှင်းထုကြီးကို အတိုင်း သား တွေ့မြင်ရသည်။ ဈေးတန်းအပြင်ဘက်မှာတော့ လူသူ တိတ်ဆိတ် စ ပြုပြီ။ အဝေးဆီမှ တောခွေးတစ်ကောင်ရဲ့ အူသံကို ကြားရသည်။

မီးဖိုခန်းထဲ ရောက်သောအခါ ဆရာဝန်က ကျွန်တော့်ကို စောင့်ကြို လျက်ရှိသည်။ ဖယောင်းတိုင် စိုက်ထွန်းထားသည့် စားပွဲခုံပေါ်တွင် ထမင်းဟင်းများနှင့် ပုလင်းတစ်လုံး ထောင်ထားသည်။ အလင်းရောင် အားဖျော့တာကြောင့် ကောင်းစွာ မမြင်ရသော်လည်း Black & White

အရက်ပုလင်းမှန်း ကျွန်တော် သိလိုက်သည်။

"ကိုထွန်း ထမင်းမစားခင် ကိုယ်နွေးအောင် နည်းနည်းလောက် လုပ်လိုက်ပါလား၊ ကျွန်တော်တော့ ထမင်းမစားတော့ဘူးဗျာ။ ဒါလေး နှိပ်ပြီး နားတော့မယ်" အရက်ပုလင်းကို ဆွဲယူလိုက်ပြီး ကျွန်တော့်ကို ပြောလိုက်သည်။ ထို့နောက် အသင့်ချထားသော ဖန်ခွက်ငယ်ထဲသို့ အရက်အနည်းငယ်စီ လောင်းထည့်သည်။

"ဟာ ခင်ဗျားလည်း ထမင်းစားဦးလေ၊ တစ်နေ့လုံး ပင်ပန်းနေတာ မဟုတ်လား" သူက ချက်ချင်းပင် ခေါင်းယမ်းပြလိုက်သည်။

"ခံတွင်းပျက်နေလို့ပါ ကိုထွန်း၊ ညကလည်း အိပ်ရေးပျက်ထား တော့ ငှက်ဖျားပြန်ထနေတယ်၊ ဘာမှ စားချင်သောက်ချင်စိတ်ကို မရှိဘူး"

"ငှက်ဖျား ဟုတ်လား"

အံ့အားတသင့် မေးလိုက်သည်။ ကျွန်တော့်ကို ကြည့်ကာ ခေါင်း ညိတ်ပြသည်။ ထို့နောက် အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။ ဖြူဖျော့နေသည့် သူ့မျက်နှာသည် ချက်ချင်းပင် သွေးရောင်စို့တက်လာ ခဲ့သည်။

"ဆရာဝန်လည်း ဘာသားနဲ့ထုထားလို့ ခံနိုင်ရည် ရှိမှာလဲ ကိုထွန်း ရယ်၊ အနေကြာတော့ ငှက်ဖျားမိတော့တာပေါ့။ ရယ်တော့ ရယ်ရတယ်။ တစ်ခါကများ ဆေးခန်းထဲမှာ ငှက်ဖျားမိတဲ့ လူနာတွေကို ပုလင်းချိတ် ပေးထားခဲ့ပြီး ကျွန်တော်လည်း မီးဖိုခန်းထဲမှာ လူနာတွေမသိအောင် ကွင်နင်းဆေး ပြန်သွင်းနေရတယ်။ ဘယ်လိုနေပါ၊ ဘယ်လိုစားပါလို့ လူနာတွေကို ပြောသာ ပြောနေရတယ်၊ နေ့စဉ်ကိစ္စဆိုတော့ ကျွန်တော် တောင် ကိုယ်ပြောသလို မလုပ်နိုင်ခဲ့ဘူး။ ကြာတော့ ထိတာပေါ့ဗျာ"

ပြောရင်းနဲ့ အရက်ကို ထပ်ငှဲ့ကာ သောက်လိုက်ပြန်သည်။ ထို့

နောက် ငါးသုံးလုံးတစ်လိပ်ကို ကောက်ယူ၍ မီးညှိလိုက်သည်။ ကျွန်တော်က အရက်ကို ရုတ်တရက် မသောက်သေးဘဲ နေမိသည်။ ရေပြောင်း၊ မြေပြောင်းမို့ ဖျားနာမှာ စိုးရိမ်သည်။

"ဖျားတော့လည်း ဘာဖြစ်သလဲ ကိုထွန်းရဲ့၊ ကျွန်တော် ဆေးကုပေးမှာပေါ့။ တကယ်တော့ ကျွန်တော်တို့လို ဆင်းရဲသားတွေအတွက် ဖျားနာကြတယ်ဆိုတာ အဆန်းမှ မဟုတ်ဘဲဗျာ။ ပညာတွေ ဘယ်လောက်ပဲ တတ်တတ် သိသိ၊ ကောင်းကောင်း မနေနိုင် မစားနိုင်ရင် ဖျားနာကြတာပဲ မဟုတ်လား"

ဆရာဝန်ကတော့ သူ့အကြောင်းပြချက်နဲ့သူ ဟုတ်နေ၏။ ကျွန်တော်လည်း ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ အရက်ကို တစ်ကျိုက်မျှ သောက်လိုက်သည်။ အယ်(လ်)ကိုဟောခတ်သည် ခန္ဓာကိုယ်ထဲသို့ တရှိန်နွေးနွေး စီးဝင်ပျံ့နှံ့သွားသည်။ နဖူးပြင်မှာ ချွေးတွေစို့လာခဲ့သည်။

ဗိုက်ထဲမှာ အစာမရှိတာကြောင့် နည်းနည်းသောက်လိုက်တာနဲ့ပင် မူးယစ်လာခဲ့သည်။ မူးပြီဆိုတော့လည်း အရာအားလုံးကို မေ့ပစ်ကာ အမူးလွန်ကဲသွားအောင် သောက်ပစ်လိုက်ချင်သည်။ မနေ့က ကြုံတွေ့ရသော ငိုရှိုက်သံများနှင့် အမင်္ဂလာမြင်ကွင်းကို ကျွန်တော် သတိမရချင်တော့။ တစ်လောကလုံးကလူတွေဟာ ကြေကွဲနေကြရတာပဲ မဟုတ်လား၊ ဆရာဝန်က ကျွန်တော့်အား ရီဝေစွာ ငေးမောကြည့်ရင်း မပွင့်တပွင့် ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ဗျာ၊ ဒါပေမဲ့ ကိုထွန်းရယ် ကျွန်တော်က ဘာများတတ်နိုင်မှာလဲ"

စေ့ထားသော တံခါးရွက်သည် ပွင့်သွားပြီး လူရိပ်တွေ့လိုက်ရတာကြောင့် တံခါးဆီသို့ ကျွန်တော်တို့ လှမ်း၍ ကြည့်လိုက်ကြသည်။

ဆရာဝန်ကတော်ကို တွေ့လိုက်ရသည်။ လေသည် ပွင့်ဟနေသည့် တံခါး ရွက်ကြားမှ အခန်းထဲသို့ တစ်ရှိန်ထိုး ဝင်လာသည်။

"ကိုကို မူးနေပြီလား၊ လောပန် ဦးလီရှင်းရဲ့ပေးရှင့် ရောက်နေတယ် ကိုကို" ဆရာဝန်က ဖြည်းလေးစွာ ခေါင်းညိတ်ပြရင်း "အေး အေး ကိုယ်လာခဲ့မယ်၊ ဘာကေ့(စ်)လဲ နေပါစေကွာ၊ ကိုယ် အခုချက်ချင်း လာခဲ့မယ်" ပြောပြောဆိုဆိုနှင့် သူ ထိုင်ရာမှ သွက်လက်စွာ ထလိုက် သည်။ လူနာဆိုသည့်အသံကြောင့် သူ့ခန္ဓာကိုယ်ဆီမှ အမူးရိပ်တွေ လွင့်စဉ်သွားခဲ့ပြီ။

အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ဖယောင်းတိုင်တစ်တိုင်ကို မီးကူးပြီး မုန့်ပုံးပေါ်သို့ စိုက်ထွန်းလိုက်သည်။ တံခါးချပ်ကို ပြန်ပိတ်မထားသောကြောင့် အေးစက်သော လေက အခန်း ထဲ တိုးဝင်နေဆဲ။ ဖယောင်းတိုင်မီးသည် လေရှိန်ကြောင့် ငြိမ်းလုငြိမ်းခင် ဖြစ်နေသည်။ တံခါးဆီသို့ ကျွန်တော် လျှောက်သွားခဲ့သည်။ တံခါးရွက် ကိုကိုင်ရင်း အပြင်ဘက်သို့ လှမ်း၍ ကြည့်လိုက်သည်။ နှင်းတွေဝေနေ သည့် အမှောင်ထုထဲမှာ ဆိုင်းတောင်သည် အိပ်မောကျ၍နေချေပြီ။ သည်အရပ်ဒေသကို ရက်မည်မျှကြာကြာအထိ နေရမည်ကို ကျွန်တော် မတွေးဆနိုင်။ တကယ်တော့ ဘဝဆိုသည်မှာ မည်သည့်အရာမှ ကြိုတင် တွေးလို့ မရပါလား။ တံခါးရွက်တွေကို ကျွန်တော် ပြန်ပိတ်လိုက်မိ သည်။ ထရံတွင် ကျွန်တော့်အရိပ်တွေ ယိမ်းထိုးလျက်ရှိသည်။

မြားနတ်မောင်မဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၉၃။

■

## ဟူးကောင်းည သက်ငြိမ်ရေဆေး

▶ ညီပုလေး

**ဘီး** စ, လိမ့်လိုက်ကတည်းက အိမ်ကိုလွမ်းတဲ့စိတ်က မော်တော်ကားဘီးနဲ့အတူ ကပ်ပါလာတယ်။ သွားရမယ့်ခရီးက ဘယ်နှမိုင်ဝေးမှန်း မသိ။ တစ်ခါမှ မရောက်ဖူးတဲ့ဒေသ၊ ကြားတောင်မှ မကြားဖူးပါဘူး။

၆၀၀၀ိ/– ... ၆၀၀၀ိ/– ... ၆၀၀၀ိ/– ...၊ ငွေ ၆၀၀၀ိ/– က သံပတ်တင်းတင်းပေးထားတဲ့ တိုင်ကပ်နာရီတစ်လုံးရဲ့ ချိန်သီးလို ငါ့ ရင်ဘတ်ထဲမှာ လွှဲနေတယ်။ ရွာက အတူထွက်လာကြတဲ့ အကောင်နှစ်ကောင်ရဲ့ မျက်နှာတွေကရော။ ဝတုတ်မျက်နှာက ငေးရီရီနဲ့။ ထွေးမောင်ကတော့ သူ သိပ်ချစ်ရတဲ့ အမေ့ကို သတိရနေပုံပဲ။

အဲဒီငွေ ၆၀၀၀ိ/– သာ မယူခဲ့မိရင် ဘယ်လောက်ပဲ ဝေးပါစေ ချက်ချင်း ခုန်ဆင်းနေရစ်ပြီး ငါ လှည့်ပြန်မိမှာပဲ။ သြော် ဒီငွေဟာ အိမ်က ကောင်မကြီးနဲ့ ငါနဲ့ တစ်ကွဲစီဖြစ်အောင်လုပ်ပြီး ငါ့ကို ဒီတောတွေထဲ တွန်းပို့နိုင်တဲ့ အင်အား ရှိနေတာပါလား။ အိမ်က ကောင်မကြီးကို ၃၀၀၀ိ/– ပေးခဲ့၊ ငါက ၃၀၀၀ိ/– အိတ်ထဲ ထည့်ခဲ့မိပါပေါ့။ မော်တော်

ကား တစ်ခါမှ မစီးဖူးတဲ့ ငါ့မှာ ကားမမူးဘဲ ငွေမူးနေတာလား။ ခုချိန်မှာ ငါတို့အတွက် ဒီငွေဟာ ကောက်ရိုးတစ်မျှင်လား၊ ဖုတ်သွင်းရထားလား။

ဟောဒီလမ်းကို လီဒိုလမ်းလို့ ဘာလို့ခေါ်တာလဲ၊ ငါမသိဘူး။ ငါသိတာ ဒီလိုလမ်းတစ်ဖက်တစ်ချက်ဟာ ရန်သူတော် ငှက်ဖျားရောဂါရဲ့မဟာမိတ်ဒေသ ဆိုတာပဲ ငါသိတယ်။ စိမ်းညို့နေတဲ့ သစ်တောထူထူသစ်ရွက်ခြောက် သစ်ရွက်ဆွေးတွေ အပေါ်က ပယင်းညို မိုးရေတွေ၊ ဝါးရွက်ခြောက်နဲ့ သစ်ကိုင်းခြောက် သစ်ပင်ဆွေးတွေကြားမှာ အဆိပ်ပြင်းပြင်း မှိုတွေက ပွင့်နေလိုက်သေးတယ်။ တကျီကျီ တကျာကျာနဲ့ငှက်တွေက အော်လိုအော်နဲ့။ ပတ်ဝန်းကျင် ကြည့်ရတာနဲ့ကို အဖျားတက်ချင်စရာ။

ဟ–မော်တော်ကားက ဘာလို့ အရမ်းမောင်းနေရတာတဲ့လဲ။ ဟ–သူ့အမေလူ…လို့ ချိုင့်ထဲချမောင်းရတာလား။ အူတွေ ပြုတ်ထွက်တော့မယ်။ ကားကို မြန်မြန်မောင်းလေ ငါ့အိမ်နဲ့ ဝေးဝေးသွားလေပါလား။ သစ်ပင်ဝါးပင်တွေက ရိပ်ခနဲ ရိပ်ခနဲ နောက်မှာကျန်ခဲ့တယ်။ ရှေ့ကသစ်ပင်စောက်ကြီးတွေကလည်း အရှိန်နဲ့ ပြေးပြေးလာနေကြတယ်လေ။

ရမထာ၊ ခုတင်၊ ပြန့်၊ ရေကြိမ်တွေ ခုတ်ရမယ်။ ဒီကြိမ်တွေခုတ်ရင်ငွေတွေရမယ်။ ငွေတွေက ရလိုက်သမှ တစ်ရက်ကို ၂၀၀ဝိ/–၊ နှစ်ရက်ဆို ၄၀၀ဝိ/–၊ သုံးရက်ဆိုရင် ၆၀၀ဝိ/–၊ လေးရက်ဆိုရင် … အင်းလေးရက်ဆိုရင် 'ဟော့ကောင် ထွေးမောင် လေးရက်ဆိုရင် ဘယ်လောက်လဲ'၊ အရေးထဲ အမေ့လွမ်းနေတဲ့ ထွေးမောင်က မဖြေနိုင်ပြန်ဘူး။ အလကားကောင်။

ဟော လိမ္မော်ပင်တွေ၊ ဟိုမှာ၊ တညင်းပင်တွေ၊ ကျွဲတွေပါလား၊ ဟော လက်ဝါးကပ်တိုင်၊ ခြေတံရှည်တဲလေးတွေနဲ့ ရွာတစ်ရွာပါလား။

ဟိုမှာ ဆိုင်းဘုတ်၊ ဘာတဲ့ ဟာ–ကားဆရာ ရွာနာမည်မှ ဖတ်လို့မပြီး သေးဘူး။ ကားကို ဒီလောက်အမြန်မောင်းရသလား။

ဩော် ရွာကလေးကလည်း တိတ်လို့ ဆိတ်လို့ပါလား။ လူသူနည်း တာတော့ မဖြစ်နိုင်ဘူး။ တောင်ယာထဲ ဆင်းနေကြသလား။ ရွှေမှော် တွေထဲပဲ ရောက်ကုန်ကြသလား။ ဒါမှမဟုတ် မိုးအေးအေးနဲ့ ချိုးကွေး ကွေး နေကြလေသလား။ မဟုတ်မှလွဲရော ကြိမ်ခုတ်လို့ရတဲ့ ပိုက်ဆံ တွေ လင်မယားနှစ်ယောက် အိမ်ထဲမှာ ခေါင်းချင်းဆိုင်ပြီး ရေနေကြရော့ သလော့။

ငါတို့လင်မယားတော့ ကြိမ်ခုတ်လို့ရတဲ့ ပိုက်ဆံတွေရရင် ရွာပြင် ထွက်ရေရကောင်းမလား၊ ချောင်းဖျားသွားရေရ ကောင်းမလား၊ ဟိုဘက် တဲက ကောင်မ တွေ့သွားသိသွားလို့ မဖြစ်ဘူး။ ဒီကောင်မက စိတ်ရင်း က ခပ်ပုပ်ပုပ်ရယ်။ ချေးထား၊ ငှားထားတဲ့သူတွေဆီ မိုးရွာနေရင် ထီး ဆောင်းပြီး သွားပြောမယ့် ကောင်မမျိုး။ အခုလို ကြိမ်ခုတ်ပြီး ပြန်လာ တယ်လို့များ ကြားလိုက်ရလို့ကတော့ ဘာပြောကောင်းမလဲ။ ဖြစ်ပ် ဖြစ်ပ် နဲ့ အိမ်ကို လာလည်ဦးမှာ မြင်ယောင်သေးတယ်။ ဒီအရေးတွေမြင်လို့ အိမ်က ကောင်မကြီး ပါးစပ်အပေါက်ကြီး အပိတ်ခိုင်းပြီး တိတ်တိတ် ထွက်ခဲ့ရတာ။

အောင်မယ်လေး တံတားတွေကလည်း ခနော်ခနဲ့တွေပါလား။ တကျွိကျွိ တလှုပ်လှုပ်နဲ့ အခန့်မသင့်လို့ မော်တော်ကားပါ ထိုးကျသွား မှဖြင့်၊ ဟိုအကောင် ထွေးမောင်က ငိုက်နေပြီ၊ ကြည့်၊ ဘာမှ အကြောက် အလန့်မရှိတဲ့ အကောင်။ ကားခကလည်း တစ်ယောက်ကို ငွေ ၁၀၀၀/– တဲ့။ လူတိုင်း ထုတ်ပေးလိုက်ကြတယ်လေ။ ဟ–ဒါဆိုရင် ဒီကားပေါ်က ခရီးသည်တွေအားလုံးက ကြိမ်သွားခုတ်ကြမယ့် သူတွေပေါ့။

ဓားခေါင်းက 'ရှင်ဗွေယန်' ရွာကနေ စောင့်နေမယ်လို့ ပြောတာပဲ။

ခေါင်းခေါင်းနာမည်က ဟိုဇာတ်နဲ့ဆိုင်တဲ့ နာမည်မျိုးပါ။ ပါးစပ်ဖျားတင်ကြော် 'ပွဲအောင်' တဲ့။ ဇာတ်တွေ ပွဲတွေ ဝါသနာပါတယ် ထင်ပါရဲ့။ ဒီလူ စကားပြောရင် မင်းသားဟန် မင်းသားပြော ပြောတဲ့လူ။

'ရှင်ဖွေယန်'... 'ရှင်ဖွေယန်' သူပြောပုံက အဲဒီရွာမှာဆင်းပြီး ခရီးဆက်ရဦးမယ့်ပုံပဲ။ အခုကိုပဲ တနိုင်းနဲ့ အဝေးကြီးဝေးခဲ့ပြီလေ။ တနိုင်းဆိုတာ နမ္မတီးနဲ့ အဝေးကြီး။

ဟော ရွာတစ်ရွာ၊ ဘာတဲ့ 'ရှင်လုံဂါ'။ တနိုင်းသို့ ၁၂ မိုင်၊ ရှင်ဖွေယန်သို့ ၃၂ မိုင်တဲ့။ ဖွီး...အဝေးကြီး လိုပါသေးတယ်။

ကားဆရာကတော့ မြန်မြန်မောင်းပါရဲ့။ တချို့ရွာတွေမှာတော့ ပစ္စည်းအတင်အချနဲ့ ခရီးသည် အတင်အချ လုပ်နေတာ တမေ့တမောကြီး၊ ကားစက်သံက တစ်တောလုံး ဟိန်းနေအောင် မြည်သလို ကျင်းတွေ၊ ချိုင့်တွေ ကွေ့ရှောင်လိုက်၊ မရှောင်နိုင်တဲ့အခါ 'ဂျိုင်း' ခနဲ ကျသွားလိုက်နဲ့။ တစ်ခါတလေကျတော့ ဟဲ့ သောက်ခွေး ပြောရင်းဆိုရင်း ရပ်သွားပြန်ပြီ၊ ဘရိတ်ဆောင့်အုပ်လိုက်တာ ကားအမိုးကိုင်းနဲ့ညှပ်ပြီး ရင်ဘတ်ကို အောင့်သွားတာပဲ။

အလို ရှေ့မှာ ချောင်းကြီးက ကန့်လန့်ခံနေပါလား။ ဘာ ချောင်းတရုံချောင်း ဟုတ်လား။ ဒီချောင်းကြီးကို ကားနဲ့ ဖြတ်ကူးလို့ ရပါ့မလား။ ဘုရား...ဘုရား ကားဆရာက ကားကို ချောင်းထဲမောင်းချလိုက်ပြီ။ အောင်မယ်လေး မျောများပါသွားမှဖြင့် အိမ်ကကောင်မကြီး မုဆိုးမဖြစ်ရစ်တော့မယ်။

ကားဆရာက ငါတို့အသက်ထက် သူ့ကားကို တန်ဖိုးထားပုံပေါ်တယ်။ ချောင်းရေတွေအောက် ကားဘီးအမြင့်ကြီးတွေကို မြုပ်နေကြပြီ၊ ရေစီးကလည်း သန်လှပါလား။ ကားက တစ်ခါတလေ ဘေးတိုက်တောင် မျောပါသွားလိုက်သေးတယ်။ နံဘေးက ဝတုတ်ကတော့ မျက်

တောင်ခတ်ဖို့ မေ့နေပုံပဲ။ ထွေးမောင်ကို ဘယ်သူက နှိုးလိုက်တယ် မသိဘူး။ အိပ်ချင်မူးတူးနဲ့ မျက်လုံးကြီးပြူးပြဲလို့ ချောင်းအလယ်ရောက် နေတဲ့ သူ့ကိုယ်သူ အံ့ဩထိတ်လန့်နေတယ်။ ဟူး–တော်ပါသေးရဲ့။ ဘုရားသိကြားမလို့ ကမ်းပေါ်ကို ချောချောမောမော ရောက်သွားတယ်။ ဒါကြောင့်လည်း ကားခ ၁၀၀၀ိ/– တောင်းတာဖြစ်မယ်။

တရုံရွာထဲက နာဂမိသားစု လက်ဖက်ရည်ဆိုင်ဆိုတဲ့ ဆိုင်ရှေ့မှာ ကားရပ်ပြီး ကားဆရာက လက်ဖက်ရည်သောက်တော့ ခရီးသည်တချို့ လည်း လက်ဖက်ရည် ဝင်သောက်ကြတယ်။ ငါတို့ကတော့ ကျန်ကောင်း ကျန်ရာငွေထဲက လက်ဖက်ရည်ဖိုး အကုန်မခံနိုင်ဘူး။ လက်ဖက်ရည် တစ်ခွက်ကုန် စီးကရက်တစ်လိပ် ဖွာချိန်လောက်ကြာတော့ ကားဆရာ ပြန်ထွက်လာပြီး ဟွန်းတွေ တီးပါရောလား။ ဟိုရောက် ဒီရောက် ရောက် နေတဲ့ ခရီးသည်ကို ပြန်စုလိုက်တာလေ။

*

ဘယ်သူက ပြောလိုက်တယ် မသိဘူး။ ရှေ့ကမြင်နေရတဲ့ရွာက 'ရှင်ဗွေယန်' ဆိုတဲ့ စကားက ခရီးသည်ချင်းပြောရင်း လူတွေအားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ရှင်ဗွေယန်မှာ ရွှေမော်လည်းရှိတယ်။ ဒုတိယကမ္ဘာစစ်လက်ကျန် ကတ္တရာစေးပုံးတွေလည်း အပုံအပင် ရှိတဲ့ အကြောင်းပြောရင်း ဟောဟော ဟိုဟာ စစ်လေယာဉ်ကွင်းဟောင်းတဲ့။ ငါလည်း လေယာဉ်ပျံရှိတာ မဟုတ်ဘဲ သူများကြည့်တဲ့ဘက် လိုက်ကြည့် ရသေးတယ်။ ဩော် စပယ်ယာက ဆည့်လမ်းညွှန် လုပ်နေတာကိုး။

ကားဆရာနဲ့ ဓားခေါင်းတို့ ချိန်းထားကြသလား အောက်မေ့ရတယ်။ ကားရပ်တဲ့ နေရာတည့်တည့်မှာ ဓားခေါင်းက တော်ပါတစ်လက်မှာ စီးကရက်ကိုထည့်ပြီး ဖိမ်နဲ့ဖွာနေတယ်။ တော်ပါဝါးပြောင်းထဲမှာ ထည့်

ထားတဲ့ ရေတွေ ဂလု ဂလုနဲ့ မြည်သံကို အတိုင်းသား ကြားနေရတာ ပေါ့။ ခြေထောက်နှစ်ချောင်း ကြက်ခြေခတ်ပြီး ဒူးကို နန့်နေရင်း ကားပေါ်က ဆင်းနေတဲ့ ငါတို့လူသိုက်ကို မြိန့်မြိန့်ကြီး ကြည့်နေတယ်။

နှစ်ယောက်၊ သုံးယောက်လောက်ပဲ ကားနဲ့ဝေးရာကို ထွက်သွားကြပြီး ကျန်တဲ့လူတွေကတော့ ဓားခေါင်းစုထားတဲ့ လူတွေပဲပေါ့။ ကြိမ်ခုတ်ကြမယ့် သူတွေက နမ့်ခုတ်ရွာက ငါတို့သုံးယောက်ပါ အားလုံး ဆယ့်နှစ်ယောက်။

အလို ကြိမ်တစ်လုံးမှ မခုတ်ရသေးခင် လက်ရုံးတွေ လှုပ်လှုပါလား။ ညာလက်ရုံး လှုပ်နေတာလေ။ နိမိတ်ကောင်းသတဲ့။ လှုပ်လိုက်စမ်း ထပ်လှုပ်လိုက်ဦးဟ။

ကားပေါ်ကဆင်းပြီး ဓားခေါင်းဦးဆောင် ခေါ်တဲ့နောက် အားလုံး လိုက်ခဲ့ကြတယ်။ လူတွေအားလုံးရဲ့ ခြေလှမ်းက တက်ကြွနေကြတယ်။ ငါ့ရဲ့ ခြေလှမ်းတွေက ဘာလို့ လေးနေရတာတဲ့လဲ။ ငါတစ်ယောက်တည်း လူတန်းရှည်ရဲ့ ရှေ့နားဆီကနေ အလယ်နား၊ အလယ်နားကနေ တဖြည်းဖြည်း နောက်ဆုံးကို ရောက်နေပါလား။

လျှောက်လိုက်ရတာ၊ လျှောက်လိုက်ရတာ၊ ဘယ်လောက်ဝေးမှန်းကို မသိဘူး။ ကြိမ်...ကြိမ်...ကြိမ်...ကြိမ်တွေခုတ်ရင်း၊ ငွေ...ငွေ ငွေတွေ ရမယ်။ ငါ့ခေါင်းထဲမှာ ဒါပဲရှိတယ်။ တစ်ခါတလေလည်း အိမ်က ကောင်မကြီးကို မျက်လုံးထဲမှာ မြင်ယောင်တယ်။ အခုလို ရက်ရှည်ရှည် တစ်ခါမှ မခွဲစဖူးပဲ။ ဆံပင်စုတ်ဖွား၊ ထဘီရင်ရှားနဲ့ ခေါင်းကို ဖြင်းဖြင်း မြည်အောင် ကုတ်နေတဲ့ပုံချည်း မြင်မြင်နေတယ်။ သူ စိတ်လိုလက်ရရှိမှ သနပ်ခါးလေး ဘာလေး လူးတတ်တယ်။ စိတ်လိုလက်ရရှိတဲ့နေ့က လည်း ခပ်နည်းနည်း မဟုတ်လား။

ငွေ...ငွေ...ငွေရရင်ကော၊ အင်း...ငွေရပြီဆိုရင်တော့ လုပ်စရာတွေ

လုပ်ချင်တာတွေ တစ်ပုံတစ်ပင်ကြီး။ တဲပြင်မိုးမယ်၊ ဒန်အိုးလေးတစ်လုံးလည်း ဝယ်မယ်၊ အကြွေးတွေဆပ်မယ်၊ ခါးလှဖို့ မစဉ်းစားသေးပါဘူး။ ဟောဒီပါးစပ်၊ ပါးစပ်အတွက် ဦးစားပေးရမယ်။ အို…လုပ်စရာတွေ၊ ဝယ်စရာတွေက ဟောဒီ လီဒိုလမ်းတစ်လျှောက် ပေါက်နေတဲ့ သစ်ပင်တွေထက် များလိမ့်ဦးမယ်။ ဒါ ငါတစ်ယောက်တည်းရဲ့ စိတ်ကူးပဲ ရှိသေးတယ်။ အိမ်ကကောင်မကြီး စိတ်ကူးတွေနဲ့ ပေါင်းပြီး လင်မယားနှစ်ယောက် စိတ်ကူးတွေသာ တန်းစီချလိုက်ရရင် ဘာပြောကောင်းမလဲ၊ ဟိုး ငါတို့ နမ့်ခုတ်ရွာကနေ တနိုင်း၊ တနိုင်းကနေ ရှင်ဗွေယန်၊ ရှင်ဗွေယန်ကနေ ဟူးကောင်းလွင်ပြင်ကျယ်ကြီး ဖြတ်ပြီး ပတ်ကွိုင်တောင်တန်းတွေ နာဂတောင်တန်းတွေ ကျော်ထွက်သွားလိမ့်မယ် ထင်တယ်။

လူသွားလမ်း ပြောင်ပြောင်လေးကနေ ညာဘက်ကို မသိမသာ ခပ်စွေစွေလေး ဖဲ့ဆင်းခဲ့ကြတယ်။ ငှက်ပျောရိုင်းပင်တွေ၊ တောင်ပိုးစာပင်တွေ၊ ဝါးတောတွေကြား တိုးတိုးဝှေ့ဝှေ့ လျှောက်ကြရတာပေါ့။ နေရောင်ကလည်း တဖြည်းဖြည်း နည်းလာပြီ။ ဓားခေါင်းပွဲအောင်ရဲ့ ခြေလှမ်းက အောင်ပွဲရ စစ်သူကြီးတစ်ယောက်ရဲ့ ခြေလှမ်းမျိုး။ ဂုန်းပင်တွေ၊ ဝါးပင်တွေ ကျော်လာတော့ ချောင်းတစ်ချောင်းနဲ့ ယှဉ်လျက် လမ်းကလေးအတိုင်း လျှောက်ရပြန်ရော။

လျှောက်ရင်း သွားရင်း လျှောက်ရင်း ဟိုးခပ်လှမ်းလှမ်းက မီးခိုးငွေ့ငွေ့လေး အူထွက်နေတာ တွေ့လိုက်ရတော့ ဝမ်းသာလိုက်တာ။ အားတက်မိတယ်။ လူသူမနီးတဲ့ တောကြီးထဲမှာ လူရှိတဲ့ အရိပ်အယောင် အခိုးအငွေ့ကလေး။ ပုစဉ်းရင်ကွဲသံတွေက ကျယ်ရာကနေ တိုးသွားလိုက်၊ ဟော ဗြုန်းဆို ပြန်ကျယ်သွားပြန်ရော။ ငှက်ဖျားရောဂါ မရှိသေးတဲ့ လူတစ်ယောက်ဟာ ဟောဒီအရပ်နေခဲ့ပြီးမှ ငှက်ဖျားမဖြစ်ဘူးဆိုရင် ယုံနိုင်စရာမရှိတဲ့ အရပ်ပါပဲ။

ဝါးတဲ ၄ လုံးပါလား။ အံမယ် ရှန်းရှက်တွေမိုးလို့။ ခေါင်းက အဲဒီတဲတွေဆီ ဦးတည်သွားနေတယ်။ တဲထဲက လူတွေကလည်း ငါတို့ လူသိုက်ကို လှမ်းစူးစမ်းနေကြတယ်။ ငါတို့လူသိုက် အဲဒီတဲတွေနားက နေ ဖြတ်ပြီး ချောင်းကမ်းပါးတစ်လျှောက် ဆက်လျှောက်ခဲ့ကြတယ်။ ငါ သိလိုက်ပြီ၊ ဒီလူတွေလည်း ကြိမ်ခုတ်လုပ်သားတွေပဲ။ ထမင်းအိုး တည်သူတည်၊ ချောင်းထဲ ရေချိုးဆင်းသူဆင်းနဲ့ ကြိမ်တွေက ဟိုတစ်စု ဒီတစ်စုနဲ့။

နောက်ထပ် တဲ ၄ လုံးကိုတွေ့တော့မှ ခေါင်းက ငါတို့ကို ဒီတဲ တွေထဲမှာ တိုးဝှေ့ပြီး တစ်ညတော့ ဖြစ်သလို အိပ်လိုက်ကြဦးတဲ့။ မနက် ဖြန်မှ ကိုယ့်ဘာသာ တဲထိုးပြီး နေကြလို့ ပြောတယ်။ တဲတွေရဲ့ ပတ် ဝန်းကျင်မှာ ကြိမ်တွေခုတ်ပြီး ပုံထားတာ မနည်းလှပါလား။ ဒါ ပိုက်ဆံ တွေပဲပေါ့။

ခေါင်းက တဲရှင်တွေနဲ့ ငါတို့ကို အသိဖွဲ့ပေးတယ်။ ပြီးတော့ ငါတို့ခုတ်ရမယ့် ကြိမ်တွေ အမျိုးအစား ခွဲပြနေတယ်။ သူပြတုန်းက သေသေချာချာ ကြည့်ထား မှတ်ထားရတာလေ။ ဒါ ရမထာ၊ ဟော ဒါ ပြန့်ကြိမ်၊ ဒါက ရေကြိမ်လို့ ခေါ်တယ်။ ဟိုအပုံက ခုတင်ကြိမ်။ အရှည် က အနည်းဆုံး ၁၃ ပေ ရှည်ရမယ်။ ၁၃ ပေအောက်လျော့ရင် လက်မခံ ဘူး။ အပယ်ပုံထဲ ပို့လိုက်မှာတဲ့။

ကြိမ်ဟာ ငါ့အတွက်တော့ ပိုက်ဆံပဲ မဟုတ်လား။ ခေါင်းပြ ထားတဲ့ ပြန့်တွေ၊ ရမထာ စတဲ့ ကြိမ်တွေကို သေသေချာချာ မှတ်မိ အောင် ထပ်တလဲလဲ ကြည့်ထားရတယ်။

ညစာကို ကပျာကယာ ချက်လိုက်ကြတယ်။ ရောက်နှင့်တဲ့ ကြိမ် ခုတ်လုပ်သားတွေက သူတို့ရှိတဲ့ ဟင်းတချို့ မျှတကျွေးကြပါရဲ့၊ ဥရင် ကောက်ညှန့်ကိုပြုတ်ပြီး မြေပဲဆံလေးနဲ့ သုပ်ထားတဲ့အသုပ်က ပင်တိုင်

ဓာတ်လိုက်ဟင်းပဲပေါ့။

တစ်တဲတည်း အတူတူအိပ်ကြရမှာဆိုတော့ မအိပ်ကြခင် စကား စမြည် ပြောကြရင်း မိတ်ဆွေဖွဲ့ကြတယ်။ သူတို့အထဲမှာ မလှိုင်နယ် သားတွေလည်း ပါ၊ မုံရွာနယ်သားတွေရော၊ ဟိုး ဖိုးဝင်းတောင်က လူ တွေရော စုံလို့။ နိုင်ငံတကာ လေယာဉ်ကွင်းသစ်ကြီးရှိတဲ့ တံတားဦးက လည်း ပါသလို၊ မင်းနေပြည်တော်ဟောင်းဖြစ်တဲ့ အင်းဝကလူတွေလည်း ပါတယ်။

စကားတွေကတော့ သောင်းပြောင်းထွေလာတွေပါပဲ။ ဖိုးဝင်းတောင် မှာ မျောက်တွေပေါတဲ့အကြောင်း ပါသလို၊ ကြေးစင်တောင် ကြေးထုတ် လုပ်ပုံတွေလည်း ပါတယ်။ မလှိုင်နယ်သားတွေ စိုက်ကြတဲ့ ဝါးပင်တွေ အကြောင်းလည်း ပါရတာပေါ့။ တံတားဦးသားတစ်ယောက် ပြောကြ တဲ့ သူတို့ဆီက လေယာဉ်ကွင်း ဆိုတာကြီးက နည်းတာကြီးမှ မဟုတ် ဘဲ။ သူ့အပြောအရတော့ ကွင်းအကျယ်က နောင်မွန်ရွာနဲ့ ကျောက်အိုက် နှစ်ရွာလောက်တောင် ကျယ်ဦးမယ်။ ငါတို့ စကားပြောနေကြတဲ့ နေရာ နဲ့ ဟိုးဝေးဝေးက တောတန်းလေးထက် မလျော့ဘူးဆိုရင် နည်းတဲ့ကွင်း ကြီးလား၊ ဧရာမကြီး။

အရေးထဲ ကြိမ်တောတိုးရင် မရှိမဖြစ် ပွိုင့်ဖိနပ် ဆိုတာကလည်း လိုသေးတယ်တဲ့။ ဘာတုံး ပွိုင့်ဖိနပ်ဆိုတာ။ ကြိမ်တို့၊ ဆူးတို့၊ ညောင့် တို့ မစူးအောင် ကာကွယ်တဲ့ တောစီးဘွတ်ဖိနပ်တဲ့။ တရုတ်လုပ်။ ဒီနေ့ လာကြတဲ့ ၁၂ ယောက်မှာ လထော်ဖော်ရန် ကချင်လူမျိုး၊ လဝါရွာသား နှစ်ယောက်ပဲ ပွိုင့်ဖိနပ် ပါလာကြတယ်။ တစ်ရန် ၄၅ဝိ/– နဲ့ တနိုင်း ဈေးထဲက ဝယ်လာသတဲ့။ ဖွီး ၄၅ဝိ/– ဆိုလည်း ၄၅ဝိ/– ပဲ မဝယ် မဖြစ်၊ မရှိမဖြစ် ဆိုတော့လည်း ဝယ်ရတော့မှာပေါ့။

ခရီးပန်းလာလို့ ဒီညတော့ ခေါင်းချရင် တုံးခနဲ အိပ်ပျော်မယ်

ထင်တာ၊ ဘယ် တော်တော်နဲ့ အိပ်ပျော်လို့လဲ။ ဒီကြားထဲ အင်းဝက လူနဲ့ ဖိုးဝင်းတောင်က လူနှစ်ယောက် အချီအချ ဟောက်နေလိုက်ကြတာ။ သူတို့ ဟောက်သံကြောင့် တော်ရုံတန်ရုံ သားကောင်တွေ အနားမကပ်ရဲ လောက်ဘူး။ တလူးလူး တလိမ့်လိမ့်နဲ့ လင်းခါနီးမှ မေးခနဲ အိပ်ပျော် သွားတယ် ထင်တာပဲ။ နာရီသံချောင်း၊ အုန်းမောင်းခေါက်သံ ကြေးစည် ထိုးနိုင်တဲ့ အရပ်မှ မဟုတ်ပဲလေ။ အတူအိပ်ကြတဲ့လူတွေနိုးတော့ ငါပါ နိုးတာပေါ့။

နံနက်မိုးလင်းတော့ နောက်ဆုံးရောက်ကြတဲ့လူ ၁၂ ယောက်အတွက် တဲထိုးကြမလို့။ တဲတစ်လုံးတည်း ခပ်ကြီးကြီးထိုးမလား၊ ၆ ယောက်စီ ခွဲပြီး တဲနှစ်လုံးထိုးမလား တိုင်ပင်ကြတာ။ နောက်ဆုံး တဲ နှစ်လုံးပဲ ထိုးဖြစ်သွားတယ်။ ဝါးတွေကလည်း ဝယ်ရတာမဟုတ်၊ မြေကြီးက လည်း ကြိမ်တွေခုတ်ထားတော့ တော်တော်ရှင်းပြီးလင်းပြီး ဖြစ်နေပြီ လေ။ ငါတို့ နမ့်ခုတ်ရွာသား ၃ ယောက်နဲ့ နမ္မတီး ကံလှနယ်သား ၃ ယောက်တို့ ပေါင်းပြီး တဲတစ်လုံး ထိုးကြတယ်။ အရင်ရောက်နှင့်ကြသူ တွေကပါ ကူညီလုပ်ပေးကြတော့ နေ့လယ်စာ စားချိန်မှာ တဲက ရုပ်လုံး အတော်ပေါ်နေပြီ။ တော်ပါတစ်လက်နဲ့ စီးကရက် ဖွာရှိုက်ရင်း ဓား ခေါင်းက ငါတို့ အလုပ်လုပ်နေတာကို ပြုံးပြုံးကြီးကြည့်နေတယ်။ တဲ ဆောက်ပြီးရင် ညနေစာစားဖို့ ချက်ကြပြုတ်ကြမယ်။ ရှင်ဗွေယန်ချောင်းထဲ ဆင်းပြီး ရေချိုးကြမယ်။ ပြီးရင် ညစာစား၊ တဲအသစ်မှာ ခါးဆန့်ရင်း ထမင်းလုံးစီရုံပဲ။

*

ငါ–မသား ဓားခေါင်း သက်သက်မဲ့ရင့်တာ။ ဒီပွဲငှဲဖိနပ်ကို ၇၀ဝိ/– တဲ့။ ရက်စက်လိုက်တဲ့အကောင် မတန်မှန်း အသိသား။ မနေ့ကမှ တနိုင်း

က ဝယ်လာခဲ့တဲ့ လဝါရွာသားတွေက ၄၅ဝိ/– ပဲ ပေးခဲ့ရတယ်လို့ ပြောပါပကော။ လက်ငင်းမပေးရပါဘူး။ ကြိမ်ခုတ်လို့ရတဲ့ လုပ်အားခထဲက နှိမ်သွားမှာပါတဲ့။ ဟိုနေ့က တော်ပါတစ်လက်နဲ့ စီးကရက်ကို ဖွာရှိုက်ရင်း ပြုံးမြိန့်မြိန့် မျက်နှာကြီးကို မြင်ယောင်တယ်။ ဒီကောင့်ပိုက်ဆံတွေ ငါ့မှာ စူးနေလို့သာပေါ့။

ကြိမ်က ငါတို့တဲနဲ့နီးနီးမှာ မရှိတော့ပါဘူး။ ငါတို့တဲတွေကနေ ကြိမ်တွေရှိရာကို နှစ်မိုင်လောက်တော့ လမ်းလျှောက်သွားရသေးတယ်။ ဒါလည်း ကြိမ်ခုတ်မယ့်သူတွေက များတော့ ခပ်သုတ်သုတ် လျှောက်ကြရတာ။ စံချိန်မီမယ်လို့ထင်တဲ့ ကြိမ်တွေကို ခုတ်။ ကြိမ်က ဆူးတွေကို ဖယ်ပစ်ရတယ်။ လုပ်နေကျမှ မဟုတ်တာ။ ဆူးစူးတာပေါ့။ အစတော့ ဘယ်ကျွမ်းကျင်လိမ့်ဦးမလဲ။ သူများခုတ်တာ ရှင်းတာကို အတုခိုးရတာပေါ့။

ရောက်ခါစမှာ တစ်နေ့ ကြိမ် ၅ဝ ဝန်းကျင်လောက် ခုတ်နိုင်တော့၊ တစ်နေ့ ငွေ ၅ဝဝိ/– ပေါ့။ တစ်ခါတလေလည်း ကြိမ်ပေါရင် ၁ဝဝ လောက် ခုတ်နိုင်တယ်။ ဒါဆိုရင် တစ်နေ့ဝင်ငွေ ၁ဝဝဝိ/–။ ဓားခေါင်းပွဲအောင် တစ်ယောက်တည်းရဲ့ လူတွေချည်း ဒီတောထဲမှာ ခုတ်နေတာမှ မဟုတ်ဘဲ။ ကြိမ်ထုတ်တဲ့ ကုမ္ပဏီတွေက အများကြီး။ ဓားခေါင်းတွေ မွေးထားတာလည်း တစ်လှေကြီး။ ဒီတော့ ကြိမ်တောက နက်သထက် နက်လာတယ်။ ကြိမ်က တဖြည်းဖြည်း ရှားလာတယ်။

ရက်နှစ်ပတ်ကျော်ကျော်လောက်နေတော့ ကြိမ်ခုတ်မယ့်လူတွေ နောက်ထပ် ရောက်လာကြပြန်တယ်။ ဘယ်နယ်သားတွေမှန်း မသိလိုက်ပါဘူး။ ဓားခေါင်းက ဒီလူသိုက်ကို ငါတို့နဲ့ ပိုဝေးတဲ့ ချောင်းညာဆီ ခေါ်သွားတယ်။ ဇကန္တ ပွိုင့်ဖိနပ်တစ်ရန် ၈ဝဝိ/– နဲ့ ဆော်တော့မယ် ထင်တယ်။ ပွဲအောင် အောင်ပွဲခံတော့မလို့လေ။

စံချိန်မီတဲ့ကြိမ်က ရှားသထက် ရှားလာတယ်။ ကြိမ်တစ်ချောင်း ရဖို့ နံဘေးက အရွယ်မရောက်သေးတဲ့ ကြိမ်ပင် လေးငါးဆယ်ပင် ခုတ်လို ခုတ်ကြရနဲ့။ တစ်နေ့ကို ကြိမ် ၅၀၊ ၆၀ ရဖို့ တောနက်သထက် နက်နက် တိုးဝင်ရတယ်။ တံတားဦးသားတွေ စစ်အတွင်းတုန်းက ပျက်ကျထားတဲ့ လေယာဉ်ပျံတစ်စင်း တွေ့လို့တဲ့။ သီပေါဘုရင်နဲ့ နန်းစဉ် ရတနာတွေ လေယာဉ်ပျံ ၃ စင်းနဲ့ အိန္ဒိယပြည်ကို အသယ်မှာ ဂျပန်လေယာဉ်က လိုက်ပစ်လို့ ပျက်ကျဖူးတဲ့ ဇာတ်လမ်းက ကြိမ်ခုတ်တဲ့ သူတွေအကြား အပြောများပြီး၊ သိပ်ကျော်ကြားတဲ့ ဇာတ်လမ်းတစ်ပုဒ် ပေါ့။

ငါသာ တံတားဦးသားတွေလို လေယာဉ်ပျံတွေ့လိုက်ရလို့တော့ကွာ၊ လက်ထဲက ဓားလွှတ်ချပြီး ရတနာသေတ္တာတွေ ပိုက်ပြန်မယ်။ ဒါပေမဲ့ တံတားဦးသားတွေခမျာ လေယာဉ်ကိုယ်ထည် သတ္တုစပ် နည်းနည်းပဲ ရလိုက်တယ်။ သူများတွေ ဟိုတုန်းက တွေ့နှင့်လို့ ယူလို့ရတာ အကုန် ယူပြီးသားကြီးတဲ့။

ချွေးချွေးတာတာ စားတာကိုပဲ ည၊ မနက် နှစ်နပ်စာကို ၂၀၀ိ/– ကျော် ၃၀၀ိ/– နီးပါး ကုန်နေတယ်။ ကုန်ဈေးနှုန်းက ဓားခေါင်းရဲ့ ပါးစပ်ဖျားမှာ ရှိတာမဟုတ်လား။ ပွဲအောင်ပါးစပ်ကဈေး မကျေနပ်လို့ တနိုင်းဈေး ကိုယ်တိုင်တက်ဝယ်မယ်ဆိုရင်လည်း အသွားအပြန် ကားခ ရယ်၊ မြို့ရဲ့ စားစရိတ်ရယ်၊ ဈေးဝယ်ကုန်ကျငွေရယ်၊ ကြိမ်ခုတ်ရက်က နှစ်ရက်လောက် ပျက်ဦးမှာရယ်၊ ဓားခေါင်းကလည်း မွတ်နေအောင် လည်တဲ့အကောင်။ အကြွေးပေးတယ်၊ တချို့ပစ္စည်းတွေ ဈေးနည်းနည်း ပဲ တင်ရောင်းတယ်။ ဆပ်ပြာတို့၊ ဆေးလိပ်တို့လို ကုန်မျိုး။ ဆပ်ပြာက သိပ်သုံးကြတာ မဟုတ်သလို ဆေးလိပ်ကလည်း ပွတ်ချွန်းသမားတွေ ပါရှိနေတော့ သိပ်အရောင်းမသွက်လှဘူး။ မဝယ်မဖြစ်တဲ့ လူတိုင်းစား

ကြတဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်လို စားကုန်ပေါ်မှာတော့ သာသာပိုပို တင်ရောင်းတဲ့ အကောင်။

ကြိမ်အရနည်းလို့ ချွေချွေတာတာ စားနေတဲ့ကြားက နေမကောင်း ဖြစ်လိုက်သေးတယ်။ ခံလိုက်ရတာ။ မက္ကလောင်ဖျားတဲ့။ တစ်ခါမှ ဒီလို မဖျားဖူးဘူး။ အရမ်းချမ်းပြီး ကိုယ်က အရမ်းပူနဲ့။ ဘော်ရန်တူးဆိုတဲ့ ကချင်လူငယ်လေးတစ်ယောက်က ပြုစုလို့သာပေါ့။ သူပဲ လက်ချောင်း ထိပ်ဖျားကို မက္ကလောင်အဖျားစုပြီး ဖောက်ပေးလိုက်လို့ သက်သာသွား တာပေါ့။ ၄ ရက်လောက် ကြိမ်မခုတ်နိုင်ဘူး။ ဓားခေါင်းဆီက မက္က လောင် အဖျားပြတ်ဆေးလည်း ဝယ်သောက်လိုက်ရသေးတယ်။ အားက သိသိသာသာကြီးကို နည်းသွားတာလေ။

*

ကြိမ်တွေ ပေါမယ်လို့ ထင်တဲ့ဘက်ကို ရွှေ့ခုတ်ကြရင်း တစ်မနက် မှာ–

တစ်ရွာတည်းသား ဝတုတ်ရဲ့ ရှူးရှူးဝါးဝါး အော်သံကြီးက အနီး အနားမှာရှိတဲ့ လူမပြောနဲ့ ခပ်လှမ်းလှမ်းက ငါတို့တောင်မှ လန့်ဖျပ်သွား တာပဲ။ သူ့အော်သံကြီးမှာ ထိတ်လန့်သံကြီးစွက်လို့။ လူသံရော ဝက်ဝံ သံပါ ပေါင်းပြီး ကြားရတာလေ။ ဝတုတ်က အဖော်တွေရှိရာ အာခေါင် ခြစ်အော်ရင်း အားကုန်ပြေးလာသတဲ့။

သားသည်မအေ ဝက်ဝံမကြီးတစ်ကောင် ဝတုတ်နောက်ကို လိုက် တာ၊ မတ်တတ်ရပ်လိုက်တော့ ခြောက်ပေကျော်ကျော်လောက် မြင့်သတဲ့။ ရင်ဘတ်မှာ ခပ်ဖြူဖြူ အမွေးတွေနဲ့။

ဘော်ရန်တူး ကြည့်ရတာ ဒီလောက်ကြီးတဲ့ ဝက်ဝံကိုလည်း ကြောက် ပုံ လန့်ပုံ မပေါ်ပါဘူး။ ဒါနဲ့ ငါတို့နှစ်ယောက် တိုင်ပင်ကြတယ်။ ဝက်ဝံ

သိုက်ထဲမှာ ဝက်ဝံကလေးတွေ ငါ ဝင်နှိုက်ချင်တယ်။ မင်း ငါ့ကို ကူညီမလား ဆိုတော့၊ သူက ဘယ်လိုလုပ်ရမှာတုံးတဲ့။ မင်းက ဝက်ဝံမကြီးမျှားခေါ်ထုတ်သွား၊ ငါက ဝက်ဝံကလေးတွေ ဝင်ဖမ်းခဲ့မယ်၊ ပြီးရင်တစ်ယောက်တစ်ဝက် ခွဲယူကြမယ်။ ဘယ့်နှယ်လဲ။ ဘော်ရန်တူးက သိပ်ကြာကြာ စဉ်းစားမနေပါဘူး။ ငါ့စကားဆုံးတာနဲ့ သူ့ခေါင်းညိတ်တာနဲ့ပြိုင်တူမဟုတ်ရင် ရှေ့ဆင့်နောက်ဆင့်ပါပဲ။

ငါတို့ ဓားကိုယ်စီနဲ့ ဝက်ဝံမကြီး ရှိနိုင်တဲ့ဘက်ကို ချွတ်နင်းခဲ့ကြတယ်။ တကယ်တော့ ခုနက ဝတုတ်ကို ဘာမှမလုပ်လိုက်ရတဲ့ ဝက်ဝံမကြီးက ပိုပြီး ဒေါသဖြစ်နေမှာလေ။ ငါတို့က အရင် သူ့ကို တွေ့ရင်တွေ့၊ ဒီလိုမှ မဟုတ်ဘဲ သူက ငါတို့ကို အရင်တွေ့လိုက်လို့ကတော့ငါတို့နှစ်ယောက် ဝက်ဝံလက်သည်းထဲမှာ ဘယ်သူ့မျက်နှာ ပါသွားလေမလဲ။ ဝတုတ်အတွက် ဝေစုပါရမယ့်ကိစ္စလေ။

ဘော်ရန်တူး ကြည့်ရတာ ချောင်းထဲ မြောင်းထဲ ငါးသွားမျှားတဲ့မျက်နှာမျိုး၊ ငါ့မှာသာ ကျီးကန်းတောင်းမှောက်သလိုဖြစ်ပြီး ရင်ထဲမှာလည်း တလှပ်လှပ်နဲ့။ ဓားကို ဆုပ်ကိုင်ထားတဲ့ လက်တွေလည်း ချွေးစေးတွေပြန်လို့။ ခြောက်ပေကျော်ကျော်ရှိတဲ့ ဝက်ဝံမ၊ နောက်ကများလာလေမလား။ ခဏခဏ လှည့်ကြည့်ရသေးတယ်။ ဝက်ဝံအထီးကြီးကော မရှိနိုင်ဘူးလား။ အထီးကြီးဆိုရင်တော့ ခုနစ်ပေလောက်တော့ရှိလိမ့်မယ်။ နားကိုစွင့်၊ မျက်စိကိုဖွင့်၊ ခြေသံလုံပစေ။

ဘော်ရန်တူးက သိပ်လျင်တယ်၊ သူက ဝက်ဝံမကြီးကို စ,မြင်တာ။ ငါ့ကို ခပ်လှမ်းလှမ်းကတည်းက အချက်ပြရင်း ဝက်ဝံသိုက်ကို ညွှန်ပြနေတယ်။ ငါကလည်း ငါပဲ၊ ကြောက်စိတ်မွှန်ပြီး မျက်လုံးက အသိုက်ဝေးလို့ ဝက်ဝံမကြီးကိုတောင် မတွေ့ဘူး။ နောက် တဖြည်းဖြည်း နီးသွားမှ တွေ့တယ်။

ဘော်ရန်တူး တော်ပါပေတယ်။ ဝက်ဝံမကြီး သူ့နောက်လိုက်လာအောင် မျှားခေါ်နိုင်တယ်။ ဒီတစ်ခါ ကြားရတဲ့ စူးစူးဝါးဝါးအော်သံကလည်း လန့်စရာပဲ။ ဝက်ဝံမကြီး ဘယ်လောက် ဒေါသထွက်နေတယ်ဆိုတာ သူ့အော်သံကြားရတာနဲ့ သိနိုင်တာပေါ့။ ဘော်ရန်တူးက ငါနဲ့ဝေးရာဘက်ကို ကွေ့ကွေ့ကောက်ကောက် ပြေးတယ်။

ဝက်ဝံအသိုက်ကို ခပ်ကြောက်ကြောက်နဲ့ ချဉ်းကပ်ရတယ်။ ဝက်ဝံအထီးကြီးရော မရှိနိုင်ဘူးလား။ အသိုက်က ကျဉ်းကျဉ်း မည်းမှောင်မှောင်နဲ့။ လေးဖက်ထောက်ပြီး မနည်းကို ကြိုးစားရတယ်။ အလိုလေး မှောင်လို့မည်းလို့ပါလား။ မီးခြစ်နဲ့ ခြစ်ကြည့်မှ။ နို့တွေစို့ပြီး ဗိုက်ကားလို့ အိပ်နေတယ်ထင်ပါရဲ့။ ဝက်ဝံကလေး တစ်ကောင်တည်း၊ သားလား၊ သမီးလား မသိ။ အသိုက်ကလည်း မှောင်မှောင်၊ ဝက်ဝံလေးကလည်း မည်းမည်းနဲ့ အတော်ကို ရှာကြည့်ရတယ်။ ဒီအကောင်လေးကို စလွယ်သိုင်းထားတဲ့ ပုဆိုးအပိုနဲ့ ထွေးထုပ်လိုက်တယ်။ ဝက်ဝံလေးက လန့်ပြီး အော်သေးတယ်။ ရုန်းတာကတော့ ဘာရုန်းသလဲ မမေးနဲ့။ ပုဆိုးနဲ့ မြန်မြန်ထုပ်မိလို့သာပေါ့။

အဲဒီနေ့က ကြိမ်အချောင်း ၂၀ လောက်ပဲ ခုတ်ခဲ့ပြီး ချောင်းနံဘေးက တဲဆီ ပြန်ခဲ့ကြတယ်။ ကြမ်းခါစ အမွေးတွေက ပုဆိုးကိုဖောက်ပြီး ကျောပြင်ကို လာလာစူးတယ်လေ။ သူ့ကို ကျောမှာပိုးလာခဲ့ရတာ မဟုတ်လား။

တစ်ကောင်တည်းသော ဝက်ဝံကလေး။ ဘော်ရန်တူးက အထီး၊ အမ ကြည့်တတ်တယ်။ သူက လှန်လှောကြည့်ပြီး အထီးကလေးတဲ့။ နို့တွေ သူတစ်ကောင်တည်း စို့ရတဲ့ အကောင်ဆိုတော့ ဝဝဖိုင့်ဖိုင့်ကလေး။ သားပျောက်ရှာနေမယ့် ဝက်ဝံမကြီးကိုလည်း မြင်ယောင်နေတယ်။

ဒီအကောင်လေး အိပ်ဖို့ ခင်းစရာပုဆိုးစုတ်က ရှိတာမဟုတ်ဘူး။

ပုဆိုးထဲက အရောင်လွင့်တဲ့ တစ်ထည်ကို သူ့အတွက် အိပ်ရာခင်းလုပ်ပေးလိုက်ရတယ်။ ချည်ဖိုကြိုးကိုတော့ ဘော်ရန်တူးက ကျစ်ပေးတယ်။ ဒီအကောင်လေး အသက်ရှင်အောင် ဘယ်လိုလုပ်မလဲ။ နို့ဆီကို ဖျော်တိုက်တဲ့နည်းပဲ ရှိတယ်မဟုတ်လား။ အဲဒီညနေဟာ ဒီဝက်ဝံကလေးဟာ ဘဝတူ ကြိမ်ခုတ်လုပ်သားတွေ လာပြီးကြည့်ရတဲ့ ချစ်စရာ အကောင်လေးတစ်ကောင်ပဲပေါ့။

ဓားခေါင်းကတော့ ဒီဝက်ဝံကလေးကို သူ့ရောင်းပါတဲ့။ သူ မွေးထားမယ်တဲ့။ ဘော်ရန်တူးက ငါ့ကို ထမင်းချက်နေရာက လှမ်းကြည့်နေတယ်။ ဝတုတ်တို့၊ ထွေးမောင်တို့ကလည်း ငါ့ကို စူးစမ်းနေကြတယ်။ ငါသာ တစ်ခုခုမပြောရင် ဘော်ရန်တူးက ဝင်ပြောတော့မှာ။ ခေါင်းယမ်းပြရင်း မရောင်းနိုင်ဘူးလို့ ပြန်ပြောလိုက်တယ်။ ဒီအဖြေကို ပွဲအောင်က သိပ်သဘောကျပုံ မပေါ်ဘူး။ သူ့သွားတွေစေ့ပြီး မပြုံးချင် ပြုံးချင်နဲ့ ခေါင်းကို နှစ်ချက် သုံးချက် ဆက်တိုက်ညိတ်နေတယ်။ ပြီးတော့ ဝက်ဝံကလေးဆီသွားပြီး ကျောသပ် ရင်သပ် လုပ်နေလိုက်သေးတယ်။

ရောက်ခါစမှာသာ ဝက်ဝံလေးက ပတ်ဝန်းကျင်အသစ်ကို ကြောက်နေရှာတာပါ။ နောက်တော့ နို့တိုက်လိုက်၊ ပွတ်သပ်ပေးလိုက်၊ ဟိုလူက ချီလိုက် ပွေ့လိုက်နဲ့ မကြာပါဘူး ဒီတဲဟာ သူ့တဲ၊ ဒီကြိမ်ခုတ်လုပ်သားတွေဟာ သူ့ဘော်ဒါတွေ ဖြစ်သွားတာပါပဲ။ ဘော်ရန်တူးက ဒီအကောင်လေးကို 'လွှင်မိုး' လို့ နာမည်ပေးထားလေတော့ မကြာပါဘူး သူ့နာမည်ခေါ်ရင် ဒီအကောင် သိတယ်၊ လှမ်းကြည့်တယ်။ နာမည်ခေါ်ရင် လာတတ်နေပြီ။ နို့တိုက်ခါနီး သူ့နာမည်ခေါ်ခေါ်ပြီး တိုက်တော့ သူက မှတ်မိနေတာပေါ့။

ခက်တာတစ်ခုပဲ။ နို့ဆီတစ်ဘူး ၂၅ဝိ/– တဲ့။ ဓားခေါင်းပါးစပ်က ဈေး။ ၂၅ဝိ/– ဆိုတာ ကြိမ် ၂၅ ချောင်းပဲ။ ရတယ် ဒီလောက်တော့ ငါ

တစ်ယောက်တည်း တတ်နိုင်တယ်။ ပေး နို့ဆီဘူး၊ မှတ်ထားစာရင်း။ ဘယ်ရမလဲ ကြိမ်တွေ ပိုခုတ်တော့တာပေါ့။ ဒါပေမဲ့ ကြိမ်က သိသိသာသာ ရှားလာတယ်။

ငါတို့က လွင်မိုးကို အရိပ်တကြည့်ကြည့်နဲ့ နို့တိုက်ပြီး မွေးလာလိုက်တာ။ အခုဆိုရင် နို့ဆီက တစ်ဘူး ၂၇ဝိ/– တဲ့။ ဒီအကောင်ကလည်း အရင်က နို့ဆီတစ်ဘူးကို လေးရက်သောက်နေရာက အခု ၂၇ဝိ/– လည်း ဖြစ်ကရော နို့ဆီတစ်ဘူးဟာ သုံးရက်တောင် မဝချင်ဘူး။ အကောင်ကလည်း မျက်စိအောက်တွင် ထွားလာလိုက်တာ။ ချစ်စရာကြီး။

ငါတို့ရဲ့ လွင်မိုးကို ဓားခေါင်းက 'သောင်းကြီး သောင်းကြီး' နဲ့ ခေါ်နေတယ်လို့ ထွေးမောင်က လာပြောတယ်။ ဘာဖြစ်သလဲ၊ သူ့ဟာသူ ခေါ်ချင်ရာ ခေါ်ပစေပေါ့ကွာ ဆိုတော့ ထွေးမောင်က လေသံအုပ်အုပ်နဲ့ ခပ်တိုးတိုး ပြောပြတယ်။ လွင်မိုး ကြီးလာလို့ရှိရင် သူ့ရဲ့ သည်းခြေက ပိုအဖိုးတန်တော့မှာ၊ သောင်းဂဏန်းကြီးကြီးကို ရနိုင်သတဲ့။ ဒါကြောင့် သောင်းကြီးလို့။ ဟာ–တောက်–မိုက်ရိုင်းလိုက်တဲ့အကောင်။

ကြိမ်တွေ ကြိုးစားခုတ်ရတယ်။ အရင်က ငါ့ဖို့ရယ်၊ အိမ်က ကောင်မကြီးအတွက်ရယ်ပဲ။ အခုတော့ ဒူးမနာသားလေးအတွက်ပါ တိုးပြီး ခုတ်ရတယ်။ ငါက ခုတ်နိုင်ရက်သားနဲ့ ကြိမ်ကမရှိတော့ ပိုဆိုးလာတာပေါ့။ ဒီအထဲမှာ ဘယ်အကောင်တွေက ကြိမ်တောကို မီးနဲ့ရှို့ခဲ့တယ် မသိဘူး။ တချို့ကြိမ်တောတွေ မီးလောင်ကုန်တယ်။

*

ဒုတိယအကြိမ် မက္ကလောင်ဖျားနေချိန်မှာ ဓားခေါင်းက နို့ဆီတစ်ဘူး ၃ဝဝိ/– အထိ ဈေးတက်လိုက်တယ်။ အကြံဆိုးနဲ့ တက်လိုက်တဲ့ ဈေး

လေ။ လွင်မိုးက နှစ်ရက်ကို တစ်ဘူးနှုန်း သောက်နေတဲ့အချိန်၊ အချိန်ကိုက် ဈေးတက်လိုက်တာ။ ပြီးတော့ မက္ကလောင်ဖျားနေလို့၊ ကြိမ်မခုတ်နိုင်တော့ နို့ဆီဖိုး မတတ်နိုင်ဘဲ လွင်မိုးကို လက်လွှတ်လိုက်ရအောင်လို့၊ လွင်မိုးကို သူ့မရောင်း ရောင်းအောင်လို့ ဉာဏ်နီဉာဏ်နက်နဲ့ အကွက်ဆင်တာ။ နို့ဆီဖိုးပိပြီး လွင်မိုးကို သူ့လက်ထဲ မရောက်ရောက်အောင် လုပ်တာ။ ယုတ်မာလိုက်တဲ့အကောင်။ ဓားခေါင်းရဲ့ခေါင်းကို ဓားကောင်းကောင်းနဲ့ စိတ်ပစ်ဖို့ကောင်းတော့တယ်။ ဒီကောင့်လက်တွေ၊ ခြေထောက်တွေ ကြိမ်ပေါ်က ဆူးတွေသင်သလို သင်ပစ်၊ နွှင်ပစ်ဖို့ပဲ ကောင်းတယ်။ လွင်မိုးကို မရောင်းဘဲထားရင် နို့ဆီဘူးအပေါ်က ငွေအမြတ်ရနေဦးမှာ။ နောက်ပိုင်း တစ်ခါတလေတော့ နို့ဆီဖိုး ၃၀ဝိ/– ကို ဘော်ရန်တူးတို့၊ ထွေးမောင်တို့ကပါ မျှခံကြတယ်။ သူတို့လည်း လွင်မိုးကို ချစ်ရှာကြတာကိုး။

တစ်ရက်မှာ ဓားခေါင်းက စားသောက်ကုန်တွေ ထပ်ဝယ်ရအောင် တနိုင်းကို တက်သွားတယ်။ ခုတ်ပြီးသားကြိမ်တွေကို ချောင်းကနေ ဆွဲချရအောင် စက်လှေကိုလည်း ခေါ်ရင်းပေါ့။ လွင်မိုးကလည်း တဖြည်းဖြည်း အကောင်ထွားလာပြီး ချစ်စရာကောင်းလာတယ်။ ဒီကောင့် သေးနံ့၊ ချေးနံ့ သက်သာအောင် နေရာပြောင်းချည်းပေးရနဲ့။ လွင်မိုးနဲ့ အလုပ်တွေ ရှုပ်နေပေမယ့် မက္ကလောင်ဖျားလို့ အိပ်ရာပေါ်မှာ ပက်လက်ကျန်ခဲ့တဲ့ အခါမှာတော့ အိမ်က ကောင်မကြီးကို သတိရမိသား။

ဒီအကောင့်မျက်နှာက မှင်သေတယ်။ ပြဇာတ်မင်းသား လုပ်စားဖို့ကောင်းတယ်။ ဓားခေါင်းပွဲအောင် လုပ်ချလိုက်ပုံ ကြည့်ပါဦး။ တနိုင်းတစ်မြို့လုံး နို့ဆီတစ်ဘူးမှ ဝယ်လို့ မရခဲ့ဘူးတဲ့။ ဒီဇယ်ဈေးတက်လို့ကျန်တဲ့ ဆန်တို့၊ ငရုတ်တို့၊ ဆီတို့၊ ဆားတို့လည်း ဈေးတွေတက်တယ်တဲ့။ ငါဖြင့် ဓားခေါင်းစကားကြားပြီး အသားတွေတောင် တဆတ်ဆတ်

တုန်တယ်။ နို့ဆီတို့ ကုန်ဈေးနှုန်းတက်တဲ့ အကြောင်းတွေကိုသာ ပြော နေတာ၊ ဒီကောင့်ရဲ့ လောဘတက်နေတဲ့ မျက်လုံးကြီးက လွင်မိုးဆီ ဝေ့ခနဲ ဝေ့ခနဲ ရောက်သွားသေးတယ်။

လွင်မိုးရဲ့ သည်းခြေဟာ တနိုင်းမြို့မှာ ဘယ်ဈေးပေါက်နေပြီလဲ။ ဘယ်နှသောင်း တန်နေပြီလဲ။ ဝက်ဝံသည်းခြေရဲ့ ပေါက်ဈေးကို သူ့ဝမ်း ဗိုက်ထဲမှာ မျိုထားတာ ငါသိတယ်။ သူ့ပခုံးက လွယ်အိတ်ထဲမှာ လွင်မိုး ရဲ့ သည်းခြေကိုချိန်ဖို့ ချိန်ခွင်တစ်လက်နဲ့ အလေးတွေများ ပါနေရော့ သလား။

ဓားခေါင်းက တစ်နေ့တခြား ယုတ်မာ၊ လွင်မိုးက တစ်နေ့တခြား ပိုပိုသောက်နိုင်၊ စို့နိုင်ဖြစ်ပြီး ဝလာ လှလာနဲ့။ တံတားဦးသား၊ အင်းဝ သား၊ မုံရွာသားတွေကပါ လွင်မိုးအပေါ် သံယောဇဉ် ဖြစ်လာကြတယ်။

ဖမ်းမိတဲ့နေ့ကတည်းက ရောင်းဖို့ပြောနေတဲ့ ဓားခေါင်းက အခု ၃၀၀၀ိ/– နဲ့ ဈေးခေါ်နေတယ်။ အတော်စော်ကားတဲ့အကောင်။ ၃၀၀၀ိ/– မပြောနဲ့၊ မင်းဆိုရင် ဘယ်လောက်ပေးပေး မရောင်းဘူးလို့ စိတ်ထဲကနေ ပြန်အော်နေမိတယ်။ ဝက်ဝံသည်းခြေက အနည်းဆုံး ၆၀၀၀ိ/– လောက် တန်နေလို့ ဒီဈေးပေးတာလား။ ၉၀၀၀ိ/– ဈေးများ ရောက်နေပြီလား။ ဝက်ဝံရဲ့ အရေခွံကရော ဘယ်လောက်တန်နေပြီလဲ။ ဒီပုံစံနဲ့ဆိုရင် ကြိမ်ခုတ်သွားတဲ့အချိန်မှာ လွင်မိုးကို တစ်ကောင်တည်း တဲမှာ ထားပစ်ခဲ့ရတာ စိတ်မချစရာပဲ။

အခုရက်မှာ ကျန်းမာရေးကလည်း မကောင်း၊ ကြိမ်ကလည်း အရ နည်းနေတော့ တစ်တဲတည်း နေကြတဲ့သူတွေကရော တဲနားနီးချင်းတွေ ကပါ လွင်မိုးကို ရောင်းပစ်မှာ စိုးရိမ်ပြီး လွင်မိုးကို မရောင်းဖို့ လာလာ ပြောကြတယ်။ မရောင်းနဲ့နော် ကိုယ့်လူ၊ ဓားခေါင်းဆီ မရောင်းနဲ့နော်။ ဒီအကောင့်လက်တော့ အရောက်မခံနဲ့နော်တဲ့။

စိတ်ချပါဗျ၊ ခေါင်းတော့ ဘယ်တော့မှ မရှောင်းဘူး။ မမွေးနိုင်ရင် ရှင်ဖွေယန်ချောင်းတစ်ဖက်ကမ်းကူးပြီး ဟိုးတောနက်ထဲမှာ သွားလွှတ်လိုက်မယ်။

*

နောက်တစ်ခါ ထပ်ဖျားတဲ့ မက္ကလောင် အဖျားကတော့ အဖျားတကာ့အဖျားမှာ အဆိုးဆုံးထင်တာပဲ။ ဥရင်ကောက်ညှန့်သုပ်၊ မျှစ်သုပ်၊ ကြိမ်ဖူး၊ ငှက်ပျောအူဟင်းတွေ ထပ်လာပြီး၊ ဖားကလေး ငါးကလေးတောင် မရှာအားလောက်အောင် တောနက်နက်အထဲထိ ဝင်ကြရတာဆိုတော့ အစားအသောက်ပျက်ပြီး ပင်ပန်းတဲ့ဒဏ်ကို မခံနိုင်တော့တာပဲထင်ရဲ့။ ကြိမ်ခုတ်တဲ့ လူအများစုလည်း ရှားခြစ်ထားတဲ့အရာတွေ ကျောတွေရော လည်ပင်းတွေမှာ ညိုလို့ မည်းလို့။

ဘော်ရန်တူးကယ်တဲ့အသက်ပဲ။ ငါ့စအိုမှာထွက်နေတဲ့ မက္ကလောင်ဖုတွေ သူပဲ မရွံမရှာ ဖောက်ပေး သန့်ရှင်းပေးလို့သာပေါ့။ အဲဒီလိုဖောက်ပစ်လိုက်ပြန်တော့လည်း သူ့နည်းနဲ့သူ ဟုတ်လို့။

ငါ အိပ်ရာပေါ်မှာ ပက်လက်လန်ချိန်မှာ လွှင်မိုးအတွက် နို့ဆီကလည်း ကုန်ပြီ။ ဘယ့်နှယ်လုပ်ကြမလဲ။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။ နို့ဆီဘူးခွံတွေကလည်း ရေတွေနဲ့ ကျင်းထားလိုက်တာ ပြောင်သလင်းခါနေပြီ။

လွှင်မိုးခမျာ ဗိုက်ဆာတော့ ချည်ထားတဲ့ ကြိုးတဆုံး ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ မျက်နှာငယ်လေးနဲ့ ငါ့ကို မော့ကြည့်လိုက်နဲ့။ နံနက်က နို့လက်ကျန်ကလေးပဲ သောက်ထားရရှာတာ လွှင်မိုး ဆာလှရော့မယ်။

ကိုင်း မတတ်နိုင်ပါဘူး။ အိပ်ရာပေါ်က အားယူပြီး မနည်းထလိုက်

ရတယ်။ အံမယ်လေး ကံကောင်းလို့ မိုက်ခနဲ ဖြစ်သွားလိုက်သေးတယ်။ သူများတွေ ထမင်းစားနေတဲ့ဆီသွားပြီး ထမင်းနည်းနည်း တောင်းလိုက်တယ်။ ဒီနေ့ ဓားခေါင်းက ချောင်းထဲမှာ ယမ်းခွဲထားလို့ ငါးကူပြီး ကောက်ခဲ့ကြတာ ဟင်းစား နည်းနည်းပေးလိုက်တာနဲ့ ငါးဟင်းနဲ့ မျှစ်ရောချက်ထားတယ်တဲ့။ ဟင်းနည်းနည်းနဲ့ ထမင်း ရောလို့ နယ်ဖတ်ပြီး လွင်မိုးရှိရာကို ထွက်လာခဲ့တယ်။ ထမင်းဝိုင်းက ဘော်ရန်တူးတို့၊ ဝတုတ်တို့ကလည်း ထမင်းစားနေရာကနေ ငါတို့ကို လှမ်းကြည့်နေကြတယ်။

လွင်မိုးခမျာ ထမင်းကို တစ်ခါမှ စားဖူးရှာတာမှ မဟုတ်ဘဲ။ ထမင်းတွေကို နှာခေါင်းနဲ့ နမ်းကြည့်လိုက်၊ ငါ့ဘက်ကို ဒါဘာတွေလဲအစ်ကို၊ ကျွန်တော် ဒါတွေကို ဘာလုပ်ရမှာလဲအစ်ကို ဆိုတဲ့အကြည့်နဲ့ လှမ်းကြည့်တယ်။ လွင်မိုး ညီလေး စားစား သိပ်အရသာရှိတာ၊ စား ညီလေးစား။ လွင်မိုးက နမ်းရုံတင်နမ်းပြီး ငါ့ပြောစကားကို နားမလည်ဟန်နဲ့ ကြည့်နေပြန်တယ်။ ရင်ထဲမှာ မချိလိုက်တာလေ။

နံဘေးက ဝိုင်းကြည့်နေကြတဲ့ တံတားဦးသားတွေက လေယာဉ်ပျံပျက် သတ္တုစပ်ကို တနိုင်းတက်ရောင်းရင်း နို့ဆီတစ်ဘူး ဝယ်ခဲ့မယ်လို့လည်း ပြောရော ဖိုးဝင်းတောင်သားတွေရော၊ အင်းဝသားတွေကပါ သူတစ်ဘူး၊ ငါတစ်ဘူးနဲ့ ဝိုင်းပြီး စာရင်းပေးကြတော့ ရင်ထဲ ကြည်နူးလိုက်ရတာ၊ လွင်မိုးအပေါ် ထားကြတဲ့ စေတနာ မေတ္တာတွေပေါ့။

တံတားဦးသားက ဘယ်တော့ တနိုင်းမြို့တက်မယ် မသိဘူး။ လောလောဆယ်တော့ လွင်မိုး ထမင်းအပုံကို နမ်းကြည့်လိုက်၊ ပြန်လျှောက်လာလိုက်နဲ့။ နောက်တစ်ခါ ပြန်နမ်းကြည့်လိုက်၊ ခဏနေ ပြန်လာလိုက်နဲ့။ ခဏကြာတော့ ထမင်းပုံကို တွေတွေကြီး စိုက်ကြည့်ပြီး အကြာကြီး နမ်းကြည့်၊ အနံ့ခံကြည့်နေရာက ထမင်းတွေကို လျှာနဲ့

စသိမ်းတဲ့အသိမ်းကို မျက်စိထဲက မထွက်ဘူး။ ဒီမြင်ကွင်းကြည့်ပြီး ကြက်သီးတွေထ၊ မျက်ရည်တွေတောင် ကျမိတယ်လေ။ ငါမှမဟုတ်ဘူး။ ကြည့်နေကြတဲ့လူတွေ အားလုံးရဲ့ စိတ်ထဲမှာ ဝမ်းနည်း ဝမ်းသာကြီး။ ဒါ လွင်မိုးကို ခါးခေါင်း သတ်ခွင့်မရတော့ဘူးဆိုတဲ့ ပွဲအောင်အပေါ် အောင်ပွဲပဲပေါ့။

ညီလေးရေ၊ အစ်ကိုတို့မှာ မင်းကိုကျွေးစရာ ထမင်းပဲ ရှိတော့တယ်ကွာ။ ဒီထမင်းနဲ့ပဲ မင်း အသက်ဆက်ပေတော့။ ကလေးတစ်ယောက်တောင် နို့ဖြတ်ရတာ ဘယ်ကလောက် ခက်သလဲဆိုတာ အစ်ကိုသိတယ် ညီလေး။ မင်းကတော့ နို့ဖြတ်ချိန် မရောက်သေးဘဲ နို့အဖြတ်ခံလိုက်ရတဲ့ ဝက်ဝံကလေးပေါ့ကွာ။

လတွေနဲ့ချီပြီး အတူအနေကြာလာတော့ လွင်မိုးဟာ ငါတို့အားလုံးရဲ့အဖော် ဖြစ်လာပြီ။ ဝက်ဝံမဟုတ်တော့ဘူး။ လူဖြစ်သွားပြီ။ လူမှ ညီလေးတစ်ယောက်လို ချစ်ရတဲ့ ညီလေး။ ငါ့ရဲ့ ညီလေး၊ ဘော်ရန်တူးရဲ့ ညီလေး၊ ဝတုတ်တို့ ထွေးမောင်တို့ရဲ့ ညီလေး၊ ကံလှရွာသားတွေရဲ့ ညီလေး၊ မလှိုင်၊ တံတားဦး၊ အင်းဝ၊ မုံရွာသားတွေရဲ့ ညီလေးပဲပေါ့။ အဲဒီအထဲမှာ ခါးခေါင်း ပွဲအောင် မပါဘူး။

*

ကြိမ်ကုမ္ပဏီအတွက် ငါတို့ကို ဟိုးတောနက်ကြီးထဲအထိ မျှားခေါ်ပြီး ခုတ်လို့ရတဲ့ ကြိမ်တွေကို တရုတ်နိုင်ငံနဲ့ ပြည်ပနိုင်ငံတွေ တင်ပို့ရောင်းချနေလိုက်ကြတာ။ ယွမ်တွေ၊ ဒေါ်လာတွေ အဖွေးသားပေါ့။ ငါတို့မှာ တောနက်ထဲအထိ တိုးရင်း တိုးရင်း တိုးလို့မရတော့ ကြိမ်တွေက မရှိသလောက် နည်းသွားပြီ။

ခါးခေါင်းကတော့ ကြိမ်တစ်လုံးပေါ်က ကော်မရှင်လည်း စားရ

သေး။ ငါတို့လို ကြိမ်ခုတ်လုပ်သားတွေ များလေလေ ဓားခေါင်းအဖို့ တွက်ခြေကိုက်လေလေ၊ ဓားခေါင်းပြောခဲ့တဲ့ မက်လုံးဟာ တစ်ချိန်တုန်းက မှန်ချင်မှန်လိမ့်မယ်။ ငါတို့ရောက်သွားတဲ့အချိန်မှာ ပုံပြင်တွေ၊ ယုံတမ်းစကားတွေ ဖြစ်နေပြီ။ လက်တွေ့နဲ့ တခြားစီပဲ။ ကြွေးကျေရုံ၊ အပြန်စရိတ်ရရုံနဲ့ ကိုယ့်ဒေသ ပြန်ပြေးသွားကြသူတွေ ဒုနဲ့ဒေး။

ပဲနုတ်ချိန်ကလည်း နီးလာပြီ။ အိမ်ကကောင်မကြီးကိုလည်း လွမ်းလှပြီ။ မက္ကလောင်ကလည်း ၃ ကြိမ် ဖျားပြီးပြီ။ ဓားခေါင်းရဲ့ အကြွေးတွေလည်း ကျေပြီ။ ကြိမ်ခုတ်ခ လက်ကျန်နဲ့ ရွာပြန်လို့ ဖြစ်လောက်တယ်။ တစ်ရွာတည်းသား ထွေးမောင်တို့တစ်တွေကလည်း ပြန်ချင်နေပြီ။

ပြန်ကြရင် လွင်မိုးကို ဘယ်လိုလုပ်ကြမလဲ။ သုံးယောက်စလုံးက ရွာကို ခေါ်ခဲ့ချင်တယ်။ ဘော်ရန်တူးက သူလည်း လိုချင်တယ်။ ဒါပေမဲ့ ငါ လွင်မိုးအပေါ် သံယောဇဉ်ကြီးတာသိလို့ ဘော်ရန်တူးက မပြောရှာဘူး။ ဒီကိစ္စ ငါတို့တိုင်ပင်နေကြချိန်မှာ လဝါရွာသားတွေက လွင်မိုးကို ရွာအထိခေါ်သွားဖို့ ခက်တယ်။ မဖြစ်နိုင်ဘူးလို့တောင် ပြောကြတယ်။ သစ်တောဌာနနဲ့ စကားပြောရလိမ့်မယ်တဲ့လေ။

နောက်ဆုံးတော့ အင်းဝသားတွေ အကြံပေးတဲ့အတိုင်း တနိုင်းမြို့က မြို့မကျောင်း ဆရာတော်ကိုပဲ လှူခဲ့ရတယ်။ ဘယ်သူကမှ ဓားခေါင်းကို ရောင်းဖို့ မပြောကြတာကို ဝမ်းသာရသေးတယ်။ ဓားခေါင်းက နောက်ဆုံးအကြိမ် သွေးတိုးစမ်းကြည့်သေးတယ်။ ၄၀၀ဝိ/ – ပေးမယ်တဲ့။ အတော်မိုက်ရိုင်းတဲ့လူ။ ညီလေးကို ၄၀၀ဝိ/ – နဲ့ ဈေးဖြတ်နေပါလား။

*

ညီလေးက သူ့ကို ဒီဘုန်းကြီးကျောင်းမှာ ထားရစ်ခဲ့တော့မယ် ဆိုတာ

သိနေသလိုပဲ။ ငါတို့အနားချည်း ကပ်လို့ နေတော့တာပါပဲ။

ညီလေးရေ ငါတို့ ရွာပြန်ရတော့မယ်။ မင်းနဲ့ မခွဲချင်ပါဘူးကွာ။ မသေကြသေးရင် ပြန်တွေ့ကြသေးတာပေါ့။ ဆရာတော့်စကား နား ထောင်နော်။ လွင်မိုးက ငါပြောတာတွေ အကုန်နားလည်တယ်။ မျက်ရည်ဝဲနေတဲ့ ငါ့မျက်လုံးကို ငေးရီတဲ့ သူ့မျက်လုံးတွေနဲ့ ကြည့်နေ တယ်။ သူ့တစ်ကိုယ်လုံးကို အကြိမ်ကြိမ် ပွတ်သပ်နှုတ်ဆက်ခဲ့တာပဲ။

လှည့်မကြည့်မိအောင် စိတ်ကို ချုပ်တည်းပေမယ့် ဘုန်းကြီး ကျောင်းဝရောက်တော့ လှည့်ကြည့်မိတာပဲ။ ဝတုတ်ရော၊ ထွေးမောင် ရောပေါ့။ ကျောင်းလှေကားထစ်တွေနား ထိုင်ရစ်ရင်း ငါတို့ကို လွင်မိုး က ငေးကြည့်နေရှာတယ်။ ညီလေးရေ…နေခဲ့တော့နော်…မင်းရဲ့ရင်ထဲ မှာ ဘယ်လိုခံစားနေရသလဲ ငါမသိဘူး လွင်မိုးရေ။ ငါ့ရင်ထဲမှာတော့ ဆူးအတိနဲ့ ကြိမ်ပင်တွေ ရင်မှာအပြည့်ပါပဲ။

သြော်–အိမ်က ကောင်မကြီးရေ…မင်း…မင်းဖို့တော့ အိမ်အပြန်လက် ဆောင် မက္ကလောင်ပေါ့။ ။

မဟေသီမဂ္ဂဇင်း၊ သြဂုတ်၊ ၂၀၀၁။

■

# သန္တာပုတီး

▶ ခင်ခင်ထူး

## (၁)

မြူနှင့် နှင်းခိုးတွေ ပိတ်ပိတ်ဆိုင်းနေသော လိမ္မော်ပင်တန်းတွေ ဘက်ဆီ 'ဇော်ဂမ်' ထွက်လာခဲ့သည်။ ခြံတွင်းမှာ ခြေသလုံး မြုပ်လောက်အောင် အလေ့ကျပေါက်နေသော မြက်ရိုင်းပင်တွေကို ရှင်းဖို့ ဖြစ်သည်။ ရှေ့လလောက်ဆိုလျှင် လိမ္မော် ပွပွရွရွကြီးတွေ လှိုင်လှိုင်ဝင်း တော့မည်။ အပင်တိုင်းလိုလိုမှာ နှစ်တိုင်းလို လိမ္မော်တွေ သည်းသည်းခဲခဲ သီးနေကြတာ ပျားအုံမှာ ပျားကောင်တွေ အုံဖွဲ့နေကြသည့်အတိုင်း။ သီးကိုင်းတွေ ညွတ်ကာ မြေပေါ်မှာ အိအိတွဲတွဲ ကျနေသည့် လိမ္မော်သီး တွေက မြင်လို့ပင် မကောင်း။ လိမ္မော်တွေမှ မဟုတ်ပါ။ ကျွဲကောသီးတွေ၊ ကမ္ဗလာသီးတွေ၊ ရှောက်ချိုသီးတွေကလည်း အပင်နှင့် အသီး မလိုက် အောင်ပင် ခါးတွေ ကိုင်းနေကြသည်။ သည်ကိုင်းတွေကို ထောက်ဖို့ ဝါးချွန်ထောက်တွေ မနေ့တုန်းက တောထဲက သူ ခုတ်ယူလာခဲ့သည်။ တောင်ယာ စပါး သိမ်းအပြီး အခုလို လိမ္မော်ချိန်ရောက်လေတိုင်း ဇော်ဂမ် ရင်တွေ ခုန်ရမြဲ။ တစ်နှစ်တာပတ်လုံး ကျုံးခဲ့ရသမျှ ခွန်အားတွေအတွက်

ပီတိချိုချိုများဖြင့် အားသစ်လောင်းရမည့် သည်လို လိမ္မော်ချိန်ကို ဇော်ဂမ် မျှော်လင့်နေခဲ့ ရသည်။

သည်နှစ်တော့ ခါတိုင်းနှစ်တွေနှင့် မတူ။ ရင်ခုန်လှိုက်မောရသော နှစ်လို့ ဆိုရတော့မည်။ သူ့အတွက် ထူးထူးခြားခြား ဘဝသစ်တစ်ခုကို လျှောက်လှမ်းရမည့်နှစ်လည်း ဖြစ်သည်။ နှစ်ဦးတုန်းက တောင်ယာခုတ်ရင်း 'ဝါးဒီ' ကို သူ ခွင့်ပန်ခဲ့သည်။

"ဝါးဒီ လာမယ့် ကောက်သစ်စားပွဲမှာ 'ထုဘူ' ကို တောင်းပေးတော့ဗျာ"

သူ သည်လိုပြောတော့ ဝါးဒီက ကွမ်းဖတ်တွေ မြုံ့ထားသော ပါးစပ်မည်းမည်းကြီး ပွင့်အာသွားသည်အထိ ပြုံးပြုံးကြီး လုပ်နေသေးတော့၏။ ဇော်ဂမ်မှာ မိဘနှစ်ပါး မရှိတော့။ အဖေ၏ အစ်ကိုကြီး ဝါးဒီ (ဦးကြီး) သည် ဇော်ဂမ်၏ တစ်ဦးတည်းသော ဆွေမျိုးသားချင်းဖြစ်သလို ဝါးဒီမှာလည်း သမီးကြီး ကော့မိုင်မှအပ တူလို သားလို သံယောဇဉ်တွယ်ရသည့် ဇော်ဂမ်သာလျှင် အားကိုးရာ အားထားရာ ဖြစ်လေသည်။ သမီး ကော့မိုင်သည် အိမ်ထောင်ကျသွားကတည်းက သူ့ယောကျာ်းသားရှိရာ 'တက်ဆီကန်' ရွာသို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။ ဝါးဒီမှာ ဇော်ဂမ်ကိုသာ အဖော်ပြုနေရသည် မဟုတ်လား။

"အားရှောင် (အစ်မ) တို့ကိုလည်း ကျုပ် ပြောပြီးပြီ၊ ဝါးဒီ သဘောတဲ့၊ သူတို့က ဧည့်ခံကျွေးမွေးစရိတ် တာဝန်ယူမယ် ပြောတာပဲ ဝါးဒီ"

"အင်း"

"သည်နှစ် လိမ္မော်ရောင်းပြီးရင် ထုဘူအတွက် ဂျာဖဂါတစ်ခုလောက် ဝယ်မလားလို့ ဝါးဒီ၊ ဟင် ဘယ့်နှယ်လဲ"

"ဟေ အင် အင်း၊ ဝယ်တာပကွာ"

ဇော်ဂမ် စိတ်ထဲ ကြည်နူးသွားသည်။ သူ့အသက်လည်း ဘာပဲပြောပြော နှစ်ဆယ်ကျော်ပြီ မဟုတ်လား၊ ထုဘူနှင့် သူ သမီးရည်းစားဖြစ်ခဲ့သည့် သက်တမ်းကိုက လိမ္မော် နှစ်ခါ သီးခဲ့ပြီ။ မဂျီတာပန်းတွေတောင် နှစ်ခါ ပွင့်ခဲ့ပြီးပြီ။ သူငယ်စဉ် ကျောင်းနေအရွယ်တုန်းက ပူတာအိုမှာ နေခဲ့ဖူးသည်။ ပူတာအိုရှိ အမေ့ညီမ နူးဘောက် (အဒေါ်) နှင့်အတူသွားနေခဲ့ခြင်း ဖြစ်သည်။ သူ ရှစ်တန်းစာမေးပွဲ ကျသည့်နှစ်မှာပဲ သူအားထားရာ နူးဘောက် တစ်ယောက် ကွယ်လွန်သွားခဲ့သည်။ ဒါကြောင့်လည်း ရွာမှာ အခြေကျနေသည့် ဝါးဒီထံ ပြန်လာပြီး တောင်ယာအလုပ်ကိုပဲ တူဝရီးနှစ်ယောက် စားလောက်ရုံ သူ လုပ်ဖြစ်ခဲ့သည်။ သူ့အဖို့ပူတာအိုမှာ နေရခြင်းထက် သည်လို 'တဝမ်ချောင်း' ဘေးက ရွာကလေးမှာ နေရတာ ပိုပျော်သည်။ စိမ်းစိမ်းညို့ညို့ မှိုမှိုမောက်မောက် ဟူးကောင်းတောင်ညိုတောင်မကြီးတွေကို သူ ပိုနှစ်သက်သည်။ တောင်ကြား လွင်ပြင်ကျယ်ကြီးထဲမှာ ဝေ့တက်နေသော မီးခိုးတအူအူ တောင်ယာမီးသင်းနံ့ကို သူ နှစ်ခြိုက်သည်။ အကာအရံ အတားအဆီးမရှိ လွတ်လပ်ကျယ်ပြောသော တောနံ့၊ တောင်နံ့၊ လိမ္မော်နံ့၊ မြူနှင့် နှင်းနံ့တွေက တောသူတောင်သားပီပီ သူ့နှလုံးသားထဲမှာ စွဲထင်နေခဲ့ပြီ။ သည့်ထက် သူ့ကိုပိုပျော်စေတာက သည်ရွာကလေးမှာ သူ ချစ်ခင်စွဲလမ်းရသော ထုဘူရှိသောကြောင့် ဖြစ်သည်။

ထုဘူကို မနက်ခင်း တောင်ယာအသွား တောတန်းကလေး တစ်နေရာမှာ သူ စတွေ့ခဲ့ခြင်း ဖြစ်သည်။ ရွာက လူတွေကြား ကြိမ်ပလိုင်းကလေး ခေါင်းမှာ ရစ်သိုင်းလွယ်ကာ ခုန်ဆွခုန်ဆွ ပြေးတက်လာသောထုဘူကို သူ တွေ့တွေ့ချင်းပဲ ချစ်သွားမိခဲ့သည်။ သည်တုန်းက ထုဘူကတကယ့်ပီဘိ ကလေးမကလေးပဲ ဖြစ်သည်။ ခြေသလုံး တုတ်တုတ်ခဲခဲကလေးဖြင့် သူ့ကို ကျော်တက်သွားစဉ်က ကလေးမလေးတစ်ယောက်

လို့ပင် သူ ထင်ခဲ့မိသေးသည်။ သို့သော် ရှေ့တစ်ခေါ်လောက်က အင်ပင်ညို့ညို့ကြီးအောက်မှာ ခြေစုံပစ်ကာ နားနေတာ တွေ့တော့မှ ဝင်းစက်လှပလွန်းသော ထုဘူ၏ မျက်နှာဝိုင်းဝိုင်းဖောင်းဖောင်းကလေးကို သူ ကောင်းကောင်း မြင်လိုက်ရသည်။ သည်တော့လည်း သူ့ရင်တွေ နွေးခနဲ ခုန်သွားကာ ထူးဆန်းသော ဖွဲ့လမ်းမှု တစ်မျိုးကို ခံစားခဲ့ရသည်။

ထုဘူက ပူတာအိုမှာ သူ တွေ့ခဲ့ဖူးသော မခေါန် (အပျို) တွေထက် ပို၍ ထူးခြားလတ်ဆတ်သော ခေါန်ဆက် (ကညာစစ်စစ်) ကလေးပါကလား။ တော၏သမီးပျိုဆိုပေမယ့် ထုဘူ၏ အလှက ဝင်းစက်နေသည်။ ထုဘူသည် နွမ်မရီပန် (နှင်းဆီပန်း)လို အရောင်အသွေးဖြင့် ဖမ်းစားတတ်လွန်းသော၊ လှပလွန်းတာ မဟုတ်ဘဲ ခလော့ပန် (နှင်းပန်း) ပွင့်ကလေးလို ရိုးသားသန့်စင်သောအလှမျိုး ဖြစ်လေသည်။

## (၂)

သည်ကနေ့တော့ လိမ္မော်တွေကို အလုံးလုလုကြီးတွေ စိတ်ကြိုက်ခူးကာ ခြင်းကြားတောင်းကြီးတွေထဲ စီထပ်ထည့်ကာ ဇော်ဂမ် တနိုင်းဘက် ထွက်ခဲ့သည်။ မနက်စောစော ဝေလီဝေလင်းကတည်းက လိမ္မော်တစ်တောင်းချင်း ရွာခြေကနေ ကားလမ်းအထိ ကဲ့ရသည်မှာ ချွေးပေါက်ပေါက်ကျယူရသည်။ သည်တစ်ကြိမ် သူ ခူးလို့ရတာ လိမ္မော် ခုနစ်တောင်း။ သီးဦးသီးဖျားတွေ ဆိုတော့ ဈေးတော့ ရကောင်းပါရဲ့။ အသီးတွေ လှိုင်လှိုင်ကြီး ထွက်ချိန်မှာတော့ သည်လို သွားရောင်းနေစရာ မလို။ ရွာကို လိမ္မော်လာကောက်သည့် ပွဲစားတွေနဲ့ ဈေးညှိပြီး ခြံအပ်လိုက်ရုံသာ။

ရှင်ဘွေယန်ဘက်မှ တဝမ်ချောင်းရေ တိမ်တိမ်ကို ဖြတ်ကူးလာတတ်သည့် ထရေလာတွဲတွေ ပါတတ်သည့် တရုတ်ကားတွေကို တားပြီး

လိမ္မော်တောင်းတွေ တင်ကာ တနိုင်းဘက်သို့ ကူးသွားမည်။ တနိုင်းမှာ တစ်ညအိပ်ပြီး မနက်စောစော ကားဖြင့် မြစ်ကြီးနားကို ဆင်းမည်။ တနိုင်း–မြစ်ကြီးနား လိုင်းကားတွေကတော့ အချိန်မရွေး မဟုတ်သော်လည်း ပေါသည်။ ကုန်တင်ကားကြီးတွေ ရှိသလို လူစီးသက်သက် ယာဉ်ကလေးတွေလည်း ရှိသည်။ မြစ်ကြီးနား–တနိုင်း ဆက်သွယ်ထားသော လီဒိုလမ်းမကြီးကတော့ မျဉ်းတစ်ဖြောင့်တည်း ဆွဲထားသလား မှတ်ရလောက်အောင် သည်ဘက်နှစ်တွေမှာ ကောင်းနေတာကလည်း ခရီးတွင်တာ ပါပါသည်။ တနိုင်းက ကားထွက်လာပြီး ခရီးတော်တော်ဝေးသည်အထိ တနိုင်းက မီးရောင်လဲ့လဲ့ကလေးတွေကို မြင်နေရတုန်း။ တနိုင်းသည်ပင် စည်ကားနေတာ ကြာပြီ။

မြစ်ကြီးနားရောက်လျှင် လိမ္မော်တွေ ရောင်းမည်။ ပြီးတော့ မြစ်ကြီးနားမှာ နေကြသည့် သူ့သူငယ်ချင်း ဆိုင်းရော်တို့ ဇနီးမောင်နှံဆီ သွားမည်။ လိမ္မော်ဖိုးဖြင့် ထုဘူအတွက် သန္တာပုတီးတစ်ကုံး မဖြစ်ဖြစ်အောင် ဝယ်ရမည်။ ‘ကဆာ’ အောင်သွယ်လူကြီး နှစ်ဦးတို့က သည်ည ထုဘူ၏ မိဘများထံ သွား၍ စေ့စပ်ကြောင်းလမ်းပေးဖို့ ဝါးဒီ စီစဉ်ပြီးသားဖြစ်သည်။

ဝါးဒီကိုယ်တိုင် ယောကျ္ခမမျိုးမှ စုဆောင်းထားသော ဂျာဖဂါပစ္စည်းနှင့် ကန်တော့ပွဲ တစ်ပွဲတင်ကာ စေ့စပ်ကြောင်းလမ်းရမည့် ကိစ္စမို့ အဆင်ပြေလိမ့်မည်ဟု ဇော်ဂမ် စိတ်ချလက်ချ မျှော်လင့်ထားခဲ့သည်။ ဒါကြောင့်လည်း ထုဘူအတွက် အဖိုးတန် ရတနာ သန္တာကျောက်မျက်အစစ် မဟုတ်သည့်တိုင် ရိုးရာလည်ဆွဲ သန္တာပုတီးကလေးတစ်ကုံး အမှတ်တရ သူ ဝယ်လိုက်ခြင်းဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲနေ့တွင် ထုဘူ၏ လည်တိုင်ကြော့ကြော့မှာ ဆွဲပေးရန်ဖြစ်သည်။ သို့သော် နောက်တစ်နေ့ညရွာကို သူပြန်ရောက်ချိန်မှာတော့ ဒေါသခိုးတွေ ဝေကာ အရုက်ကြီး

ရှက်နေသော ဝါးဒီ၏ မျက်နှာကြီးကို မြင်လိုက်ရပြီ။ သူ့ရင်တွေ ထိတ်ခနဲသွားတော့၏။ ဝါးဒီကို ဘယ်သူတွေ ဘာများ ပြောကြပါလိမ့်။ ပုံမှန်အားဖြင့် ဝါးဒီက သဘောကောင်းသူဆိုတာ သူ သိထားသည်။

"ထုဘူမှာ စေ့စပ်ပြီးသား သူငယ် ရှိတယ်ပြောတာပဲ။ ဂျန်ထုံလူကြီးတွေရဲ့ ဂျာဖဂါကို ထုဘူမိဘများက လက်မခံလိုက်ဘူး ဇော်ဂမ်"

"ဟာ"

ဇော်ဂမ်သည် ကိုယ့်နားကိုယ်ပင် မယုံမိအောင် ဖြစ်သွားရသည်။ ထုဘူမှာ စေ့စပ်ပြီးသား လူငယ်တစ်ဦးဦး ရှိကြောင်း ဇော်ဂမ် မသိရိုးအမှန်ပဲ ဖြစ်သည်။ ထုဘူကိုယ်တိုင်ပင်လျှင် သိပုံမပေါ်။ သည်ကနေ့ညလာစေ့စပ်ဖို့ ထုဘူကိုယ်တိုင် သူ့ကို ပြောခဲ့တာပဲ။ ခရီးပန်းလာတာကိုမှ အနားမယူအား။ ရင်တစ်ခုလုံး လိမ္မော်ကိုင်းတွေလို ညွတ်ကျနေသည်။

"မဖြစ်နိုင်ပါဘူး ဝါးဒီရယ်၊ ထုဘူ ကျုပ်ကို ဘာမှမပြောဘူး"

"ဘယ်တတ်နိုင်မလဲကွာ၊ မင်းလည်း ယောကျ်ားပဲ။ နောက်တစ်ယောက် ထပ်ရွေးပေါ့"

ဒါပဲ ပြောပြီး ဝါးဒီက အိပ်ရာဝင်သွားသည်။ ဇော်ဂမ်ကတော့ မီးလင်းဖိုဘေးတွင် ငုတ်တုတ်ထိုင်ရင်းက နေမထိ ထိုင်မသာ ဖြစ်လွန်းလှသဖြင့် ထရံမှာ ချိတ်ထားသော ဓားကို လှမ်းဆွဲယူလိုက်သည်။ ဓားကို ပခုံးမှာ သိုင်းလွယ်ရင်း ထုဘူတို့ အိမ်ဘက်သို့ ထွက်လာခဲ့၏။ ဓားလွယ်ခြင်းမှာ သူတစ်ပါးကို ဒေါသအလျောက် ရန်မူရန် မဟုတ်ပါ။ ကချင်လူမျိုးအများစု၏ ဓလေ့ထုံးစံ အပြင်ထွက်သည့်အခါ ဓားလွယ်တာ၊ လှံကိုင်တာ အစဉ်အလာ ရှိလို့ပဲဖြစ်သည်။ ဇော်ဂမ် ငယ်စဉ်ကတည်းက ဝါးဒီနှင့်အတူ အမဲလိုက်ခဲ့ဖူးသည်။ ဝါးဒီက ဇော်ဂမ့်ကို ငယ်ငယ်ကတည်းက ဓားတစ်ချောင်း လွယ်ပေးခဲ့ခြင်း ဖြစ်သည်။

ကိုယ့်ရွာလမ်းမို့ ဖဝါးတွေက အလွတ်ရနေသော်လည်း မြုနှင်းတွေ

ပိတ်သည်းနေသည့် လမ်းက ခပ်ဝါးဝါး။ အိမ်တံစက်မြိတ်များဆီမှ ဆီးနှင်းကျသံ တဖြောက်ဖြောက်ကိုပင် ကြားနေရသည်။ သူတို့ဒေသမှာ အခုလို လိမ္မော်ချိန် ရောက်ပြီဆိုသည်နှင့် ဆီးနှင်းတွေက အပင်တိုင်းမှာ မိုးပေါက်တွေ ရှာချထားသလို ရွှဲရွှဲစိုနေတတ်သည်။ မြက်ခင်းပေါ်က ဆီးနှင်းတွေကို အဝတ်စနှင့် ဆွတ်ကာဆွတ်ကာ ညှစ်ချလျှင်ပင် နှင်းရည်တစ်ပုံးစာ အသာကလေး ရနိုင်သည်။ သည်လောက် အေးခဲနေသည့် အခါမှာတောင် ဇော်ဂမ် ချွေးတွေ ပြန်နေမိသည်။ ထုဘူကို ချစ်သည့် ဇော၊ အဝေးမခံချင် ဇောတွေက ဇော်ဂမ့် ခြေလှမ်းတွေကို မမြင်ရသော အားတစ်ခုလို တွန်းပို့နေသည်။ ထုဘူတို့ အိမ်မှ မီးခွက်ရောင်ကို လှမ်းမြင်လိုက်ရသဖြင့် ဇော်ဂမ် အားတက်သွားမိသည်။ ထုဘူတို့ မအိပ်လောက်သေးဘူး ထင်ပါရဲ့။ အိမ်အနောက်ဘက် အစွန်ဆုံးက အပျိုဆောင်ထဲမှာ တခြား သူစိမ်းယောကျ်ားတစ်ယောက်များ ရောက်နေရော့လား။ ပြင်းပြသော စိုးရိမ်စိတ်ဖြင့် ခြံစည်းရိုးကို ခွကျော်လိုက်တော့ ခွေးတွေက ထိုးဟောင်တော့သည်။ တဲရှေ့ ကပြင်ဘက်သို့ ထုဘူ၏ အစ်မ 'လုဂျာ' အပြေးကလေး ထွက်လာသည်။

'ကဂျာအီး' (နေကောင်းလား)

'ကဂျာအင်ဝိုင်' (နေကောင်းပါတယ်)

လုဂျာကို ဇော်ဂမ် လှမ်းနှုတ်ဆက်ပြီး လှေကားပေါ် တက်ဖို့ ပြင်လိုက်သည်။ လုဂျာက ဇော်ဂမ်ကို လက်ကာ တားသည်။ သည်တားဆီးမှုက သူ့ဘဝကို ကာလိုက်သည့် အတားအဆီးမှန်း ဇော်ဂမ် သိလိုက်ပြီ။

"ထုဘူကို ခေါ်ပေးပါ လုဂျာ"

"သူ အိပ်နေပြီ၊ မနက်ကျမှ တွေ့ကြတော့ ဇော်ဂမ်၊ ငါ ပြောထားလိုက်မယ်"

လုဂျာကတော့ သူနှင့် ထုဘူကို သဘောတူထားသူ ဖြစ်သဖြင့်

ဇော်ဂမ် ရှေ့မဆက်သာပါ။ တကယ်လည်း ထုဘူ အိပ်နေတာ ဖြစ်နိုင်သည်။ အပျိုခန်းကို ဇော်ဂမ် မော့ကြည့်လိုက်တော့ လူရိပ်လူယောင်မရှိ။ အိမ်ပေါ် ခွတ်တက်ဖို့ အထိတော့ ဇော်ဂမ် အတင့်မရဲချင်ပါ။ သူ့ဘက်က စောင့်ထိန်းရမည် မဟုတ်လား။ လုဂျာကလည်း လိမ်ပြောစရာအကြောင်းမရှိ။ မနက်ကျလျှင်တော့ ထုဘူကို တွေ့နေကျ အင်ပင်ညိုညိုကြီးအောက်ကို ဆက်ဆက်လာဖို့သာ မှာခဲ့သည်။

"စိတ်ချ ဇော်ဂမ်၊ နင်တို့ တွေ့ဖို့ ငါ လုပ်ပေးမယ်"

"ကျေးဂျူးကမ္ဘာဆိုင်ယော"

ညသည် နှင်းမိုးတွေအောက်မှာ ထိတ်လန့်တကြား ငြိမ်ကုပ်နေသည်။ ကောင်းကင်မှာလည်း ထိုညက လမင်း မရှိ။ ကြယ်ပင် မရှိ။ တိမ်မျှင် တစ်စတလေမျှ မမြင်။ ပိတ်သည်းမှောင်မည်းနေသော လဟာပြင် ကွင်းထီးထီးထဲတွင် ဇော်ဂမ် တစ်ယောက်တည်းသာ နှင်းတွေ စိုရွှဲနေသော ရွာလမ်းပေါ်မှာ ရှိနေသည်။ တစ်ရွာလုံး အပြင်ထွက်သူရယ်လို့ မရှိ။ အအေးဓာတ်သည် ဟူးကောင်းလွင်ပြင် တစ်ပြင်လုံးကို တစ်လွှာချင်း ဓားထက်ထက်ဖြင့် မွှန်းနေသလို ရှိတော့၏။

## (၃)

"မျှော်လိုက်ရတာ ထုဘူရယ်၊ နင် လာမှ လာပါ့မလားလို့"

အနောက် ဝေးဝေးဆီမှ ခုံးကွမို့မောက်လျက် ရှိသော တောင်မြင့်မြင့်ကြီးများဆီသို့ ဇော်ဂမ် မျက်နှာမူထားသည်။ နံနက်ခင်း အလင်းရောင်မှုန်ပြပြအောက်တွင် မြူခိုးနှင့် တိမ်တွေ ရောယှက်လိမ်နေသော တောင်ကြီးတွေကိုသာ သူ သစ္စာပြုလျက်ရှိ၏။ လန်းဆတ်သော နှင်းမှုန်ဖွဲဖွဲ လေအေးကို ရှူရှိုက်ရင်း နှင်းရိုက်ထားသော သစ်သီးတစ်လုံးလို လှနေသည့် ထုဘူကို သူ ငေးမောကြည့်နေမိသည်။

"ထုဘူရယ် နင်နဲ့ ငါက တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြတဲ့ ချစ်သူတွေပါဟာ၊ နင့်မိဘတွေကို အမှန်တိုင်း ဖွင့်ပြောပြီး တို့အတူ ပေါင်းသင်းကြရအောင်လား"

"မဖြစ်နိုင်တော့ဘူးရယ်၊ အဝါးတို့က ဟိုကို လက်ခံထားပြီးသားလို့ ပြောတယ်။ အားရှောင်တို့ကတည်းက အဝါးစကား နားထောင်ခဲ့ကြရ တာ။ မိဘ စိတ်ဆင်းရဲမှာ ငါ ကြောက်တယ်"

ထုဘူ၏ ဝဝဖောင်းဖောင်း ပါးစုံ့နှစ်ဖက်ကိုသာ ဇော်ဂမ် ဆွဲညှစ် လိုက်ချင်မိတော့၏။ ရိုးလွန်းအလွန်းသော တောသူမကလေး ထုဘူ ကို အပြစ်ရယ်လို့တော့ သူ မထင်ရက်ပါ။ ကချင် အမျိုးကောင်းသမီး ပီပီ အချစ်ရေးထက် မိဘများ ရွေးချယ်ထားသော အိမ်ထောင်ရေးကို ပိုတန်ဖိုးထား လိုက်နာတတ်ကြသည့် ဓလေ့ကို ကချင်လူငယ်ဖြစ်သော ဇော်ဂမ်သည်လည်း ရင်နှင့် နားလည်ခံစားထားသူမို့ တစ်စုံတစ်ရာ ပြောဖို့ ခက်နေသည်။

"နင် မေ့သွားပြီလား ထုဘူရယ်၊ နင်နှင့် ငါဟာ ဟူးကောင်းတောင် တန်းကြီးတွေကို သစ္စာပြုထားပြီးသား ဆိုတာ။ တို့နှစ်ယောက် စတွေ့ ခဲ့ကြတုန်းက တောင်ယာခုတ် သွားကြတဲ့ လမ်းမှာပါ။ သည်တုန်းက နင်တို့ တောင်ယာကို ငါကိုယ်တိုင် မီးရှို့ပေးခဲ့တယ်။ အပြန်လမ်းမှာ ဝါးမှိုတွေ ဝင်ရှာကြတော့ နင့်ပလိုင်းကလေးထဲကို ငါ မှိုတွေ ရှာထည့် ပေးခဲ့တယ်။ သည်တုန်းက နင်က သီချင်းတွေ တကြော်ကြော်ဆိုလို့၊ အဲသည်နေ့ကတည်းက နင့်ကို ငါချစ်ခဲ့ရတာပါ။ နင်တို့ ယာခင်း ပေါင်းမြက်တွေ ရှင်းတော့လည်း ငါဟာ နေဝင်မိုးချုပ်တဲ့အထိ ကူညီခဲ့ တာကော၊ ယောကျ်ားသားမရှိတဲ့ နင်တို့ညီအစ်မတစ်တွေကို ငါ တတ် နိုင်သမျှ ကူညီခဲ့တာတွေ မေ့သွားပြီလား ထုဘူ ဟင်"

ထုဘူက သင်တိုင်း အင်္ကျီစကလေးကို လက်ဖြင့် လိမ်ညှစ်ရင်း

မျက်လွှာချထားသည်။ တိတ်ဆိတ်အေးချမ်းလှသော တောစိမ်းစိမ်းကြီး ထဲမှာ ချောင်းရေစီးသံကလွဲလို့ တခြား ဘာသံမျှ မရှိ။ တစ်ခါတစ်ရံ တောငှက်ကလေးတွေ ဟိုအပင် သည်အပင် ကူးကြ သန်းကြသည်တော့ ရှိပါ၏။

"တို့ရွာလုံးကျွတ် ကောက်သစ်စားပွဲနေ့က နင့်ကို ငါ ချစ်တယ်လို့ ဖွင့်ပြောခဲ့တော့ နင်ကိုယ်တိုင် ဟောဒီ နှုတ်ခမ်းကလေးက 'ရအင်ဝိုင်' လို့ တိုးတိုးကလေး ပြောခဲ့တာလေ၊ ဟုတ်လားနော။ အဲသည်ညက တို့နှစ်ယောက် မီးပုံဘေးမှာ တစ်ညလုံး ကခဲ့ကြတယ်။ နင်ကိုယ်တိုင်က ငါ့ကို ခေါင်ရည်တွေ ငှဲ့ပေးလို့၊ အဲသည်ညက တစ်ညလုံးလိုလို ငါ ခေါင်ရည်တွေ မူးနေပေမယ့် နင်နဲ့ ငါ လက်တွဲ ကခဲ့ကြဖို့ ငါ မမေ့ခဲ့ ပါဘူး ထုဘူရယ်။ တစ်ရွာလုံးက လူတွေ မြင်ကြသားပဲ၊ သည်တုန်းက နင်နဲ့ ပေးစားမယ့်လူ ဆိုတာ ဘယ်မှာ ရောက်နေလို့လဲ၊ နင့်အနားမှာ လိပ်ပြာတစ်ကောင်လို ငါပဲ ရှိတာ ဟုတ်လားနော၊ နင့်ကို ငါ ချစ်တယ် ထုဘူရယ်၊ ငါ မခွဲနိုင်ဘူး"

ဇော်ဂမ်က ရင်တွင်းစကားတွေ လှိုက်လှိုက်လှဲလှဲ ဆိုနေသော်လည်း ထုဘူက အင်းမလှုပ် အဲမလှုပ်။ သင်တိုင်းအင်္ကျီကိုသာ လက်ဖြင့် လိမ် ညှစ်လိုက်၊ ဆွဲဆန့်လိုက် လုပ်နေတော့သည်။ ဇော်ဂမ်သည်ပင် ကလေး ဆန်လွန်းလှသော ထုဘူကိုကြည့်ရင်း အားမလို အားမရ သက်ပြင်းချ မိ၏။ ထုဘူသည် အချစ်အကြောင်းရယ်လို့ လေးလေးနက်နက် နားလည်ခံစားမှု မရှိသေးပါကလားလို့ သူ တွေးနေမိသည်။

"ထုဘူ ဘာမှ ပြောမနေနဲ့တော့၊ အခုပဲ နင် ငါ့နောက်ကို လိုက်ခဲ့ တော့၊ ငါတို့ အိမ်မှာ ဝါးဒီနဲ့ ငါပဲရှိတာ။ ငါ့အိမ်မှာ နင် နတ်သမီးလေး လို လာပြီး နေလှည့်စမ်းပါ။ နင့်စိတ်တိုင်းကျ ငါ့ကို အနိုင်ယူလိုက်စမ်း ပါကွာ။ ငါ့ဘဝတစ်ခုလုံး နင့်လက် အပ်ပြီးသားပဲ။ ငါတို့အတွက်

သားသမီးကလေးတွေ နင် မွေးဖွားပေးရုံပါပဲ။ နင့်ဘဝတစ်လျှောက်လုံး အလုံးစုံ ငါ တာဝန်ယူပါရစေ ထုဘူ။ လိမ္မော်ခြံ တစ်ခြံလုံးက သီးသမျှ သစ်သီးတွေကို နင့်စိတ်ကြိုက် ခူးနိုင်သလို ငါ့ကိုလည်း ခူးလိုက်စမ်းပါ။ ငါဟာ နင့် ခြေဖဝါးအောက်မှာ ရှိနေမယ့် မြက်ပင်ပါ ထုဘူရယ်။ နင် စဉ်းစားကြည့်ပါလား၊ နင့်အစ်မတွေလို ယောက္ခမအိမ်မှာ အခိုင်းအစေ တစ်ယောက်လို နေသွားတော့မလို့လား။ နင် ငါ့ကို ထားခဲ့ရင်တော့ ငါ သေမှာပဲ။ နင် မယုံဘူးလား ထုဘူ၊ ငါ့ရင်ဘတ်ကို နင် စမ်းကြည့် စမ်း၊ မီးခဲတွေလို ပူနေပြီ တွေ့လား ထုဘူ"

ထုဘူ လက်ကလေးတွေကို ဆွဲယူကာ ရင်ဘတ်ပေါ် တင်လိုက်သည်။ အေးစက်တုန်ယင်နေသော ထုဘူ၏ လက်ချောင်းဖူးဖူးကလေး များက ဇော်ဂမ့် ရင်ဘတ်ပေါ်မှာ တရွရွ။ ထုဘူ ငိုရုံကလွဲလျှင် ဘာမှ မသိ။

"နင် ဘာဖြစ်လို့ ငိုတာလဲ၊ ငါ့အတွက် မျက်ရည်ကျတာလား ထုဘူ ဟင်"

"နင့်အတွက် မဟုတ်လို့ ဘယ်သူ့အတွက် ဖြစ်မလဲ၊ နင် ဖွတ်လုပ် ရင်တော့ ငါတို့ ဒုက္ခရောက်မှာ သေချာတယ်"

"ထုဘူကလည်း ဟာ၊ ဘာဒုက္ခလဲ၊ ဘာလို့ ဒုက္ခရောက်ရမှာလဲ"

"သည်မှာလေ အနူးက ငါ့ကို သန္တာပုတီး ဆွဲပေးလိုက်ပြီ"

"ဟာ"

ထုဘူ လည်တိုင်က သန္တာပုတီးကို သူ မတွေ့ခဲ့။ သူ့စိတ်ဇောတွေ က ထုဘူအပေါ်မှာ ရောက်နေတာ မဟုတ်လား။ သန္တာပုတီးကို မြင် လိုက်ရတော့ ဇော်ဂမ် ထိတ်လန့် တုန်လှုပ်သွားသည်။ သူသည် ထုဘူ ကို နားချအပြီး မြစ်ကြီးနားက သူ ဝယ်လာသော ရိုးရာ သန္တာပုတီးကုံး ကလေး ဆွဲပေးလိုက်ဖို့ စိတ်ကူးတွေ တဝမ်းချောင်းထဲ ပစ်ချလိုက်ရမလို

ဖြစ်သွားခဲ့ပြီ။

'ထုဘူရယ်၊ သည်ပုတီးကို ပြန်အပ်ပြီး ငါ့ပုတီးကို ဆွဲပါ။ နင့်မိဘတွေကိုရော၊ ငါတို့ ရိုးရာနတ်တွေကိုရော၊ အိုဟာ တစ်လောကလုံး ကျေနပ်အောင် ငါ တောင်းပန်ရမှာပေါ့။ ငါ့ ရှိသမျှ ခွန်အားတွေ၊ နှလုံးသွေးတွေ အကုန်သွန်အန်ပြီး လျော်ကြေးပေးပါ့မယ်၊ ဟောသည် ဟူးကောင်းလွင်ပြင်ကြီးကို ငါ ထပ်ပြီး သက်သေထူပါရစေ၊ နင့်ကို ငါ ချစ်တယ် ထုဘူ၊ နင် ငါ့နောက်လိုက်ခဲ့ပါနော်"

ဇော်ဂမ် မျက်ဝန်းမှာ ရစ်သီလာသော မျက်ရည်စတွေကို ထုဘူ မမြင်သော်လည်း အင်ပင်ညိုကြီးထက်မှ ရွှေဝါရောင် ဝမဒိုင်ပန် (သစ်ခွ) ပွင့်ကလေးတွေကတော့ မြင်ဟန်တူပါသည်။ တစ်မနက်ခင်းလုံး သောက်စို့ထားကြသော နှင်းရည်ဥကလေးများကို ဇော်ဂမ် ပါးပြင်ပေါ် တစ်ပေါက်ချင်း ခြွေချကြလေသည်။

"ငါ မေးတာကို ဖြေစမ်း ထုဘူ၊ နင် ငါ့ကို ချစ်သလား"

"ချစ်တယ်ရော"

"ဒါဆို ပြီးပြီပေါ့ဟာ၊ ညကျရင် နင့်ကို ငါ လာခိုးလှည့်မယ်၊ နင် မငြင်းပါနဲ့တော့၊ နင့်ရဲ့ ရိုးသားတဲ့၊ ကလေးဆန်တဲ့ နှလုံးသားကို ငါ ခွင့်လွှတ်ပြီးသားပါ။ နင်ဟာ ချစ်ခြင်းမေတ္တာကိုတောင် ခွဲခွဲခြားခြား နားမလည်တတ်သေးတဲ့ တကယ့်ကလေးလေးပဲ ထုဘူ၊ ကဲ ပါဟာ၊ လုဂျာနဲ့ ငါ တိုင်ပင်လိုက်ပါဦးမယ်၊ နင်နဲ့ ငါ အတူနေကြမယ်နော်၊ ညကျရင် နင့်လည်မှာ ဆွဲထားတဲ့ သန္တာပုတီးကုံးကို ချွတ်ထားခဲ့ပါ။ သည်ပုတီးနဲ့ မျှတတဲ့ ပေးဆပ်မှု မှန်သမျှ ငါ အကုန်အစင် ပေးဆပ်သွားပါ့မယ်နော် ထုဘူ၊ ဟောသည်မှာ ကြည့်၊ နင့်ကို ဆွဲပေးဖို့ ငါ ဝယ်လာခဲ့တဲ့ သန္တာပုတီးလေ၊ မင်္ဂလာကိုင်းပင် ဖြတ်ပြီးတာနဲ့ နင့်လည်မှာ ငါ ဆွဲပေးမယ့် ပုတီးပဲ ထုဘူ၊ သိတယ်နော်"

ထုဘူကတော့ ကြည်စင်ဝိုင်းစက်သော မျက်လုံးမည်းကလေးဖြင့် ဇော်ဂမ်ကို မော့ကြည့်သည်။ ဇော်ဂမ်သည် သူမနှင့် ချစ်ခဲ့ကြသော ချစ်သူ တွေဖြစ်ကြောင်း ထုဘူ နှလုံးသားဖြင့် ခံစားတတ်သွားခဲ့ပြီလား မသိ။ မျက်နှာကလေး ကြည်စင်လာကာ "လုဂျာနဲ့ ပြောကြည့်လေ" လို့သာ ရှက်စနိုး ဆိုလေသည်။ ထုဘူ၏အစ်မ လုဂျာကတော့ ညီအစ်မ ငါး ယောက်ထဲတွင် ရုပ်ရည်မရှိရှာသူမို့ ချစ်သူရည်းစားရယ်လို့ပင် မရှိ။ လုဂျာ၏ ပင်ကိုကလည်း ရိုးသားဖြူစင်သူဖြစ်သည်။

"ထုဘူရယ်၊ နင့်လိုသာ ငါ့ကို ဇော်ဂမ်က ချစ်ကြည့်၊ ငါကတော့ ခိုးရာ လိုက်ပြေးမှာပဲ" လို့တောင် လုဂျာက ရယ်ရယ်မောမော ပြောခဲ့ဖူး သတဲ့။ အချိန်ကလေး မြင့်လာလေ နှင်းတွေက ပိန်းပိတ်အောင် ကျလာ လေ။ အေးမြသော နှင်းရည်နှင်းစက်တွေက ဇော်ဂမ်ရင်က အပူကို ငြိမ်းနိုင်ပါ့မလား။

## (၄)

ဟူးကောင်းည၏ အမှောင်ထု ပိန်းပိန်းသည် လွင်ပြင်ကြီး တစ်ခုလုံး ဆီသို့ စောစီးစွာ ကျရောက်လာခဲ့သည်။ မြူထုနှင့် နှင်းငွေ့များသည် မိုးတွေ ရွာချနေသလို အိမ်တံစက်မြိတ်စွန်းတွေဆီမှ တပေါက်ပေါက် ကျနေသည်။ အိမ်ခေါင်မိုး တောင်စွန်ဖက်တွေပေါ် ဖောက်ခနဲ ဖောက် ခနဲ စဉ်ကျလာသော နှင်းမိုးကြွေသံကို နားစွင့်ရင်း ဇော်ဂမ် ရင်တွေ ခုန်နေသည်။ သူသည် ည မိန်းမခိုးမည့် ကိစ္စကို ဝါးဒီကိုပင် အသိမပေး ခဲ့ပါ။ ဝါးဒီသိလျှင် ကန့်ကွက်မှာ စိုး၍ပဲဖြစ်သည်။ လုဂျာနှင့် တိုင်ပင် ကာ ရွာမြောက်ပိုင်းက 'လဖိုင်လ' တို့အိမ်မှ စောင့်ရင်း ထုဘူနှင့် လုဂျာ ကို သူ မျှော်နေခြင်းပင်။ လဖိုင်လကတော့ သတ္တိကောင်းသူပီပီ ဇော်ဂမ် မိန်းမခိုးပြေးခြင်း ကိစ္စအတွက် အစစ သူ တာဝန်ယူမည်ဆို၏။ ထုဘူ

၏ မိဘများကို တောင်းပန်ဖို့၊ ဂျာဖဂါပစ္စည်းကိုလည်း ဇော်ဂမ်က လဖိုင်လကို ပေးထားခဲ့ပြီးပြီ။

ညအမှောင်ထဲတွင် တစ်ချက် တစ်ချက် ထိုးဟောင်လိုက်သော ခွေးဟောင်သံ ကြားတိုင်း ခြံပေါက်ဝဆီ ဇော်ဂမ် ခေါင်းပြူကြည့်ရသည်မှာ အမောသား။ လဖိုင်လက လွဲလျှင် တစ်အိမ်သားလုံး အိပ်မောကျနေကြပြီ။ လဖိုင်လကတော့ ဆတ်သားခြောက်မြှောင်းကြီးတွေကို မီးလင်းဖိုထဲ ထည့်ဖုတ်ကာ ငရုတ်ဆုံထဲ ထည့်ထောင်းသည်။ ပြီးတော့ ဆီရွှဲရွဲဆမ်းကာ ခေါင်ရည်တွေ ဝါးကျည်တောက်ဖြင့် ယူလာခဲ့သည်။ ဝါးဆစ်ခွက် မည်းမည်းကြီး နှစ်ခွက်တွင် ခေါင်ရည်ငှဲ့ကာ ဇော်ဂမ်ကို တစ်ခွက်လှမ်းပေးသည်။

“သောက်စမ်း ကောင်လေး၊ သည်လို ညမှာ ခပ်ကြမ်းကြမ်း သောက်ပစ်လိုက်ရတယ်။ ငါ့တုန်းကလည်း လဖိုင်ဂျန်းကို သည်လို ခိုးပြေးတာပဲ။ မကြုံဖူးတော့ ကြောက်လွန်းလို့ တုန်နေတာရော၊ ခေါင်ရည်တွေ ဝမ်းနဲ့အပြည့် သောက်လိုက်မှ အကြောက်က ပြေတာ။ ပူထူသွားအောင် ချစမ်း ငါ့ကောင်”

လဖိုင်လ ငှဲ့ပေးသော ခေါင်ရည် ဝါးဆစ်ခွက်ကို ယူ၍ တရကြမ်း မော့သောက်ပစ်လိုက်သည်။ သူ့တစ်ကိုယ်လုံး မီးကျီးခဲ ပူပူထဲ ခုန်ဆင်းလိုက်ရသလို ပူထူသွားလိုက်ပုံများ ခေါင်းကိုပင် ခါယမ်းပစ်ရသည်အထိ။ သည်လောက်ပြင်းသည့် ခေါင်ရည် သူ မသောက်ဖူးပါလား။

ခေါင်ရည်တန်ခိုးကြောင့်လား၊ တစ်နေကုန် ကောက်ရိတ်ခဲ့ရတာကြောင့်လား မသိ။ လဖိုင်လတစ်ယောက် မီးလင်းဖိုဘေးမှာပင် မူးမူးနှင့် ကွေးကွေးကလေး အိပ်ပျော်သွားခဲ့ပြီ။ ဇော်ဂမ်ကတော့ မီးလင်းဖိုနှင့် အိမ်ရှေ့ကပြင် ကူးရင်း ဆောင်းညရှည်ကြီးကို ကုန်ဆုံးခဲ့ရသည်။ ထုဘူ ပေါ်မလာပါ။ အရှေ့ကောင်းကင်က အလင်းမျှင်တန်း ခပ်ပါးပါး

က နှင်းထုတွေကြား တစ်စတစ်စ အန်ကျလာသော်လည်း နှင်းမိုးတို့က ဖွဲနေဆဲ။ တောင်ယာ အလုပ်သွားကြသူများဆီက စကားသံတွေ လဖိုင်လ၏ တဲကလေးကို ရိုက်ခတ်သွားကြပြီ။ လဖိုင်လ၏ ဇနီး လဖိုင်ဂျန်းသည်ပင် မီးဖိုထဲမှာ ထမင်းထုပ်တွေ ပေါင်းပြီးသွားပြီ။ သူ့ယောကျ်ားကို နှိုးပြီး တောင်ယာသွားဖို့ ပြင်ကြသည်။ မီးလင်းဖိုမှ မီးကျီးခဲတို့ပင် လျှင် မီးကျသွားခဲ့ကြပြီ။ ရေနွေးအိုး မည်းမည်း နှုတ်သီးဝက ရေနွေးငွေ့တွေ တရှုးရှုး ထွက်နေသည်။

"ဝေး ကောင်လေး၊ တို့တောင်ယာ သွားတော့မယ်၊ နင် မပြန်သေးဘူးလား"

လဖိုင်လ၏ စကားကို ဇော်ဂမ် ရှက်သွားမိသည်။ လဖိုင်လသည် သူ့ကို နှင်နေခြင်း မဟုတ်။ အခြေအနေမှန်ကို သူ သိစေခြင်းငှာ သတိပေးလိုက်ခြင်းပဲ ဖြစ်သည်။ ဇော်ဂမ် အိမ်ကို ပြန်ရောက်တော့ ဝါးဒီတစ်ယောက် လိမ္မော်ခြံထဲမှာ လိမ္မော်သီးတွေ ခူးနေသည်။ သည်ကနေ့တော့ အရင်နေ့တွေကလောက် လိမ္မော်သီးတွေ ပေါပေါလောလော မရ။ ဝါးဒီ ခူးလာသည့် လိမ္မော်မှာ ခြင်းတောင်းနှစ်တောင်းပင် မပြည့်တတ်သေး။

"ဇော်ဂမ် ညက နင် ဘယ်သွားနေတာလဲ၊ ထမင်းပေါင်းပြီးသွားပြီ၊ သွားစားချည်၊ ငါ ကော့မိုင်တို့ရွာကို လိမ္မော် သွားပို့လိုက်ဦးမယ်"

ဝါးဒီသည် လိမ္မော်တောင်းများကို ပခုံးနှစ်ဖက်တွင် ထမ်း၍ နှစ်မိုင်လောက်ဝေးသော ကော့မိုင်တို့ ရွာဘက် ထွက်သွားသည်။ ဝါးဒီကို လှမ်းကြည့်ရင်း ဇော်ဂမ် နားလည်လိုက်ပါပြီ။ သည်လိမ္မော် ရောင်းရငွေက ဇော်ဂမ်တို့ တူဝရီးအတွက် အိမ်စရိတ်ပဲ ဖြစ်သည်။ ခါတိုင်းနှစ်ဆိုလျှင် လိမ္မော် ရောင်းရငွေဖြင့် ဇော်ဂမ်အိမ်အတွက် ဝယ်လာနေကျ။ အခုတော့ လိမ္မော်ဖိုးတွေက ထုဘူအတွက် သန္တာပုတီးကုံး ဖြစ်သွားခဲ့ပြီ မဟုတ်လား။

လက်ကျန် မရော် မရီ စိမ်းဖန့်ဖန့် လိမ္မော်သီးတွေကို မော့ကြည့်ရင်း ဇော်ဂမ် ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားသည်။ အကျီအိတ်ထောင်ထဲတွင် ရှိနေဆဲဖြစ်သော သန္တာပုတီးကုံးကလေးကို ဇော်ဂမ် ထုတ်ယူလိုက်သည်။ သည်သန္တာပုတီးကလေးက တစ်ချိန်လုံး သူ့ ရင်နှင့်မကွာ ရှိနေခဲ့သည် မဟုတ်လား။ အခုတော့ ဇော်ဂမ် ရင်နှင့် ခွာယူလိုက်နိုင်ခဲ့ပြီ။

"ထုဘူရယ် ငါလည်း သစ္စာကြီးတဲ့ ချစ်သူဆိုပေမယ့် တစ်ကြိမ် တစ်ခါပဲ တောင်းပန်နိုင်တော့မှာပေါ့ကွာ"

## (၅)

မဂျီတာပန်းတွေ တစ်တောလုံး တစ်တောင်လုံး ဝေဆာနေသော ရာသီဖြစ်သည်။ ထုဘူနှင့် ဝေးရာကို ဇော်ဂမ် ရောက်နေခဲ့သည်မှာ တစ်နှစ် တင်းတင်း ပြည့်ခဲ့ပြီးပြီ။ ပြီးခဲ့သည့် လိမ္မော်ချိန်တုန်းက ရွာကိုပြန်ဖို့ စိတ်ရောက်သော်လည်း ဇော်ဂမ် မပြန်ဖြစ်ခဲ့ပါ။ ရွာကို ရှက်သလိုလို ရှိတာရော၊ ထုဘူကို ရင်မဆိုင်ချင်တာရော၊ ဇော်ဂမ့် နှလုံးသား အနာ မကျက်သရွေ့ ရွာမပြန်မိဖို့ ဆုံးဖြတ်ထားသည်။ အခုတော့ သူ့ဦးကြီး ဝါးဒီတစ်ယောက် နာမကျန်းဖြစ်နေသဖြင့် ရွာကိုပြန်ခဲ့ဖို့ လူကြုံနှင့် လှမ်း မှာလေတော့ မဖြစ်မနေ ရွာကိုပြန်ရတော့မည်။

ထုဘူကို ခိုးပြေးဖို့ သူ ချိန်းသည့် ညက ရွာမှာ နောက်ဆုံး သူ အိပ်စက်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်နေ့ မနက် မလင်းခင် နှင်းတသည်း သည်းကြားမှာပဲ ဝါးဒီ မသိအောင် ရွှေမော် လုပ်ကွက်တွေရှိရာ ရွာတွေ ဘက် သူ ထွက်ခဲ့သည်။ တနိုင်းကို ရောက်ကာမှ ရွာလူကြုံနှင့် ဝါးဒီကို အကျိုးအကြောင်း လှမ်းအကြောင်းကြားခဲ့ခြင်း ဖြစ်၏။ ဝါးဒီကလည်း ဇော်ဂမ့်ကို ခွင့်လွှတ်မှာ သေချာပါသည်။ သူငယ်ငယ်က ရွာမှာ နေရတာ ပျင်းလို့ ပူတာအိုက နူးဘောက်ဆီ သွားခဲ့တုန်းကလည်း သည်လိုပါပဲ။

ဝါးဒီ မသိအောင် ခိုးထွက်ပြေးခဲ့ခြင်းပင်။ ပူတာအို ရောက်မှ လူကြုံနှင့် လှမ်းပြောရသည်။ နူးဘောက် မရှိတော့လို့ ရွာကို သူ ပြန်လာခဲ့တော့လည်း ဝါးဒီက ကွမ်းတွေမြုံ့ရင်း ကြည်ကြည်ဖြူဖြူပဲ လက်ခံခဲ့သည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုတည်း ဇော်ဂမ် ဘဝကို ဝါးဒီ နားလည်ပြီးသား။ ဝါးဒီက အရာရာကို ခွင့်လွှတ်တတ်သူ ဖြစ်သည်။

"ငိုင်ဖဲ့မရာရှော့ ယာရစ်ယော"

(ကျွန်တော့်ကို ခွင့်လွှတ်ပါ)

"မရာရှော့ ယာအင်ငိုင်"

(ခွင့်လွှတ်ပါတယ်ကွာ။)

ခွင့်လွှတ်စကားကို ဆိုရင်း ရင်ခွင်ထဲ တိုးဝင်လာသည့် ဇော်ဂမ် ခေါင်းကို ပွတ်ကာ သပ်ကာ ဝါးဒီက ချော့မော့နေခဲ့သေးသည်ကော။ သည်တစ်ခါမှာကော သူ့ကို ဝါးဒီ ခွင့်လွှတ်ပါ့မလား။

ရွာအပြန်လမ်းက ဇော်ဂမ်အတွက် သိပ်မထူးခြားလှပါ။ တစ်ရွာလုံး တိတ်ဆိတ် ငြိမ်သက်လို့။ ကောက်သစ်စားပွဲလည်း ပြီးပြီ။ အခုအချိန်မှာ တောထဲ တောင်ထဲ တောင်ယာတွေ မီးရှို့နေကြလောက်ပြီ။ ခြံထဲကို သူ ဝင်လိုက်တော့ လိမ္မော်ပင်တွေက အသီး မကျန်တော့။ အသီးမဲ့ ရိုးတံတွေချည်း ငေါင်းစင်းစင်း ဖြစ်နေသော လိမ္မော်ပင် မည်းမည်းတွေကို ဝါးဒီ မပြုပြင်နိုင်ဘူး ထင်ပါရဲ့။ ဝါးဒီ အိပ်ရာထဲ လဲနေရှာသလား။ ဝါးဒီကိုတော့ သူက ကျန်းမာစေချင်သေးသည်။

"ဝါးဒီ"

ဝါးဒီကား သူ ထင်သလို မဟုတ်ပါ။ အိမ်ရှေ့ကပြင်တွင် ထိုင်၍ ဝါးတွေ ချွန်နေသည်။ ဇော်ဂမ်ကို မြင်တော့ ဝါးဒီ ထုံးစံအတိုင်း ကွမ်းတွေမြုံ့ရင်း ပြုံးပြသည်။

"ကောင်လေး၊ နင် ရွာကိုပြန်လာသားပဲ"

ဝါးဒီစကားကြောင့် ဇော်ဂမ် ရင်ထဲမကောင်း ဖြစ်သွားမိသည်။ ရွာကို ဘာလို့ သူ မပြန်လာရမှာလဲ။ သူ မွေးဖွားရာ ရွာကလေးကို သူချစ်သည်။ ပြီးတော့ တောင်ယာတောနှင့် လိမ္မော်ခင်းတွေကို ရက်ရက်စက်စက် ပစ်ခွာသွားရက်သူ မဟုတ်။ သည်လို တွေးမိတော့လည်း ဇော်ဂမ် ရင်တွေ လှုပ်ရှားသွားရပြန်သည်။ ထုဘူကို သူ သတိရလိုက်မိသည်ကော။

"ဝါးဒီ နေမကောင်းဘူးဆို"

"အေး အခု ကောင်းသွားပါပြီ။ မင်းကို မှာရတာ မိန်းမ ပေးစားမလို့"

"ဟာ ဝါးဒီကလည်း၊ ကျုပ်"

"ဘယ်သူနဲ့ ထင်သလဲကွ ဟေ"

ဇော်ဂမ်က အထုပ်ကို ကြမ်းပြင်ပေါ် ပစ်ချရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိသည်။

"ကျုပ် မိန်းမ မလိုချင်သေးဘူး"

"ထုဘူ မင်းကို စောင့်နေတယ်လေ၊ ထုဘူကို မင်း မယူဘူးလား"

"ထုဘူ ဟုတ်လား ဝါးဒီ။ ကျုပ်ကို မချစ်တဲ့ မိန်းမ၊ ကျုပ် မယူဘူး"

"မင်းကို မချစ်ဘူးလို့ ထုဘူက ပြောဖူးသလားဟ ကောင်လေးရ"

ကွမ်းယာတွေကို ဖိဝါးရင်း ပြုံးဖြဲဖြဲကြီး လုပ်နေသော ဝါးဒီကို ကြည့်ရင်း ဇော်ဂမ် နားမလည်နိုင် ဖြစ်ရသည်။ ဒါနှင့် ပတ်သက်လို့တော့ ဝါးဒီ သူ့ကို မစတန်ရာ။ ထုဘူ တစ်ရွာသားနောက် ပါသွားပြီ မဟုတ်လား။

"ကောင်လေး၊ ထုဘူက မင်းကို မေတ္တာရှိပါတယ်။ ထုဘူ မိဘတွေကလည်း မင်းနဲ့ပေးစားဖို့ လက်ခံပါတယ်၊ ဒါတွေက တို့များအားလုံး တိုင်ပင်ပြီး လုပ်ကြတာ"

ဝါးဒီကို ဇော်ဂမ်က တအံ့တသြ မော့ကြည့်လိုက်မိသည်။ ဝါးဒီ ဘာကြောင့် သည်လို လုပ်ရတာလဲ။ ဇော်ဂမ် ဘာမှ နားမလည်နိုင်တော့ပါ။

"တို့ ကချင်လူမျိုးတွေဟာ တစ်အိုးတစ်အိမ် ထူထောင်တဲ့အခါ သိပ်ကို သစ္စာကြီးကြသလို လွယ်လွယ်နဲ့ အပျက်မခံကြဘူး၊ သိပ်ပြီး တန်ဖိုးထားကြတဲ့ လူမျိုး၊ အိမ်ထောင်ခိုင်မြဲဖို့ရာအတွက် ယောကျ်ားဆိုတာ အစွမ်းအစ ရှိရမယ်။ တာဝန်ယူနိုင်ရမယ်။ စိတ်ထားတည်ကြည်ရမယ်။ တောင်ယာခင်းဆင်းပြီး လိမ္မော်ခူးတာလောက်နဲ့ မဖြစ်ဘူးကွ။ ပြီးတော့ ရွာရိုးကိုးပေါက် လျှောက်သွားနေချင်လို့လည်း မဖြစ်ဘူး ဇော်ဂမ်။ ဝါးဒီ ပြောမယ်။ မိန်းကလေးတစ်ယောက်ကို ဆွဲပေးမယ့် သန္တာပုတီး တစ်ကုံးရဲ့ တကယ့်တန်ဖိုးဟာ အိမ်ထောင်တစ်ခု ထာဝရ တည်မြဲအောင် လုပ်နိုင်တာမှ တန်ဖိုးကွ။ လွယ်လွယ်နှင့် မဖြစ်ဘူးရယ်။ ဒါတွေ မင်းကိုယ်တိုင် နားလည်ရမယ်၊ အခုတော့ မင်း သိပြီပေါ့ ဟုတ်လား"

ဝါးဒီ စကားမဆုံးခင်မှာပင် ဇော်ဂမ် အိမ်ပေါ်ခုန်တက်ပြီး သူ့အခန်းနံရံမှာ နာနာကြည်းကြည်း ချိတ်ဆွဲထားခဲ့သည့် သန္တာပုတီးကလေးကို တယုတယ ဖြုတ်ယူလိုက်သည်။ ပြီးတော့ ဝါးဒီကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ခြံထဲက ပြေးထွက်ခဲ့သည်။ နှင်းရည်သောက် 'ခလော့ပန်' ပန်းပွင့်ကလေး ဘယ်နေရာမှာ ရှိနေမလဲဆိုတာ သူ ကောင်းကောင်း သိပြီးသား မဟုတ်လား။

(ဥတ္တရလမင်းအဖွဲ့၏ကျေးဇူးဖြင့် ရောက်ခဲ့ရသော မြစ်ကြီးနား တနိုင်း ၂၀၀၃ ခုနှစ် စာပေဟောပြောပွဲ အမှတ်တရ)

ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၅။

■

## မြောက်ဖျားက ဆောင်းရာသီ

▶ စံယယ်မြူနု

တစ်နေ့တာလုံး နေရောင်ခြည် ကောင်းစွာရရှိလေသော အခန်းလေးတွင် ကျွန်မ နေပါသည်။ အခန်းသည် အစဉ်လိုပင် နွေးထွေးနေတတ်၏။ နွေအခါတွင် ပူပြင်းကာ ဆောင်းတွင်တော့ ပြင်ပက အေးမြခြင်းကိုပင် မသိတတ်နိုင်အောင် ခပ်နွေးနွေးပင် ရှိသည်။

ညနေခင်းရုံးက ပြန်ရောက်ချိန်၌ဖြစ်စေ၊ ညဉ့်နက်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် နံနက်ခင်းအိပ်ရာက နိုးထလျှင်ဖြစ်စေ ကျွန်မသည် ဆောင်း၏ အငွေ့အသက်ကို နည်းနည်းမျှပင် မခံစားရပါ။ အေးမြလှသော ဒေသတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သလို ဆောင်းသိပ်မပီပြင်သည့် မြို့၏အတွင်းပိုင်းလိုနေရာတွင် နေရတာကြောင့်လားမသိ။ ရန်ကုန် ဆောင်းသည် ကျွန်မကို မပြုစားနိုင်ချေ။

သိပ်အေးတာပဲဟု ပြောတတ်သော မိတ်ဆွေများကို ရယ်ပွဲဖွဲ့လျှင် သူတို့၏ မျက်စောင်းများနှင့် ရင်ဆိုင်ရလေ့ရှိပါသည်။

“အေးလေ နင်ကတော့ ဘယ်အေးပါ့မလဲ” ဟု အနွေးထည်အလှကို ရာသီဥတု နည်းနည်းအေးသည်နှင့် ထုတ်ဝတ်ချင်သော သူငယ်ချင်း

က ပြောတတ်သည်။

သည်လိုဆိုလျှင်တော့ "ငါတို့ဆီမှာလေ" ဟု အစချီကာ မြောက်ဖျားက ဆောင်းရာသီ အေးမြပုံအကြောင်း ကျွန်မ စိတ်လိုလက်ရ ပြောပြချင်လာပါသည်။ ပြောပြချင်နေသည့်အချိန်နှင့် တိုက်ဆိုင်လာလျှင်တော့ စကားစလာသူမှာ ကျွန်မ ပြောသမျှ နားထောင်ပေတော့။

"တို့ဆီမှာ အေးတာက မီးတောင် လှုံရတာကိုး။ ညညဆို ခြံထဲမှာ မီးဖိုကြီးမှ အကြီးကြီးပဲ ဖိုတာ။ ထင်းတုံးတွေ ဆိုင်ပြီး ညမိုးချုပ်ရင် မီးဖို တော့တာပဲ။ မီးလှုံရင်း ခေါပုတ်လေးကင်စားရတဲ့ အရသာများ ဘာနဲ့မှ မလဲနိုင်ဘူး"

သူတစ်ပါးကို အားကျစေလိုစိတ်နှင့် ပြောမိသော ကျွန်မမှာ နောက်ဆုံးတော့လည်း ကိုယ်တိုင်ပင် ပြန်လွမ်းရပါတော့သည်။ သူငယ်ချင်းက တစ်ခဏမျှသာ သည်အကြောင်းများ စိတ်ဝင်စားဖော်ရပြီး တစ်ဖန် အာရုံပြောင်းချိန်တွင်တော့ ကျွန်မတစ်ယောက်သာ အလွမ်းများ တစ်ပွေ့တစ်ပိုက်နှင့် ကျန်ရတတ်သည်။

ဇာတိမြေ ကချင်ပြည်နယ်က ဆောင်းရာသီကို လွမ်းတသော ကျွန်မသည် တကယ့်တကယ်တော့ ထိုမြေက ဆောင်းနှင့် ဝေးခဲ့သည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ အလုပ်ခွင်ဝင်ပါပြီဆိုကတည်းက သင်္ကြန်ပိတ်ရက်သာ အိမ်ပြန်ဖြစ်လေရာ ဆောင်းကို မကြုံရပြီ။ သင်္ကြန်ကာလတွင် နံနက်ခင်းအစောပိုင်းများ၌ အေးမြမြ အထိအတွေ့ကို ခံစားရသေးသည်။ ကျေနပ်ရပါသေးသည်။ သို့သော် ကျွန်မ လွမ်းတသော ဆောင်းကိုတော့ မမီပြီ။

"အေးနေပြီလားဟင်" ဟု အိမ်နှင့် ဖုန်းပြောရတိုင်း ကျွန်မ သတိတရ မေးတတ်ကာ စိတ်ကူး၌လည်း အိမ်သို့ အပြေးပြန်တတ်ပါသည်။ စိတ်ကူးနှင့်ပင် ဆောင်းကို မြင်သည်။ မီးဖိုမှာ မီးလှုံရသည်။ ခေါပုတ်ကင်

နံ့ပင် တသင်းသင်းရသည် ထင်မှတ်လာ၏။ စိတ်နှင့်လူ တစ်ဖန်ကပ်သော် ရန်ကုန်မြေ၌ ခြေမြဲမြဲလျက်။ အာရုံတိမ်းပွေချိန်တိုင်းတော့ စိတ်က တိမ်စိုင်လို မျောလွင့်မြဲ။

ကျွန်မတို့ ငယ်ရွယ်စဉ်ကတော့ ဆောင်းကို ကျောင်းတက်ရက် နံနက်ခင်းများနှင့် တွဲလျက် မှတ်မိစရာ ဖြစ်ရပါသည်။ ထိုစဉ်က ကျွန်မသည် မြို့တွင် ကျောင်းတက်စဉ် အဘွားအိမ်၌ နေထိုင်ရသည်။ အဘွားသည် အခြားသော အချိန်များ၌ ချစ်ဖွယ်ကောင်းတတ်သော်လည်း နံနက်ခင်း အလင်းရောက်သည်နှင့် အိပ်ရာက အတင်းနိူးတတ်တာ တစ်ခုကိုတော့ ကျွန်မ မကြိုက်ခဲ့ပါပေ။

ဆောင်းက အေးလှသည်မို့ ဂွမ်းစောင်ပုံထဲက ထွက်ဖို့ဆိုသည်မှာ စိန်ခေါ်မှုသဖွယ်တည်း။ ဂွမ်းစောင်ထူအိအိကြီးများထဲ ပုစွန်တုပ်များလို ကွေးကွေးလေး အိပ်စက်ရသည်မှာ ဘယ်လောက်ဇိမ်ရှိပါသနည်း။ သည်လိုသာ မထတမ်း အိပ်ချင်သည်ဟု ငယ်စဉ်က အကြိမ်ကြိမ် တွေးဖူးသည်။ ကျောင်းမတက်ရလည်း ကောင်းသားပဲ။ သို့သော်လည်း အချိန်တန်လျှင်တော့ အဘွားသည် စောင်များကို ဆွဲခွာကာ အိပ်ရာက နိူးတတ်သည်။

"ထတော့ ဒီကလေးဟာ နေမြင့်တဲ့အထိ အိပ်ချင်တယ်။ ကျောင်းသွားရမယ့်ဟာ စာလေးဘာလေးလည်း ကျက်ဦး၊ ထ၊ ထ"

အဘွားသည် သည်မျှသာ ဆော်ဩနိုင်ကာ ဈေးသို့ ဆွဲခြင်းလေး ဆွဲပြီး ထွက်သည်။ အသက်ကြီးသော်ငြား နံနက်တိုင်း ဈေးသွားမြဲ။ ဟင်းလျာစီမံမြဲ။

ခြံဝင်းထဲမှ အဘွားထွက်သွားသည်ကို သေချာအောင် ချောင်းကြည့်ပြီးသော် စောင်ပုံထဲ တစ်ကျော့ပြန် ခွေပါသည်။ အပြင်တွင် အေးလှသည် မဟုတ်လား။ ကြမ်းပြင်ကလည်း အေးစက်နေသည်။

လေကလည်း အေးစက်နေသည်။ သည့်ထက် ရေအေးအေးနှင့် မျက်နှာသစ်ရမည်ဆိုသည်ကို အထိတ်လန့်ဆုံးတည်း။ ရေချိုးဖို့ဆိုသည်မှာတော့ အိပ်မက်ပင် မက်ကောင်းသည်မဟုတ်။

အိပ်ရာနွေးနွေးကို ဘယ်သို့ပင် ခင်တွယ်သော်လည်း အဘွားပြန်မလာမီတော့ အပြေးထရသည်။ မျက်နှာသစ်၊ သနပ်ခါးလိမ်းကာ အဝတ်အစားလဲထားရသည်။ ပြန်လာလို့မှ အိပ်ရာထဲ တွေ့နေသေးလျှင်တော့ အဘွား၏ပါးစပ်ကို ကြောက်ရမည်မဟုတ်လား။

သို့နှင့် အချိန်တန်လျှင် နံနက်စာစား လွယ်အိတ်ကလေးလွယ်ကာ ပတ်ဝန်းကျင်မှ အိမ်နီးနားချင်း အစ်ကို၊ အစ်မတစ်သိုက်နှင့် ကျောင်းသွားပါတော့သည်။ ကျောင်းမှာ ဆယ့်ငါးမိနစ်မျှလျှောက်လျှင် ရောက်သည်။ ကျောင်းသို့ သွားရာလမ်းကတော့ ဆောင်းနံနက်ခင်းများ၌ အထူးလှသည်။ အထူးလှသည်ဟုသာ ကျွန်မ ထင်ပါသည်။

လမ်းသည် ကွေ့ကောက်ကာ ကျောင်းဘက်သို့ ဦးတည်သွားသည်။ သည်လမ်းပေါ်၌ ကျွန်မတို့လိုပင် ကလေးသိုက်တို့သည် ဟိုတစ်စု သည်တစ်စုဖြင့် ခြေလျင်သွားနေကြသည်။ နှင်းမကွဲသေး။ အဖြူအစိမ်း တူညီဝတ်စုံတို့သည် နှင်းမကွဲသေးသော မြူဆိုင်းသည့် ငွေဖြူ ဝန်းကျင်က သစ်ပင်တို့၏ အစိမ်းတို့ရောသော သဘာဝအလှနှင့် အတော်ပင် လိုက်ဖက်သည်ကို သတိရသည်။

ကျွန်မတို့သည် ဆောင်းနံနက်ခင်းစောစောများတွင် ကိုယ့်ရှေ့ဝန်းကျင် မလှမ်းမကမ်းမျှသာ မြင်ကြရပါသည်။ အဝေးကို လှမ်းကြည့်သော် မသဲကွဲ။ မြူနှင်းများ ဆိုင်းဆဲ။ လေမှာ အေးစိမ့်၍နေသည်။ အနွေးဦးထုပ်ဆောင်းထား၍ ခေါင်းမစို။ မျက်နှာကတော့ ရေငွေ့ရိုက်စပြုကာ အေးစက်နေတတ်သည်။ မျက်တောင်ဖျား၌ နှင်းငွေ့များ ခိုတွဲနေတတ်သည်ကိုတော့ ကျွန်မ အလွန်သဘောကျပါသည်။ မျက်တောင်

ကိုပင် ခဏခဏ ခတ်တတ်သေးသည်။ ရေစက်ပေါက်ကလေးများ မျက်နှာပေါ်ကျသည်ကိုလည်း နှစ်သက်တတ်သေးသည်။

စာသင်ခန်းထဲရောက်စဥ္ လက်ချောင်းကလေးများ ကျဥ်ခဲနေသလို စာရေးရန် ခက်လှသည်။ ဘောလ်ပင်၊ ခဲတံတို့ကို မကိုင်တွယ်နိုင်။ လက်ချောင်းများ အချင်းချင်း ဆုပ်နယ်လိုက်၊ ပါးစပ်က လေနှင့် နွေးထွေးစေလိုက်ပြုကာ စာရေးဖို့ ကြိုးစားရသည်။ အတန်ကြာလျှင်တော့ အသားကျပေပြီ။ သည်သို့သာ ကျောင်းသူဘဝ၏ ဆောင်းနံနက်ခင်းများစွာကို အစီအစဥ်တကျ ဖြတ်ကျော်ခဲ့ရသည်။

ငယ်စဥ်က ကျွန်မတွင် အနွေးအင်္ကျီအလှများ မရှိပါ။ ကတ္တီပါပြောင်နီညိုရောင်တစ်ထည်၊ ဆွယ်တာ မီးခိုးရောင်တစ်ထည်ပဲ ရှိခဲ့သည်လား မသိ။ သို့သော် မြို့စွန်၌ တည်ရှိသော ကျွန်မတို့ကျောင်းတွင် မျက်နှာငယ်စရာ စိုးစဥ်းမျှ ရှာမတွေ့။ ဘဝတူတွေ ရှိသားပဲ။ တတ်နိုင်သည့် သူက အနွေးအင်္ကျီအလှများ ဝတ်ထားသော် အားကျငေးမောမည်။ သို့သော် မိဘကို ပူဆာရန်ကား တစ်ကြိမ်မှ စိတ်ကူးမရှိခဲ့စဖူး။ မပြည့်စုံလှသော ငယ်ဘဝတွင် ကျွန်မသည် ဆောင်းရာသီကိုတော့ မုန်းစိတ်မဝင်။

နံနက်ခင်းစောစော၌ ချမ်းရအေးရသည့်ကြားထဲ ကျောင်းသွားရန် ထရခြင်းတစ်ခုကိုတော့ ကျွန်မ ငြီးငွေ့ချင်သည်။ ကျွန်မက အအိပ်မက်သူ။ အိပ်ရာစောစော ထရသည့် ဆောင်းနံနက်ခင်းများကို မကြိုက်လှသော်လည်း ဆောင်းနေဝင်ပြီးနောက် လေအေးများ ကြီးစိုးလာသည့် နေစောင်းချိန်များကိုတော့ ကျွန်မ အလွန် နှစ်သက်ပါသည်။

ဦးလေးသည် မှောင်စပျိုးသည်နှင့် ခြံထဲမှာ မီးဖိုပါတော့သည်။ မီးဖိုနေကျနေရာမှာပင် လောင်ကျွမ်းပြီးသား ထင်းတုံးဟောင်းကို မီးပြန်မွှေးသည်။ သစ်ကိုင်းခြောက် နည်းနည်း ထပ်ထည့်သည်။ မီးညွန့်

ကလေး တက်လာလျှင် လှုံနိုင်ပေပြီ။

ခြံချင်းနီးသော ဝမ်းကွဲအစ်မနှင့်ကျွန်မသည် အဘွားအိမ်ပေါ်တွင် အိမ်စာအတူလုပ်ပြီးသော် မီးဖိုနားသို့ အပြေးကပ်ကြတော့သည်။ အိမ်သည် ထရံကာမို့ လေက တိုးဝင်လျက်ရှိရာ အေးလှသည် မဟုတ်လား။

ကျွန်မတို့သည် မီးဖိုအနီး ဝိုင်းထိုင်နေကြသည့် လူကြီးများအကြား တိုးဝှေ့ထိုင်ကြသည်။ ခြေ၊ လက်တို့ကို ပူနွေးအောင် မီးလှုံကြသည်။ မီးဖိုဘေးတွင် ခေါပုတ် သို့မဟုတ် ပေါင်းတင်းကျည် (ကောက်ညှင်းကျည်တောက်) စသည်ဖြင့် လူကြီးများက တစ်ခုခုကင်နေ၊ နွေးနေသည်ကို ငေးမျှော်ကာ စောင့်ကာ စားကြသည်။ အဘွားပြောပြတတ်သည့် ရှေးစကားများကို မျက်လုံးကလေး အဝိုင်းသားနှင့် နားထောင်တတ်ကြသည်။ အိပ်ချိန်တန်လျှင်တော့ ဂွမ်းစောင်ပုံများကြားထဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ရခြင်းကို ဘယ်တော့မှ မမေ့။

ဆောင်းရာသီ၌ပင် ကြုံရသော ကျောင်းပိတ်ရက်ရှည်များတွင်တော့ ရွာသို့ပြန်လျှင် ကျွန်မ နှစ်သက်သော ဟင်းလျာများအတွက် အသီးအရွက် အညွန့်အဖူးတို့ စုံလင်ပေပြီ။ မုန်ညင်းဖူးနုနုများရမည်။ ပဲရွက်နုများရမည်။ ပဲသီးနုများရမည်။ အားလုံးသည် စိမ်းစိမ်းစိုစို လတ်လတ် ဆတ်ဆတ်။ အချို့ကိုတော့ ခြံထဲတွင်ပင် ရနိုင်သည်။ အမေကိုယ်တိုင် စိုက်ပျိုးထားပေသည်။

အမေသည် ကျွန်မ အလွန်နှစ်သက်သော မုန်ညင်းစော (မုန်ညင်းချဉ်ရည်ဟင်း) ကို ချက်ကျွေးတတ်သည်။ ဟင်းလော်ပေါင်းလုပ်ကျွေးတတ်သည်။ မုန်ညင်းပေါင်း လုပ်ကျွေးတတ်သည်။ ငါးပေါင်း လုပ်ကျွေးတတ်သည်။

ရွာက အိမ်ကလေးသည် ချောင်းနံဘေးတွင် တည်ရှိလေရာ ဆောင်းရာသီနံနက်စောစောများ၌ ရေပြင်ကို မြူနှင်းများအကြား မသဲ

မကွဲ မြင်ရသည့် မြင်ကွင်းကိုလည်း ကျွန်မ သတိရနေသည်။ အမေ လုပ်ပေးတတ်သော နံနက်စာထမင်းကြော်၊ ကော်ဖီပူပူတို့ကိုလည်း ဆောင်းနံနက်ခင်းများနှင့် တွဲဖက်ကာ မှတ်မိနေဆဲပင်။

ရွာတွင်တော့ ကောက်နှံတို့လည်း ပေါ်ပြီဖြစ်ရာ ခေါပုတ် လှိုင် လှိုင် ထောင်းကြဆဲ။

တစ်အိမ်အိမ်က ခေါပုတ်ထောင်းလျှင် နီးစပ်ရာက အမျိုးသမီး များ ဝိုင်းကူကြသည်။ မောင်းတံပေါ် ခြေသုံးဖက်၊ လေးဖက်မျှ အချက် ညီညီ နင်းကြသည်။ မောင်းဆုံနားတွင် နေသူက ကျည်ပွေ့တွင် ကပ် နေသည့် ထောင်းလက်စ ကောက်ညှင်းစေးပျစ်ပျစ်ကို ခွာလိုက် ဆုံထဲ တစ်ဖန်ထည့်လိုက် ကျင်လည်စွာ လုပ်ပေးရသည်။ ဘက်လှည့်ပေးရ သည်။ သည်မြင်ကွင်းကို ပြန်တွေးတိုင်း ကျွန်မသည် မောင်းဆုံရှေ့ စောင့်တတ်သည့် ကြီးကြီး၏ လက်ယဉ်ပုံ၊ ကျွမ်းကျင်ပုံကို မမေ့။

မောင်းထောင်းနေသည့်အနီးတစ်ဝိုက် ကျွန်မတို့ ကလေးတစ် သိုက်က ကျင်လည်သော် ကြီးကြီးသည် ထောင်းလက်စထဲက အဆုပ် ဆုပ် ခွဲကာ လှမ်းပေးတတ်သည်။ မီးဖိုအနီးသို့ အပြေးသွားကာ သီတံ ထိပ်တပ်လျက် ကင်စားရသည့်အရသာမှာ အမေကင်ပေးတတ်သည့် ခေါပုတ်ထက်ပင် စားကောင်းသလို ထင်တတ်ခဲ့သည်။ ခေါပုတ်များကို ဝိုင်းကူကြသူများကိုလည်း ပေးရသည်။ အိမ်နီးနားချင်းများထံ ပို့ရသည်။ ဆွေမျိုးများကိုလည်း ခွဲပေးသေးသည်။

မိမိအိမ်က တစ်ကြိမ်တစ်ခါ ထောင်းလျှင် အများကို ပေးဝေသလို ပတ်ဝန်းကျင်က ထောင်းလျှင်လည်း အိမ်ကို အပို့ရောက်သည်သာ။ သည်တော့ အိမ်တွင် ခေါပုတ်မပြတ်။ စားစရာလည်း မပြတ်။ ကျောင်း ပိတ်ရက်လွန်၍ မြို့သို့ ပြန်သော် စားစရာများ သယ်ကာ ပြန်ရသည်။ မြို့တွင်တော့ ကျွန်မ ကျောင်းတက်ခက်သည့် ချမ်းချမ်းစီးစီး နံနက်များ

က စောင့်ကြိုမြဲ။ သို့သော်လည်း မီးဖိုနံဘေး နွေးထွေးနေပျော်သော ညကာလများလည်း ရှိသေးသည်မို့ ဆောင်းကို ကြာရှည် စိတ်မကုန်ပြန်ချေ။

ငယ်ရွယ်စဉ်နှင့် ဆယ်ကျော်သက်ရွယ်တုန်းကပဲ ဘဝကို ပျော်စရာဟု ပိုမြင်တတ်ခဲ့လေသလားမသိ။ ပြန်စဉ်းစားလျှင် အရာရာသည် လွမ်းစဖွယ်တည်း။ တစ်နှစ်တော့ ဆောင်းရာသီပြန်ဖြစ်အောင် ပြန်ပါမည်ဟု ယခုတိုင် တွေးဆဲ။ ပြီးခဲ့သည့်တစ်ရက်က အမေနှင့် ဖုန်းပြောရသော် ဆောင်းရာသီတွင် ကျွန်မ တစ်ကြိမ်မှ မပြန်ဖြစ်တော့သည်ကို အမေက သတိတရ ပြောလိုပြန်သည်။

"တစ်ခါတော့ ဆောင်းတွင်း ပြန်လာဦးလေ။ စားစရာ ပေါတယ်ကော။ သမီး ပြန်လာတဲ့ နွေရာသီဟာ လုပ်ကျွေးချင်ရင်တောင် ဘာမှ သိပ်မစုံတော့ဘူး။ ခါပုတ်လည်း အဲဒီအချိန်လောက်ဆို ကုန်ပြီ"

အမေ့စကားသံသည် ဖုန်းချပြီးသော်လည်း နား၌ စွဲမြဲဆဲပင်။ သို့သော် အမေ့သမီးမှာတော့ ဆောင်းရာသီ အိမ်ပြန်ရေးဆိုသည်မှာ စေ့စေ့တွေးရန်မလိုဘဲ ထင်းထင်းပေါ်မြဲ အဖြေရှိပြီးသားပင်။ အသွားအပြန် လေးရက်မျှကြာသော ရွာကလေးသို့ ဘယ်မှာလျှင် ပိတ်ရက်ရှည်မရဘဲ ပြန်နိုင်ပါမည်နည်း။ ကြာတော့လည်း အလွမ်းနှင့် အသားကျကာ မလွမ်းရတော့ဘူး ဆိုလျှင်ပင် မနေတတ်တော့ဘူး ထင်လာသည်။ လွမ်းရတာကိုပင် စည်းစိမ်တစ်မျိုးလို ထင်မှတ်ကာ လွမ်းတတ်လာသည်။

ခုတစ်လောတော့ မြောက်ဖျားပိုင်းကို ပိုလွမ်းရသည်။ ရာသီဥတု အေးနေမည်ဆိုသည်ကို တွေးမိလျှင် တိုး၍ လွမ်းရသည်။ သည်တစ်ကြိမ် လွမ်းရသည်ကတော့ အစားအသောက်များကိုလည်း မဟုတ်။ ဆောင်းအလှကိုလည်း မဟုတ်။ မိသားစုကိုလည်း မဟုတ်။ နွေးထွေးလုံခြုံရာတွင် ရှိနေမည့် ကျွန်မ၏မိသားစုကို စိတ်အေးရသော်လည်း မတတ်နိုင်

လက်မှိုင်ချကာ အိမ်အပြန်လမ်း မေးမျှော်နေရသူများကိုတော့ လွမ်းရပါပေသည်။

"အနွေးထည်လည်း မလောက်ဘူး။ တို့ဆီမှာ ဒီလောက် အေးတာနင်သိတဲ့အတိုင်း၊ အိမ်ထဲမှာတောင် ဒီလောက် အေးတာ။ ငါလည်းဘာလုပ်ပေးရမှန်း မသိတော့ဘူး"

တစ်နယ်တည်း၊ တစ်ခရိုင်တည်း ကြီးပြင်းခဲ့ကြသော်လည်းရန်ကုန်တွင်မှ ကြုံကြဲဖန်ဖန် တွေ့ကြုံခင်မင်ရသော အစ်မသည် တစ်ရက်၌ ခရီးမစမီ ကျွန်မကို တိုင်တည်သည်။ မကြာခင် သူ ခရီးစမည်။ ကျွန်မတို့၏ ဇာတိမြောက်ဖျားဆီ။ သူသည် အခါများစွာကလို အိမ်ကိုအလည်ပြန်သည် မဟုတ်။ ဒုက္ခသည်စခန်းများ၌ ရှိနေဆဲ သူများထံစေတနာရှင်များဆီက ရတတ်သမျှ အကူအညီများ သယ်ပိုး၍ သွားရန်ပြင်ခြင်း။

ကျွန်မက သူ့ကို တိတ်တဆိတ် ပူပင်ဆဲ။ သူကတော့ သူ့ကိုယ်သူထက် အိမ်မပြန်နိုင်သေးသည့် ကလေးများ၊ မိခင်များ၊ အဘိုးအဘွားများအတွက် ပူပင်နေသည်။ ကျွန်မတွင်တော့ အပူသည် ရံဖန်ရံခါ များပြားသည့် ဘဝတာဝန်များကြား ပေါ်လိုက်ပျောက်လိုက်ပင်။

တစ်ခါတလေတော့ ရွာကို မိသားစုကို အလွန်အမင်း ပူပန်နေတတ်သည်။ အပြေးသွားချင်သည်။ မိတ်ဆွေများရှေ့ မျက်ရည်ကျမိသည့် အချိန်လည်း ရှိခဲ့သည်။ သို့သော်လည်း မိဘများအသံကို ဖုန်းထဲက ကြားရုံနှင့် သက်ပြင်းချကာ စိတ်အေးတတ်သည့် အချိန်မျိုးလည်းရှိပြန်သည်။

တကယ်တော့ သေနတ်သံ၊ ဗုံးသံများသည် ကျွန်မတို့နှင့် စိမ်းသည် မဟုတ်။ နှစ်အတော်ကြာ ကြားဖူးနားဝရှိခဲ့သည်။ ထို့နောက်တစ်ဖန် ငြိမ်းအေးသွားပြန်သည်။ ဆယ်စုနှစ်ကို ကျော်လွန်ငြိမ်းချမ်းဆဲ

လွန်ခဲ့သော နှစ်နှစ်ကျော်ကတော့ မိုးစက်များနှင့်အတူ ကျွန်မတို့ မြေဩ မငြိမ်းချမ်းခြင်းသည် တစ်ကျော့ပြန် နိုးထခဲ့ပြီ။

ဇွန်၊ ဇူလိုင်လတို့သည် ကျွန်မအတွက် ခက်ခဲစွာ ဖြတ်ကျော်ရ သည့်ကာလများ။ အဲသည်အချိန်က မိသားစုကို ပူပင်စိတ်နှင့် တစ်ဖက် တွင် မြို့ပြကို စွန့်ခွာရန် ခက်ခဲနေဆဲအနေအထားများအကြား ကျွန်မ ပြိုလဲမတတ်ဖြစ်ခဲ့ရသည်။ သို့သော် ရွာကလေးသည် ကာလရှည်ကြာ ဘေးကင်းဆဲ။ သည်တော့ မိသားစုထံက ပူပင်စိတ်သည် အိမ်ကို စွန့်ခွာ ပြေးလွှားရသူတို့ထံ ကူးပြောင်းပေသည်။

အဲသည်နှစ်ကလည်း အစ်မသည် နယ်ပြန်ခဲ့သေးသည်။ သူ အပြန်တွင် ဓာတ်ပုံများစွာ ပါလာသည်။ ကျွန်မသည် ထိုဓာတ်ပုံများကို ကြည့်ကာ သူ့ရှေ့တွင်ပင် မျက်ရည်ကျရသည်။

အဝတ်အထည်နွမ်းနွမ်းလေးများနှင့် ကလေးတို့သည် ကင်မရာ ကို အပြစ်ကင်းစင်သော မျက်လုံးကလေးများနှင့် ငေးနေတတ်ကြသည်။ ငိုနေသော ကလေးလေးကိုလည်း တွေ့ရသည်။ ပဲပြုတ်တစ်ခွက်နှင့် ထမင်းစားနေကြသော ကလေးတို့ကို မြင်သည်။ ဒုက္ခသည်စခန်းက ကြမ်းပြင်ပေါ် စာကုန်းရေးနေကြသည့် ကလေးတို့ကို ရင်နာစဖွယ် တွေ့ရ သည်။ စခန်းတို့သည် အမိုးအကာ လုံလုံခြုံခြုံလည်း မဟုတ်။ ဓာတ်ပုံ တို့ကို တွေ့ရသော အချိန်သည်လည်း ဆောင်းကာလသာဖြစ်သည်။ သူတို့ ဘယ်လောက်များ အေးနေကြမလဲ။

ကျွန်မ မျက်ရည်တွေတွေ ကျနေသည်ကို အစ်မက ငေးနေသည်။

"ငို၊ ငို၊ ငိုချင်သလောက်သာ ငိုပေတော့။ ငါ့မှာတော့ ငိုစရာ မျက်ရည်တောင် မရှိတော့ဘူးဟ။ ငိုလည်း မငိုနိုင်တော့ဘူး။ ငါ မြင်ရတဲ့ မြင်ကွင်းတွေ နင် အပြင်မှာ မြင်ရရင် နင်လည်း ငါ့လိုပဲ မျက်ရည်ကျန် တော့မှာ မဟုတ်ဘူး"

သူ လှမ်းပေးသည့် စာအုပ်ကလေးတစ်အုပ်ကို ကိုင်ထားသော ကျွန်မလက်များကလည်း တုန်ယင်ချင်နေသည်။ မညီမညာ ရေးထားသော လက်ရေးလေးများကို မျက်ရည်များအကြားက ဝိုးတဝါး မြင်ရသည်။ "သမီး အိမ်ပြန်ချင်တယ်"၊ "စစ်ပြီးရင် သား ကျောင်းပြန်နေမယ်၊ စာလည်းကြိုးစားမယ်"၊ "ကျွန်တော် အသားဟင်းစားချင်ပါသည်"။

အဲသည်တစ်ညနေက အားရအောင် ငိုချလိုက်ပြီး နောက်ရက်များတွင်တော့ အကြိမ်ကြိမ် မျက်ရည်ဝဲရသေးသော်လည်း ထိုတစ်ညနေက လောက် ရှိုက်ကြီးတငင် မငိုတတ်တော့ပါပြီ။

ခုလို အေးမြသည့်ကာလရောက်တော့ ထိုညနေကို သတိရသည်။ တွေ့မြင်ဖူးသော ပုံကလေးများကို သတိရသည်။ သူတို့သည် ဆောင်းရာသီ နှစ်နှစ်ဆက်တိုက် လုံခြုံနွေးထွေးသော နေအိမ်များနှင့် အဝေးမှာ ရှင်သန်ခဲ့ကြပြီးပြီ။ ခုလည်း ဆောင်းက တစ်ကျော့ဆိုက်ရောက်လာပြန်ပြီ။ အခက်အခဲများကို ရင်ဆိုင်ဖို့ရန် စိတ်နှလုံးခက်မာခြင်း၊ မျက်ရည်ကြားက ရယ်တတ်ပြုံးတတ်သော နှုတ်ခမ်းများ ရှိကြခြင်းအတွက်တော့ လောကကို ကျေးဇူးတင်ပါသည်။

"နောက်နှစ်နွေ ကျွန်မပြန်ရင် စခန်းမှာ သွားနေဦးမယ်" ဟု ရန်ကုန်တွင် နှုတ်ဆက်ရသည့်ညနေက အစ်မကို ပြောခဲ့မိသည်။

"နင်ကလည်း အဲဒီလို မပြောစမ်းပါနဲ့ဟယ်။ တော်ပြီ၊ နွေမရောက်ဘူး၊ စစ်ပြီးပြီလို့ပြော၊ အားလုံးအိမ်ပြန်ပြီလို့ ပြော။ ဒီဆောင်းတွင်း တစ်ခုပဲ တော်ပြီ"

စကားပြော ပြတ်တောင်းသော၊ သို့သော် စိတ်နှလုံး ရိုးစင်းနူးညံ့ကာ ကြင်နာတတ်သော အစ်မကို ခုတစ်လော သတိရနေသည်။ သူသည် မြောက်ဖျားမှာ။ အလွန်အေးသော ကျွန်မတို့ ဇာတိမြောက်ဖျားမှာ။ သူ ပြန်မလာသေးသည့်အတွက် ကျွန်မသည် သတင်းစကားများ အထူး

တလည် သိရသည်မရှိပါ။

သည်ကြားထဲ သံလွင်ခက်နှင့် ချိုးဖြူတစ်ကောင် လက်တစ်ကမ်းကိုပင် ရောက်လာတော့မလိုလို သတင်းများ ထွက်ပေါ်လာလျှင်တော့ ဝမ်းသာစပြုလာပြန်သည်။ ဒါနှင့်ပင် မျှော်လင့်ချက်ထားလိုသည်။ အလင်းတစ်စ မြင်ရသလို ဆုပ်ကိုင်ချင်သည်။ ထိုအလင်း မကွယ်ပျောက်ပါစေနှင့်။ မကြာမကြာ ပေါ်လိုက် ပျောက်လိုက် ဖြစ်ရသလို ထပ်၍မကွယ်ပျောက်ပါစေနှင့်။

ပြီးခဲ့သည့် တစ်ရက်ကတော့ ကျွန်မသည် အမေနှင့် ဖုန်းပြောစဉ် "အခု အေးနေပြီ မဟုတ်လား" ဟု အဆန်းလုပ် မေးဖြစ်ပါသည်။

"အေးတာပဲ၊ ညဘက်တော့ တော်တော် အေးတာ" ဟု အမေက ဖြေရိုးဖြေစဉ် ဖြေသည်။

ကျွန်မ၏စိတ်အလျဉ်ကတော့ မြောက်ဖျားပိုင်းဆီ အပြေးရောက်သွားသည်။ တောင်တန်းများကို ဖြတ်သည်။ တောအုပ်များကို ကျော်သည်။ သစ်ပင်ငယ်အစုစုကို ဖြတ်သည်။ တဲတန်းရှည်များအနီးတွင် ရပ်သည်။ ဖြူစင်သော မျက်လုံးလေးများစွာကို မြင်သည်။ သည်အခိုက် လေကြမ်းက စိတ်ကူး၌ပင် သုတ်ခနဲ နှင်လာသည်။

သူတို့ အေးနေရှာရော့မည်။

မျက်ရှု Online Magazine ၊ ဇန်နဝါရီ၊ ၂၀၁၃
ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄။

■


မနောမြေနှင့် အနီးတစ်ဝိုက်


ကော်တီဆွေ

## တံငါရွာက ပန်းလှေ

▸ ကြည်အောင်

တံငါ့ငယ်ပေါင်း၊ လှေအိုဟောင်းမှာ
စပ်ကြောင်းအက်ကွဲ၊ သစ်ရောင်မွဲလို့
ထင်းခွဲဆိုက်သင့်၊ ဖြစ်သဖြင့်လဲ
ကြာလင့်နှစ်ပေါင်း၊ အဖော်ကောင်းမို့
မြေလောင်းထည့်ထား၊ ပန်းမျိုးပွားကာ
တဲနားရွေ့ပြင်၊ ပန်းခုံစင်။

တံငါလှေအို
ငါးစိုမတင်၊ ပိုက်မဆင်တော့
ညိုမြင်မှန်တိုင်း
ရေလှိုင်းယက်ပန်း၊ မကူးသန်းတော့။
ပင်ပန်းဒဏ်ကျေ၊ ကုစားနေသို့
ပန်းလှေကြီးဖြစ်၊ ပွင့်သစ်ရွက်ဆင်
မြေပြင်ရပ်နား၊ မရွေ့ရှား။

ငါးညှီနံ့လှိမ်း
ငါးစိမ်းသယ်တင်၊ ဟိုယခင်ပေါ့။
ခုတွင်ပုံထူး၊ ပန်းကုန်ကူးလို့
လှေဦးပဲ့စင်၊ ရန့်တင်ကာ
ရွာဝင်လမ်းထဲ၊ ပန်းနံ့ကြဲ။ ။

**၁၊ စက်တင်ဘာ၊ ၁၉၆၇။**

(ဗန်းမော်ရွှေလီအနီးက ရွာလေးတွင် ပန်းရောင်ရင်း ရေးဖွဲ့ခဲ့သည်။)

ရှုမဝ၊ ဇွန်၊ ၇၈။

■

## လွမ်းမိုးဆင်

▸ ကြည်အောင်

တ နွေညိုး
တမိုးသစ်။

မြလိပ်ဖြေ
ခွေပရစ်။

တမိုးပြောင်း
တဆောင်းသစ်။

မြရွက်ခြုံ
ငွေမှုန်နှစ်။

တဆောင်းသေ
တနွေသစ်။

မြရွက်ကျန်
ရွှေပြန်ဖြစ်။

တနှစ်ပြောင်း
ဟောင်းတရစ်။

မိုးကာရန်
စောင်းသံသစ်။

ငယ်ကကျွမ်း
လွမ်းမျှော်ရစ်။

ရင်လှိုင်းဆင်
ကြင်သူချစ်။

တနွေညိုး
တမိုးသစ်။

အောင်ပွဲဆီ
ချီတဲ့ခေတ်။ ။

၁၉၇၀၊ မေ ၇
ပေဖူးလွှာ၊ ခွန်၊ ၈၄။

■

မဇနှာဇမြနှင့် အနီးတစ်ဝိုက်

KLS0130
MMK 2,500.00